


စိတ်ကူးချိုချိုအနုပညာ

>speak

# စကားမှတ်စု

## အောင်မြင်လိုသူတို့အတွက် လက်စွဲစကားများ

စိုးမြင့်လတ်
စုစည်းသည်။



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

# စကားမှတ်စု

## အောင်မြင်လိုသူတို့အတွက်

## လက်စွဲစကားများ

စိုးမြင့်လတ်

စုစည်းသည်။

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ

ပထမအကြိမ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၆၇၄၀၆၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၉၁၃၀၉၀၈ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို m.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ၁၆၄လမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်တာ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ လတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

**ကဗျာဆရာ**

**မောင်စိန်ဝင်း (ပုတီးကုန်း)**

"ကဗျာဆရာဟာ အမှန်တရားကို ပြောရဲရမယ်။ သူ့နှလုံးသားက တိုက်ရိုက်လာတဲ့ အမှန်စကားကို သူပြောရပါမယ်။ လူတိုင်းဟာ အမှန်တရားကို ချစ်မြတ်နိုးကြပါတယ်။ ကဗျာဆရာဟာ ရိုးသားမှု၊ မှန်ကန်မှုများနဲ့ ပြည့်ဝနေတဲ့စကားလုံးတွေနဲ့ ပြည်သူရဲ့နှလုံးသားကို ထိတွေ့အောင်ဖန်ဆင်းနိုင်သူဖြစ်ပါတယ်။ ကဗျာဆရာဟာ ပြည်သူတွေခံစားနေရတဲ့အချစ်တွေ၊ အမုန်းတွေ၊ ပျော်ရွှင်ကြည်နူးမှုတွေ၊ ကြေကွဲဝမ်းနည်းမှုတွေကို သူ့နှလုံးသားမှာ မျှဝေခံစားရင်း ပြည်သူတွေနဲ့အတူ ရပ်တည်နေရမယ့်သူဖြစ်ပါတယ်။ ပြည်သူတွေဆီကရတဲ့ သတ္တိတရားတွေနဲ့ ပြည်သူတွေရဲ့ယုံကြည်မှုကို ရယူနိုင်သူဖြစ်ပါတယ်။

♥ *ဝင်းငြိမ်း။မောင်စိန်ဝင်း(ပုတီးကုန်း) နှင့်တွေ့ဆုံခြင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ စက်တင်ဘာ၊၁၉၈၆။*

## ကဗျာဆန်ခြင်းနှင့် ကဗျာမှုပြုခြင်း

### တတ္တသိုလ်ဘုန်းနိုင်

"ကဗျာဆန်တယ်ဆိုတာ လှပတဲ့စကားလုံးလေးတွေကို ပုလဲတစ်လုံး၊ ရွှဲတစ်လုံးစီပြီး သီချင်းအဖြစ်နဲ့ ဆိုလိုက်တယ်။ အသက်မပါဘူး။ ကဗျာမှုပြုတယ်ဆိုတာက စကားလုံးတွေက လှရုံတင်မဟုတ်ဘူး၊ အဲဒီစကားလုံးတွေကို သွားနုတ်လို့မရဘူး၊ အပိုတိုးလို့လည်း မရဘူး၊ သူတို့သာလျှင် ဒီဟာကို ပြောနိုင်တယ်။ တခြားစကားလုံးတွေက မပြောနိုင်ဘူး။"

♥ ဝင်းငြိမ်း၊

*တတ္တသိုလ်ဘုန်းနိုင်နှင့်တွေ့ဆုံခြင်း၊*

*ပေဖူးလွှာ မဂ္ဂဇင်း၊ ဇွန်–ဇူလိုင်၊ ၁၉၈၅။*

## ကဗျာနဲ့ကဗျာဆရာ

ဝိုင်စိုးဝေ

"ကဗျာဆိုတာ ဘာလဲ။ ကဗျာဆရာဆိုတာ ဘာလဲ ဆိုတဲ့ မေးခွန်းတွေကို ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး မေးခွန်းထုတ်ဖို့ အသိရှိလာတဲ့ကာလပေါ့။ တိကျတဲ့ အဖြေကို မပေးနိုင်သည့်တိုင်၊ သတိရှိရှိနဲ့ ကဗျာဆရာဘဝကို လျှောက်လှမ်းဖို့ နားလည်ခဲ့တယ်။ လက်ဖက်ရည်ဆိုင်အထိုင်များရဲ့နဲ့ တစ်ဘဝလုံး လွဲချော်သွားနိုင်တယ်လို့ ယုံကြည်ခဲ့တယ်။ ကဗျာတစ်ပုဒ်ကို ဘယ်လိုရေးဖွဲ့ရမယ်ဆိုတာ သိဖို့လိုအပ်သလို၊ ကဗျာဆရာတစ်ယောက် ဘယ်လိုလမ်းလျှောက်ရမယ်ဆိုတာကိုလည်း သိဖို့လိုအပ်ကြောင်း နားလည်ခဲ့တယ်။ ခေတ်ပြိုင်ဘဝ၊ ခေတ်ပြိုင်အကြောင်းအရာတွေကို ခေတ်ပြိုင်ပုံသဏ္ဌာန်နဲ့ ရေးဖွဲ့ဖို့ယုံကြည်ခဲ့တယ်"

♥ *ဝိုင်စိုးဝေ၊ ကာလ၊ မြူတီမဂ္ဂဇင်း၊ မတ်၊ ၂၀၀၀ ပြည့်နှစ်။*

# ကဗျာနဲ့စိန်

မင်းသုဝဏ်

"ကဗျာဆိုတာ အရည်အသွေးကောင်းတဲ့စိန်ကို မီးရောင်ထိလို့ တဖျတ်ဖျတ်လက်နေသလိုပဲလို့ ပြောတာလေ။ အရောင်စုံထွက်လာလိမ့်မယ်။ အရောင်အမျိုးမျိုးထွက်လာလိမ့်မယ်။ ကဗျာကလည်း ကဗျာကောင်းဆိုရင် အတွေးအမျိုးမျိုးကို ရှုထောင့်အမျိုးမျိုးက တွေးပြီး ခံစားနိုင်တာပေါ့။ ကဗျာဆိုတာ ပိုးတိုးဝါးတား မြင်ရမှလှတာ။ ရှင်းရှင်းလင်းလင်းမြင်နေရရင် ကဗျာအလှပျက်တယ်ကွ"

♥ မောင်စိန်ဝင်း(ပုတီးကုန်း)။

'ဆရာဇော်ဂျီသို့အမှတ်တရ' စာစုများ၊ ရန်ကုန်၊ အားမာန်သစ်စာပေ။ ဇူလိုင်၊ ၁၉၉၄။

## ကလောင်သမား၏ တာဝန်

### ဂျာနယ်ကျော်ဦးချစ်မောင် (၁၉၁၃–၁၉၄၅)

"လွတ်လပ်ရေးကို လိုချင်ရင်၊ နယ်ချဲ့အင်္ဂလိပ်ကို တိုက်ရမယ်။ နိုင်ငံရေးသမားတွေက လူထုနည်းနဲ့ အနုအကြမ်း နှစ်မျိုးသုံးပြီး တိုက်ကြတယ်။ ကျွန်တော်တို့ သတင်းစာဆရာ၊ ကလောင်သမားတွေက မနိုးကြားသေးတဲ့ ကိုယ့်လူမျိုးကို နိုးကြားအောင်၊ နိုးကြားလာရင်လည်း စည်လုံးညီညွတ်လာအောင်၊ စည်းလုံးညီညွတ်လာရင်လည်း အင်္ဂလိပ်ကို တိုက်ချင်လာအောင်၊ တိုက်ချင်လာရင်လည်း နည်းမှန်လမ်းမှန်နဲ့ တိုက်တတ်လာအောင် လှုံ့ဆော်ရေးသားပေးကြရမယ်"

♥ *ဂျာနယ်ကျော်တင့်ဆွေ။ ကလောင်စစ်သား၊ ရန်ကုန်၊ စာပေဗိမာန်။*

**ကာရန်မပါတဲ့ကဗျာ**
**ဒဂုန်တာရာ**

"ကာရန်မပါရင်တော့ ကဗျာလို့ ဘယ်လိုလုပ် ခေါ်နိုင်ပါ့မလဲ။ ကျွန်တော်တော့ ယနေ့ထိ ကာရန်မပါတဲ့ ကဗျာမျိုးကို မကြိုက်မိသေးပါ။ ကြိုက်မိရင်လည်း လိုက်ရေးဖို့အဆင်သင့်ပါပဲ။ ကျွန်တော့်အဖို့ ယနေ့အထိ လေးလုံးစပ်လက်ာဟာ ခံစားမှုကို အလွတ်လပ်ဆုံးရေးလို့ရတဲ့ ကဗျာပုံသဏ္ဌာန်ပဲ ဖြစ်နေပါသေးတယ်"

♥ *ဒဂုန်တာရာ။*

*၄ လုံးသားရဲ့ လျှို့ဝှက်အစီရင်ခံစာ၊*
*ရှုမဝမဂ္ဂဇင်း၊ဖေဖော်ဝါရီ၊ ၁၉၇၁။*

## ကာရန်မဲ့

**ဇော်ဂျီ(၁၉၀၇-၁၉၉၀)**

"ဟုတ်တယ်။ ကာရန်မဲ့ဆိုတာ ကဗျာမှာမရှိဘူး။ ကာရန်လွတ်လပ်တာပဲရှိတယ်။ အသံပါတယ်။ ရစ်သမ်ပါတယ်။ ကာရန်နဲ့ ရစ်သမ် တစ်ခုခုမပါရင် ကဗျာမဟုတ်ဘူး။ FREE VERSE ကို ကာရန်မဲ့လို့ တလွဲဘာသာပြန်နေကြတာပဲ။ အမှန်က ကာရန်မဲ့တာမဟုတ်ဘူး။ ကာရန်ကို လွတ်လွတ်လပ်လပ် ယူနိုင်တာဘဲ။ FREE ကို မဲ့ နဲ့ လွတ်လပ် အဓိပ္ပာယ်မှားပြီး ဒီမှာယူဆနေကြတာ။"

♥ *မောင်စိန်ဝင်း(ပုတီးကုန်း)။*
**'ဆရာဇော်ဂျီသို့အမှတ်တရ'**
*ဇော်ဂျီအမှတ်တရစာစုများ၊*
*ရန်ကုန်၊ အားမာန်သစ်စာပေ၊ ဇူလိုင်၊၁၉၉၄။*

## ကုန်ကြမ်းညံ့ရင် ကုန်ချောညံ့မယ်
**ဒေါက်တာသန်းထွန်း**

"ညံ့တဲ့လူနဲ့အနေကြာတော့ ကိုယ့်ပါညံ့။ စာရေးဆရာမဟုတ်ပါ။ ကွက်စိပ်ဆရာမဟုတ်ပါ။ စင်ပေါ်တက်ချင်စိတ်လည်းမရှိ။ မျိုးဆက်သစ် မွေးရာမှာလည်း မအောင်မြင်။ အမှတ်နည်းတဲ့ ကျောင်းသားတွေ သမိုင်းဘာသာယူကြတယ်။ ဒါကြောင့် သမိုင်းပညာရှင် မွေးထုတ်ဖို့မလွယ်ဘူး။ ကုန်ကြမ်းညံ့ရင် ကုန်ချောညံ့မှာပဲ"

♥ *ဦးသန်းထွန်း၊ ပါမောက္ခ(ငြိမ်း)*
*ပညာရေးတက္ကသိုလ်၊*
***သမိုင်းပညာရှင်ဆရာကြီး***
***ဒေါက်တာသန်းထွန်း၊***
*အင်တာနေရှင်နယ်ဘာသာပြန်မဂ္ဂဇင်း၊*
*မတ်၊ ၂၀၀၀ ပြည့်နှစ်။*

## ကမ္ဘာကြီးငြိမ်းချမ်းစေချင်တဲ့ဆန္ဒ

**သခင်ကိုယ်တော်မှိုင်း (၁၈၇၆–၁၉၆၄)**

"ချိုးတို့၊ ခါတို့၊ ဆက်ရက်တို့ဆိုတဲ့ ကျေးငှက်ကလေးများတောင် သူ့အသိုက်နဲ့သူ အေးချမ်းစွာနေချင်ကြတယ်။ အခြားတိရစ္ဆာန်များက ကျူးကျော်တာကို မခံချင်ကြဘူး။ လူသားတွေမှာ ဘယ်မှာ ပြောစရာရှိပါ့မလဲ။ နယ်ချဲ့ခြင်းကို ဆရာတို့က မကြိုက်ဘူး.......
ငြိမ်းချမ်းရေးဆိုတာ လူတိုင်း ကြိုက်ရမယ်ကွ၊ အားလုံးပါဝင်နိုင်ရမယ်။. . . ဆရာ့စေတနာက အားလုံးကောင်းဖို့၊ အေးချမ်းဖို့လုပ်နေတာ။ ကမ္ဘာကြီးငြိမ်းချမ်းစေချင်တဲ့ဆန္ဒအမြဲရှိတယ်။ တစ်ပါတီ၊ တစ်ဖွဲ့ကောင်းစားဖို့၊ ဘယ်သူတွေ ဝန်ကြီးဖြစ်ဖို့လုပ်နေတာ မဟုတ်ဘူး"

♥ *ဒဂုန်တာရာ၊ ရုပ်ပုံလွှာ၊*
*ပုဂံစာအုပ်တိုက်(၃–ကြိမ်)၊ ၁၉၆၃။*

## ကမ္ဘာ့ငြိမ်းချမ်းရေးတွက် အခြေ
**ဒေါက်တာစိုးအောင်**

"No man is an Island လူသည် ကျွန်းမဟုတ်ဆို တာ ဖတ်ဖူးတယ်။ ရေပြင်တစ်နေရာမှာခဲကျရင် ကျန်တဲ့နေရာတွေမှာလည်း ဂယက်ရိုက်သလို လူဟာ ကျွန်းမဟုတ်တဲ့ရေပြင်ကျယ်ကြီးနဲ့တူ တယ်။ တကယ့်အမှန်ကိုသာ အသက်ရှူသလို ပွားများနေရင် အတွင်းစွဲကင်းတဲ့ ငြိမ်းချမ်းမှုဂယက် တွေဟာ တစ်ဆင့်ပြီးတစ်ဆင့် ဆက်ကာဆက်ကာ ရိုက်ခတ်သွားလိမ့်မယ်။ အတွင်းကို အစာကျွေးနေ တဲ့ ငြိမ်းချမ်းရေးအတုတွေ၊ ဟန်ဆောင်အများ ကောင်းကျိုးဆောင်မှုတွေဟာ ဒီဂယက်တွေ အောက်မှာ စုန်းစုန်းမြုပ်သွားလိမ့်မယ်။ ဒီအမှန် တရားရဲ့စွမ်းအားကို မြင်လာတဲ့လူတွေဟာ ဒီအမှန် တရားကို လက်ဆင့်ကမ်းဖြန့်ဝေသွားလိမ့်မယ်။ အမှန်တရားပြန့်လေ ငြိမ်းချမ်းရေးဂယက် ရိုက်

ခတ်လေ၊ ငြိမ်းချမ်းရေးဂယက် ရိုက်ခတ်လေ၊ အမုန်တရားပြန့်လေ။ ဒီ Cricle ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်အဖြေပါပဲ။"

♥ *ဒေါက်တာစိုးအောင်။ ဆင်ခြင်တုံတရားဖြင့် မဖြေရှင်းနိုင်သည်တို့ကို ဖြေရှင်းခြင်း၊ နံ့ဝင်ဘာ၊၂၀၀၀ပြည့်နှစ်။*

## ကိုယ်ကျိုးစွန့် အနစ်နာခံရဲတဲ့စေတနာ

### ဗိုလ်မှူး ဒေါ်ခင်အုန်းမြ

[ဖလောရင့်နိုက်တင်ဂေးဆုရှင်]

"နိုက်တင်ဂေးလ်ကိုတော့ အားကျတယ်။ ဆုကို လုံးဝ မမျှော်လင့်ခဲ့ဘူး။ အမေက စစ်သားဒုက္ခ သည်တွေ၊ စစ်မြေပြင်မှာ သွေးသံရဲရဲ ဖြစ်နေတဲ့ လူနာတွေကို ပြုစုချင်တဲ့စိတ်က အမေ့ရဲ့မွေးရာ ပါဗီဇ စိတ်လို့ပဲ ပြောရင်ရမလား၊ ကိုယ်ကျိုးစွန့် အနစ်နာခံရဲတဲ့ စေတနာရဲ့အကျိုးပေးတစ်ခုအဖြစ် ပဲ အမေ မှတ်ယူထားတယ်။ အမေ့ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ တရားရေးဝန်ကြီး ဦးစံမောင်က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီကိုယ်စား ချီးမြှင့်တာပါ။"

♥*မောင်မောင်ထွန်းအောင်(ကျန်းမာရေး)။*

***ဖလော်ရင့်နိုက်တင်ဂေးဆုတံဆိပ်ရှင် ဒေါ်ခင်အုန်းမြ (အငြိမ်းစား)နှင့်တွေ့ဆုံ စကားပြောခြင်း၊ ဓိဝကမဂ္ဂဇင်း၊ ၁၉၉၉။***

## ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
ပေမြင့်

"လူမှာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတဲ့ အခြေခံ ရပ်တည်ချက်မရှိရင် ဘယ်သူ့ဆီမှာမှ တန်ဖိုးထား ခံရမှာမဟုတ်ဘူး။ နေရာတကာ လွှမ်းမိုးခြယ်လှယ် ခံရလိမ့်မယ်။ လူတန်းစေ့ဘဝက တစ်နေ့တခြား ဂုဏ်သိက္ခာကျဆင်းပြီး၊ လက်အောက်ခံဘဝ၊ ကျေးကျွန်ဘဝကို ရောက်သွားလိမ့်မယ်"

♥ *ဟိန်းလတ်၊ **စာပေအင်တာဗျူး(၁)**၊*
*ရန်ကုန်၊ ရွှေပြည်တန်စာပေ၊*
*၂၀၀၀ပြည့်နှစ်။*

## ကိုယ့်အလှည့်ကျမှ
**လူထုစိန်ဝင်း**

"လူ့လောကမှာ စိတ်ညစ်စရာ မကြုံဖူးတဲ့သူရယ်လို့ မရှိပါဘူး။ အရှုံးကိုရင်မဆိုင်ဖူးတဲ့သူရယ်လို့လည်း မရှိပါဘူး။ စိတ်ညစ်စရာကြုံတိုင်း အရှုံးနဲ့ရင်ဆိုင်ရတိုင်းသာ အညှံ့ခံလိုက်ကြမယ်ဆိုရင် ဒီလောကကြီးထဲ လူလာဖြစ်ရတာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။ စိတ်ညစ်စရာတွေထဲက အရှုံးတွေထဲက ကုန်းထပြီး လုပ်သင့်လုပ်ထိုက်တာတွေကို ရှေးလူများ လုပ်ခဲ့ကြသလိုသာ လူသားမျိုးနွယ်ဟာ ဒီအဆင့်ဒီအခြေကို ရောက်ရှိလာတာပါ။ ကိုယ့်အလှည့်ကျမှ တညည်းညည်း တညူညူလုပ်ပြီး ရေစုန်မျောလိုက်နေတယ်ဆိုရင် ရှေးလူတွေအပေါ် တရားမျှတရာ ရောက်ပါ့မလား"

♥ လူထုစိန်ဝင်း။

***ဘဝက အနိုင်ယူတာကိုမခံနဲ့၊***

*အတွေးအမြင်၊ စာစဉ်–၁၄၃၊ ၂၀၀၀ပြည့်နှစ်။*

## ကျသွားရင် ပြန်ကောက်ထား

**ဗိုဒိုးနှင်း (၁၈၈၃-၁၉၄၀)**

"ဟဲ့-ကောင်အိုလေးရဲ့၊ ကျသွားရင် ပြန်ကောက်ယူထား၊ အဲဒါပျောက်လို့တော့ မဖြစ်ဘူး။ ဘယ်နေရာမှ မလျှော့ဘူးဆိုတဲ့ စိတ်ဓာတ်ရှိနေတာဟာ ရတနာသိုက်ကိုဖွင့်တဲ့ သော့ကိုရနေတာလိုပဲ။ ရတနာတွေရရင် ကိုယ်လိုချင်တာကို ရနိုင်တာပဲ။ အဲဒီသော့ကိုတော့ ကျမပျောက်စေနဲ့၊ ကျသွားရင် ပြန်ရှာပြီး ကောက်ထား"

♥ *နန္ဒာသိန်းဇံ။တွေးချိန်ချင့်စရာ၊ မန္တလေး၊ ယောစာပေ၊၁၉၉၉။*

## ကြက်ဥစားဖို့ ကြက်မငှားရပါတယ်

**ဦးမုန်ကြားရှင်**

"အခုအခြေအနေဟာ ငြိမ်းချမ်းရေးရလို့ဖြစ်လာတာပါ။ ငြိမ်းချမ်းရေး ရာသက်ပန်ခိုင်မြဲဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ စစ်နဲ့ပေါက်ဖွားကြီးပြင်းခဲ့ရတာပါ။ စစ်ကြောင့် တိုင်းရင်းသားညီအစ်ကိုတွေ ထိခိုက်ဆုံးရှုံးခဲ့ရပြီးပြီ၊ ငွေလည်းကုန်တယ်၊ အကျိုးရလဒ်တစ်ခုမှ မတွေ့ပါဘူး။ နှစ် ၂၀ ကျော်ဆူပူသောင်းကျန်းခဲ့ရလို့ စစ်ဘေးစစ်ဒဏ်တွေ၊ အတွေ့အကြုံတွေ အများကြီး ကြုံခဲ့ရပါပြီ။ ဒေသခံလူထုနှစ်သိန်းကျော်ကိုယ်စား ပြောရရင် မူးယစ်ဆေးဝါး ပပျောက်အောင် ကြိုးစားပါမယ်။ နိုင်ငံတော်က ပံ့ပိုးသလို ကျွန်တော်တို့ကလည်း ရအောင်ကြိုးစားပါ့မယ်၊ ကြက်ဥစားဖို့ ကြက်မငှားရပါတယ်။ အခု ကြက်မကိုပဲ အားကိုးရပါတယ်။ ကျွန်တော်တို့ သူများကြက်ကို ဥနိုင်းနေတုန်းမှာ ဥကျင်းလုပ်ရပါတယ်။"

♥ *တင်သန်းဦး။ပန်းရိုင်းများ(၃)၊*

*ကြေးမုံသတင်းစာ၊ ၄-၂-၂၀၀၁။*

## ကြောက်စိတ်

**မောင်သစ်ဆင်း**

"နိုင်ငံတိုင်းရဲ့အဖိုးအထိုက်တန်ဆုံး သယံဇာတဟာ ရေနံမဟုတ်ပါဘူး။ သစ်တောမဟုတ်ပါဘူး။ တွင်းထွက်မဟုတ်ပါဘူး။ ကလေးတွေပါ။ သူတို့အပေါ် တန်ဖိုးထားမှုအနည်းအများဟာ သက်ဆိုင်ရာလူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှုစံချိန်ညွှန်း ဂရပ်မျဉ်းအနိမ့်အမြင့်ကို ဖြစ်စေပါတယ်။ သူတို့ကို ရင်းနှီးမြှုပ်နှံမှုပါပဲ။ အဲသလောက် အရေးတကြီး တန်ဖိုးရှိတဲ့ ကလေးတွေရဲ့ ရင်ထဲကို ကြောက်စိတ်သွင်းပေးလိုက်တာဟာဖြင့် အနာဂတ်လူ့အဖွဲ့အစည်းကို မြေမြှုပ်သင်္ဂြိုဟ်ဖို့ ကျင်းတူးပေးလိုက်တာပါပဲ"

♥ မောင်သစ်ဆင်း။

*တုတ်တစ်ချောင်း၏အဋ္ဌုပ္ပတ္တိ၊*

*ကြောက်စိတ်၊ မုံရွေးစာအုပ်တိုက်၊*

*အောက်တိုဘာ၊ ၁၉၉၈။*

## ကြမ္မာအကြောင်း မယိုးကောင်း

**နန္ဒာသိန်းဇံ**

"ကျွန်တော်တို့က ကျွန်တော်တို့ မအောင်မြင်တာ၊ မတိုးတက်တာတွေကို ကံမကောင်းလို့၊ ကံမကောင်းခဲ့လို့ ဆိုဆိုပြီး ကံကို ယိုးမယ်ဖွဲ့ရင်း ဖြေဆည်ရာရှာနေတာ၊ ကံကို ယိုးမယ်ဖွဲ့တော့ မအောင်မြင်ဖြစ်ရတာတွေ၊ တိုးတက်မှုမဖြစ်တာတွေဟာ ကိုယ်နဲ့မဆိုင်သလိုလို ကိုယ့်ကြောင့်မဟုတ်သလိုလို၊ စိတ်ထဲက ခံစားနေမိတတ်သေးတယ်။ ကံက ကိုယ့်ကို မကောင်းအောင်လုပ်လို့ ငါတို့မှာ မတိုးတက်ဘဲ မအောင်မြင်ဘဲဖြစ်နေရတာလို့ ထင်မိသလို ဖြစ်ပြန်သေးတယ်။ ဒီအခါမှာ ကံကိုပဲ အပြစ်မြင်ပြီး ကိုယ့်ကိုယ်ကိုတော့ အပြစ်လွတ်နေသူတွေလို့ ထင်မိလာတတ်သေးတယ်။ ကျွန်တော်တို့ဟာ ဝီရိယစိုက်ထုတ်ရမှာကို မစိုက်ထုတ်ဘူး။ ပျင်းတယ်။ ဉာဏ်ပညာမရှာဘူး။ အသိပညာကို အသုံးမပြုတတ်ဘူး။ ဖျင်းတယ်။ ကျွန်တော်တို့ ပျင်းလို့၊ ဖျင်းလို့ မအောင်မြင်တာ၊ မတိုးတက်တာကိုတော့ အပြစ်ရယ်လို့ မမြင်တတ်ကြဘူးဗျ"

♥ *နန္ဒာသိန်းဇံ။*

**အရိုမနှုနမှ တွေးမြင်ရန်တို့ ဝေမျှနေဆဲ၊**

*စိုးမိုးစာပေ၊ ဩဂုတ်၊ ၁၉၉၅။*

## ကျွန်ခေတ်နဲ့ မျိုးချစ်စိတ်

**သခင်အောင်ကြီး(ပေါင်းတည်)**

"ယခုခေတ်လူငယ်တွေကို ကျွန်တော် သနားတာ တစ်ချက်ရှိပါတယ်။ အဲဒါကတော့ ကျွန်ခေတ် ကျွန်အရသာ ခပ်မြက်မြက်ကလေးကို မတွေ့လိုက်ရ၊မမြင်လိုက်ရ၊ မခံစားလိုက်ရတာဖြစ်ပါတယ်။ မျိုးချစ်စိတ် တဖွားဖွားပေါ်လာတာမျိုးဆိုတာဟာ၊ ကျွန်ခေတ်မှာမှ ပေါ်တတ်တာမျိုး ဖြစ်တယ်လို့ ကျွန်တော့်စိတ်ထဲမှာထင်ပါတယ်။ **'သခင်မျိုးဟေ့ ဒို့ဗမာ၊ ဓနရှင်ဝါဒအလိုမရှိ၊ နယ်ချဲ့ဝါဒ ပျက်စီးပါစေ'** လို့ အခုအချိန်မျိုးမှာ ကြွေးကြော်သံကို လက်သီးကလေးနာနာကျစ်ကျစ်ဆုပ်ပြီး ကြွေးကြော်ကြည့်ပါ။ ဘာမှဖြစ်လာမယ်မဟုတ်ပါ။ ဟိုစဉ်က လက်သီးနာနာဆုပ်ပြီး **'သခင်မျိုးဟေ့'**လို့ ဝမ်းခေါင်းကထွက်လာတဲ့ အသံနက်ကြီးနဲ့ တအားတိုင်လိုက်ရင် ရိုးတွင်းခြင်ဆီပါ တသိမ့်သိမ့်တုန်သွားတယ်လို့ ထင်ရပါ

တယ်။ ကြားလိုက်ရတဲ့သူတိုင်းဟာ အကြောထဲ စိမ့်သွားလေ့ရှိပါတယ်။ အင်္ဂလိပ်အရှင်းရှင်သခင် ကြီးများကို ရဲရဲကြီးစိန်ခေါ်လိုက်တာလို့ ဆိုချင် လည်း ဆိုနိုင်ပါတယ်။"

♥ *သခင်အောင်ကြီး၊ ပေါင်းတည်။*
*'ကျွန်တော် အညာသားပါခင်ဗျား'၊*
*ပေဖူးလွှာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၈၅။*

## ကျွန်တော့်ကျောင်းရဲ့ ဆောင်ပုဒ်အတိုင်း

**ဆရာကြီး ဦးရာဇာတ်**

"ကျွန်တော်ဟာ အင်္ဂလိပ်စာလည်း တတ်ပါတယ်။ အင်္ဂလိပ်စကားကိုလည်း ကောင်းကောင်းပြော တတ်ပါတယ်။ ကျွန်တော် ဘီအေအောင်ပါတယ်။ ကျွန်တော့်ရဲ့ကျောင်းမှာ ဆောင်ပုဒ်ရှိပါတယ်။ အဲဒါကတော့ 'မြန်မာပြည်ဟာ ဒို့ပြည်၊ မြန်မာစာဟာ ဒို့စာ၊ မြန်မာစကားဟာ ဒို့စကား'။ ဒါဟာ ကျွန်တော့်ကျောင်းရဲ့ဆောင်ပုဒ်ပဲ။ ကျွန်တော်တို့ မြန်မာပြည်ဟာ မကြာမီ လွတ်လပ်ရေးရမယ်။ ဒါကြောင့် ကျွန်တော့်ဆောင်ပုဒ်အတိုင်း ကျွန်တော့် မိန့်ခွန်းကို မြန်မာလိုပဲ ပြောပါမယ်"

♥ *ဦးတင်မောင်။ **မြန်မာစာ မြန်မာစကားကို လေးစားတန်ဖိုးထားသည့် ဆရာကြီး ဦးရာဇတ်**၊ အမျိုးသားနေ့စိန်ရတုသဘင် မဂ္ဂဇင်း၊ မန္တလေးမြို့၊ အမျိုးသားနေ့စိန်ရတု သဘင်အထိမ်းအမှတ်မဂ္ဂဇင်းကော်မတီ၊ နိုဝင်ဘာ၊ ၁၉၉၅။*

## ခေတ်စမ်း

### ဦးဖေမောင်တင် (၁၈၈၈-၁၉၇၃)

"ခေတ်စမ်းစာပေဟာ ရေးဟန် (Style)နဲ့ ဆိုင်တယ်ကွ။ ဆရာ့တပည့်ကလေးတွေ ရေးကြတယ်။ ရေးဟန်ကောင်းတယ်။ အေး...ရေးဟန်ကောင်းတာလေးတွေ ရွေးထုတ်ပြီး 'ခေတ်စမ်း'လို့ ဆရာလုပ်လိုက်တာပဲ။ Contentတွေ၊ ဘာတွေ(စာပေအတွင်းသရုပ်တွေ၊ စာပေအတွင်းသားတွေ)နဲ့ မဆိုင်ပါဘူးကွာ။ အဲဒါတွေ ကြည့်ရွေးတာမဟုတ်ဘူး။"

♥ *သိန်းဖေမြင့်၊ 'ဆရာကြီးဦးဖေမောင်တင်ကို ကန်တော့ခြင်း'၊ ဗိုလ်တထောင်သတင်းစာ၊ ၁၃၊မေ၊ ၁၉၆၈။*

## ခေတ်ပေါ်ကဗျာ

**မောင်သင်းခိုင်**

"ခေတ်ပေါ်ကဗျာဟာ ရျဦးဖြောင့်မဟုတ်ဘူး။ အကွက်သဘောဆောင်တယ်။ ဝေ့ကာဝိုက်ကာ ပြောတယ်။ ခေတ်ပြိုင်ခံစားမှုကို ထင်ဟပ်နိုင်ရမယ်။ စကားလုံးသစ်ရမယ်။ နိမိတ်ပုံ၊ သင်္ကေတတွေ လတ်ဆတ်ရမယ်။ ဓါပြာပုဆိုး ကလီရှေးတွေ မဖြစ်စေရဘူး။ အားထုတ်မှုရှိဖို့ပေါ့ဗျာ။ မြှင့်တင်ရေးလုပ်ဖို့ လိုလာပြီ။ ကျွန်တော်တို့ကဗျာဟာ နိုင်ငံတကာကို မလွှမ်းနိုင်တောင်မှ ရင်ဘောင်တန်းနိုင်အောင် ကြိုးစားရလိမ့်မယ်။ အတော့်ကို ကြိုးစားရလိမ့်မယ်"

♥ *ဟိန်းလတ်၊* ***စာပေအင်တာဗျူး(၂)၊***
*ရန်ကုန်၊ ရွှေပြည်တန်စာအုပ်တိုက်၊*
*ဇန်နဝါရီ၊ ၂၀၀၀ ပြည့်နှစ်။*

## ခေတ်ပေါ်ကဗျာနဲ့ ခေတ်ပေါ်ကဗျာဆရာ

### အောင်ချိမ့်

"ဒီတိုင်းပြည်မှာ 'ခေတ်ပေါ်ကဗျာ'ဆိုတာ ကဗျာဖွဲ့နည်းကျမ်း မရှိခဲ့ဘဲ နိုင်ငံခြားကဗျာ စာကြောင်းလိုက် အတန်းလိုက် ဘာသာပြန်ကဗျာပုံသဏ္ဍာန်ကို ခံတွင်းတွေ့ခဲ့ရာမှ (၁၀)နှစ်စီ လူငယ်များ တစ်ဦးကဗျာ တစ်ဦးလှမ်းကြည့်ကာ အလွတ်သဘော စာပေအနုပညာပိုင်းမှာ ဖလှယ်နိုးနှောကြတာ ကမ္ဘာပေါ်က လွတ်လပ်တဲ့ အနုပညာလှုပ်ရှားတင်ဆက်မှုများကို အမြင်အကြားဖြင့် မှီးယူအတုခိုးကာ ရေးသားရှင်သန်တဲ့အနုပညာဖြစ်ပါတယ်။

ခေတ်ပေါ်ကဗျာဟာ ပိုမိုခေက်ခဲပေမယ့် ပိုမိုဖူးပွင့်လာတာဟာ သမိုင်းတစ်ခုဖြစ်ပါတယ်။ ခေတ်ပေါ်ကဗျာဟာ လူငယ်တို့ရဲ့ ဘာသာစကားလည်းဖြစ်ပါတယ်။ . . .

ခေတ်ပေါ်ကဗျာဆရာတစ်ယောက် ကဗျာရေးခြင်းအမှုပြုတာဟာ ကမ္ဘာမှာ မရှိသေးတဲ့အရာကို ရှာဖွေခြင်းပြုတာပဲ ဖြစ်ပါတယ်"

♥ *အောင်ချိမ့်။ **အောင်ချိမ့်၏အမှာ**၊*

*လူနှစ်ယောက်နဲ့ကဗျာ၊*

*ကဗျာငှက်စာအုပ်တိုက်၊ ဒီဇင်ဘာ၊ ၂၀၀၀။*

## ခေတ်ပေါ်ဝတ္ထု

### ဒါရိုက်တာမောင်ဝဏ္ဏ

"ခေတ်ပေါ်ဝတ္ထုတွေဟာ အစဉ်အဆက်အရ လူငယ်ကြိုက်တွေလည်း ဖြစ်ခဲ့ပါတယ်။ လူငယ်ဆိုတဲ့နေရာမှာလည်း စာဖတ်တတ်ခါစအရွယ်ကို ဆိုလိုပါတယ်။ ဒီတော့ ဒီအရွယ်မှာ စိတ်ကူးယဉ်လို့ကောင်းတာတွေကို ဝတ္ထုထဲထည့်ရေး၊ ကြိုက်ကြ၊ ဒါပါပဲ။ ဒီနေရာမှာ ဝတ္ထုရေးဆရာဟာ တာဝန်ကြီးကြီး ယူရမှာပါပဲ။ ဝတ္ထုကိုဖတ်ပြီး စိတ်ကောင်းစေတနာကောင်းကလေးတွေပေါ်လာအောင် ကြိုးစားရေးရမှာပါပဲ။"

♥ *စာတည်းအဖွဲ့ဝင်တစ်ဦး၊*
*စာပေစကားဝိုင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊*
*ဧပြီ၊ ၁၉၈၅။*

## ခေတ်ပြောင်းတော်လှန်ရေးမျိုးစေ့

**ငွေဥဒေါင်း (၁၉၁၅-၁၉၉၇)**

"သခင်နုတို့တစ်တွေ စုပေါင်းပြီး ၁၉၃၇ မှာ နဂါးနီ စာအုပ်အသင်း ထောင်ပါတယ်။ အဲဒီမှာ ရုရှား တော်လှန်ရေးအောင်မြင်တာကို အကြောင်းပြုပြီး လက်ဝဲဝါဒ၊ ဆိုရှယ်လစ်ဝါဒဆိုတာကို သွင်းလာ ပါတယ်။ လူတန်းစားကွဲပြားမှုတို့၊ အရင်းရှင်စနစ် တို့၊ နယ်ချဲ့စနစ်တို့၊ ပစ္စည်းမဲ့လူတန်းစားဆိုတာ ဒီခေတ်ကပေါ်တဲ့ စကားလုံးတွေပါပဲ။ နဂါးနီ အသင်းက စနေနဂါးနီဆိုတဲ့ဂျာနယ် ထုတ်ပါ တယ်။ . . . .

နဂါးနီစာအုပ်အသင်းက နိုင်ငံခြားစာပေများကို ဘာသာပြန်ဆိုပါတယ်။ အထူးသဖြင့် ခေတ် ပြောင်းတော်လှန်ရေးမျိုးစေ့ကို ချပါတယ်။

♥ *ငွေဥဒေါင်း။ **ကိုလိုနီခေတ်မြန်မာစာပေ၊** မြန်မာစာပေရေစီးကြောင်း၊ အရုဏ်ဦးစာပေ၊ ဩဂုတ်၊ ၁၉၆၇။*

## ခေတ်လူနဲ့ ခေတ်ပြဿနာ ပဋိပက္ခ ကွာဟမှု

**နေဝင်းမြင့်**

" . . . ဆိုပါတော့။ အခုက ကွန်ပျူတာခေတ်၊ ဒါကိုတီထွင်သူတွေက လူတွေ၊ ဟုတ်တယ်နော်။ လက်ငင်းပြဿနာက ကွန်ပျူတာက လူသားဆန်ဖို့ နီးလာပြီး လူ့ဦးနှောက်က စက်ဆန်လာတာမျိုးတွေဟာ သိပ္ပံခေတ်လွန်ပြဿနာပေါ့။ ဒါက ဥပမာ တစ်ခုပေါ့လေ. . .

ပထမတစ်ချက်က အတိတ်ကာလဟောင်းနဲ့ ပစ္စုပ္ပန်ကာလသစ်ဟာ စွမ်းအင်ပြဿနာမတူတော့တာကြောင့်ဖြစ်ရတယ်။ နံပါတ်နှစ်က သိပ္ပံနဲ့ နည်းပညာအခြေအနေချင်းမတူတော့တာနဲ့ တတိယအချက်က ယဉ်ကျေးမှုဥပမိသဘောလက္ခဏာတွေ ကွာခြားသွားတာကြောင့် ဖြစ်ရတယ်လို့ ဆိုတာပဲ။ သိပ္ပံနဲ့နည်းပညာဖြစ်ထွန်းမှုကြောင့်ပဲ၊ ဆက်သွယ်ရေးမီဒီယာတွေ ခုန်ပျံကျော်လွှားလာလို့၊ တစ်ကမ္ဘာလုံးယဉ်ကျေးမှုတစ်မျိုးတစ်စားတည်း ပြဿ

နှာ (Cultural Homogenization)လာဲတော့မတဲ့။ လူတွေမှာ စိတ်အခြေခံယဉ်ကျေးမှု အခြေခံပြိုကွဲမှု (Cultural and psychological disintegration) တွေ ပေါ်လာလိမ့်ဦးမတဲ့.."

♥ *နေဝင်းမြင့်၊ ပါရီဇွေဦး သရုပ်လွှန်*
*အလင်းနဲ့ ရာစုသစ်ပင်၏ရုပ်ကြွင်းများ၊*
*ယနေ့မနက်လေး စာအုပ်တိုက်၊*
*ဇူလိုင်၊ ၂၀၀၀ပြည့်နှစ်။*

## ခွဲခြမ်းစိတ်ဖြာပြီး ကြည့်တတ်တဲ့ အလေ့အကျင့်

**မောင်ထင်**

"အေးလေ၊ အဲဒါမျိုးပေါ့။ Up-To-Date ဆိုတာ မဖြစ်ဘူးလို့။ ပြောတဲ့သူကိုယ်တိုင်ကကော Up-To-Date ဆိုတာ ဘာလဲ။ သေချာနားလည်ကြရဲ့လား။ ဒါမျိုးတွေကို ကျွန်တော် ပြောချင်တာပါ။ ကျွန်တော်တို့တစ်တွေက ဘာကိုပဲစဉ်းစားကြသည်ဖြစ်ပါစေ...Analytical Mind ပေါ့။ သေချာခွဲခြမ်းစိတ်ဖြာပြီး ကြည့်တတ်တဲ့အလေ့အကျင့်ကို ထူထောင်ကြရမှာပဲ။ စနစ်တကျ စိတ်ရှည်လက်ရှည် ခြေခြေမြစ်မြစ် သိအောင်လုပ်ပြီးမှ ပြောကြဆိုကြသင့်တယ်မဟုတ်လား"

♥ *အောင်သင်း။* ***'ဘာကိုမွေးဖွားသူ ဆရာမောင်ထင်နှင့်တွေ့ဆုံခြင်း'၊***
*နဝဒေးရသစုံစာပေမဂ္ဂဇင်း၊*
*ဧပြီ၊ ၂၀၀၀ပြည့်နှစ်။*

## ခွင့်ပြုချက်ရမှသာ

ခင်ဝမ်း (၁၉၄၇-၂၀၀၀)

"ကျွန်တော်ဟာ ဒီသီချင်းကို အလွန်ကြိုက်နှစ်သက်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ခင်မင်တဲ့ မိတ်ဆွေတွေ စုံတဲ့အခါတွေဆိုပြလေ့ရှိပါတယ်။ ဒါပေမယ့် ဒီသီချင်းကို အခွေအဖြစ်နဲ့ ထုတ်ဖို့ဆိုတာကတော့ ကျွန်တော့်မှာ အစီအစဉ် လုံးဝမရှိပါဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်တော်ဟာ ကိုယ်ပိုင်သီချင်းရေးသူ Original song writer တစ်ယောက်ဖြစ်လို့ပါပဲ။ ဒီသီချင်းနဲ့ပတ်သက်လို့ ဂျပန်ပြည်က ကျွန်တော့်ညီကို ပြောပြတဲ့အခါမှာလည်း 'အစ်ကိုဆိုလို့ ဘယ်ဖြစ်မလဲ၊ အစ်ကို မဆိုရဘူး' လို့ ပြောတယ်။ 'အစ်ကိုဟာ ဒီလောက်ကောင်းတဲ့သီချင်းမျိုးကို မစပ်နိုင်တော့တဲ့ လူတစ်ယောက်မဟုတ်လား၊ အစ်ကိုဟာ ဒီလိုကောင်းတဲ့ စာသားမျိုးနဲ့ မရေးဖွဲ့နိုင်တော့တဲ့ လူတစ်ယောက်မဟုတ်လား'လို့ ကျွန်တော့်ညီက မေးနေသလို ခံစားရပါတယ်။ ဒီသီချင်းကို ထုတ်ချင်တဲ့သူက

ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်ဆိုမှာ မဟုတ်ပါဘူး။ တကယ်လို့ပေါ့လေ . . တေးထုတ်လုပ်သူက ကျွန်တော့်ကို သိပ်ဆိုစေချင်တယ်ဆိုခဲ့ရင် ကျွန်တော်ကလည်း သိပ်ဆိုချင်တယ်ဆိုခဲ့ရင် တေးထုတ်လုပ်သူက အဆိုတော် Nagabuchi ဆီက ခွင့်တောင်းရပါမယ်။ သူ့ရဲ့ခွင့်ပြုချက်ရမှသာ ကျွန်တော် ဆိုနိုင်မယ်။ မြန်မာလို ဘာသာပြန်ပြီး မြန်မာစာသားထည့်မယ်ဆိုရင်လည်း သူ့ရဲ့ ခွင့်ပြုချက်ရမှသာ ကျွန်တော်ဆိုမှာပါ။ Nagabuchi ရဲ့ ခွင့်ပြုချက်ကိုမတောင်းဘဲ မရဘဲနဲ့တော့ ကျွန်တော် ဘယ်သောအခါမှ မဆိုပါဘူး"

♥ *မျိုးမြတ်သူ။ ထပ်တူ၊*
*ရန်ကုန်သစ်မဂ္ဂဇင်း၊ အမှတ်(၅၃)၊*
*စက်တင်ဘာ၊ ၁၉၉၇။*

## ဂါရဝေါ စ နိဝါတောစ

မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရ

"ဒကာကြီးရယ်..သဘောထားကွဲလွဲမှုဆိုတာက မမွေ့တာအတိုင်း လူ့လောကထဲမှာ ရှိတာမျိုးပေါ့။ သူ့ဘက်ကိုယ့်ဘက် ပြောစရာရှိတာတော့ ပြောကြရမှာပေါ့။ ဒါပေမယ့် ငယ်သူက ကြီးသူနဲ့ ပြောတဲ့အခါ သဘောကွဲလွဲချက်ပင်ဖြစ်စေကာမူ 'ဂါရဝေါစ'နဲ့ပြောရတယ်။ ကြီးသူကလည်း ငယ်သူနဲ့ ပြောကြတဲ့အခါ သဘောထားကွဲလွဲချက်ပင် ဖြစ်စေကာမူ ငါက အကြီးပဲဆိုပြီး အထက်စီးနဲ့မပြောရဘူး၊ နိဝါတောစနဲ့ ပြောရတယ်"

♥ *မြဝင်း၊ ဒဿန။ 'မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီး၏ ပကတိစိတ်ရင်း'၊ အပွမာဒမွေ့ရသမဂ္ဂဇင်း၊ ဇွန်၊ ၂၀၀၀ ပြည့်နှစ်။*

## ရှုထွတ်နှင့်ငြမ်း

**နရသီဟပဗတော့မင်း (မြန်မာ ၅၈၆-၆၄၆)**

"ငါကား ရှုထွတ်နှင့်တူ၏။ ရာဇသကြန်ကား ငြမ်းနှင့်တူ၏။ ရှုထွတ်အထက်ကို ရောက်သကဲ့သို့၊ ငါ မင်းအဖြစ်သို့ ရောက်ပြီ၊ ငြမ်းနှင့်တူသော ရာဇသကြန်ကို ဖျက်မှ ရှုထွတ်နှင့်တူသော ငါ တင့်တယ်သည်ဖြစ်မည်"

♥ ဦးကုလား၊
*မဟာရာဇဝင်ကြီး၊ ပဋ္ဌမတွဲ။*

## ဂန္တဝင်စာပေ
### နိုင်ဇော်

"ဂန္တဝင်စာပေဆိုတာ လွယ်လာဖို့မလိုဘူး။ ဟောင်းပြီ။ ပဒေသရာဇ်ဆန်နေတယ်။ ပြတိုက်ထဲပို့ပစ်ရမယ်ဆိုတဲ့စကားတွေက 'နီဟီလစ်ဇင်'ဆန်ပါတယ်။ မဟုတ်ဘူးလားဆရာ။ အဲဒါတွေကတော့ စာပေကို ကောင်းကျိုးပေးနိုင်မယ်မဟုတ်ပါဘူး။ တကယ်တော့ အမြစ်နဲ့ပင်စည်မရှိဘဲ အကိုင်းအခက်ချည်း ဘယ်လိုလုပ်သွား ရပ်တည်နိုင်မလဲဆရာ၊ ဂန္တဝင်စာပေဆိုတာ တကယ့်ရေသောက်မြစ်ပဲ။ တကယ်တော့ ပြတိုက်ထဲက ပစ္စည်းနဲ့တောင်မတူဘူး။ ရက္ခဗေဒဥယျာဉ်ထဲမှာ စုဆောင်းထားတဲ့ ရှားပါးသစ်ပင်တွေလို ဘဏ္ဍာတိုက်ထဲသိမ်းထားရတဲ့ အဖိုးတန်ရတနာများလိုပဲ၊ မသိသူကျော်သွား . . . သိသူဖော်စားဆိုတာမျိုးပါပဲ။ . . . ဂန္တဝင်ဆိုတာကိုက အချိန်ကာလရဲ့ စမ်းသပ်မှုအမျိုးမျိုးကို ကျော်လွှားနိုင်ပြီး ထာဝရတည်တံ့ကျန်ရစ်တာမျိုးကို ခေါ်တာပါ"

♥ *ဟိန်းလတ်။* ***နိုင်ဇော်နှင့်အင်တာဗျူး၊*** *စာပေအင်တာဗျူး၊ရွှေပြည်တန်စာအုပ်တိုက်၊ ဇန်နဝါရီ၊ ၂၀၀၀ ပြည့်နှစ်။*

## စာကောင်းရေးချင်ရင် စိတ်ကောင်းမွေး

ဇော်ဂျီ (၁၉၀၇-၁၉၉၀)

"တစ်ဦးချင်းကျင့်စဉ်ကလည်း မကောင်းတဲ့စကား မပြောဘူး။ သူတစ်ပါးဒုက္ခရောက်အောင်မလုပ်ဘူး။ သူတစ်ပါးကို ခြေမထိုးဘူး။ သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျမှ ထမင်းစားရတဲ့ အလုပ်မျိုးမလုပ်ဘူး။ ကောင်းတဲ့မနသိကာရ ထားတတ်ရင် မင်းစိတ်ဟာ အလိုလိုသန့်ရှင်းစင်ကြယ်လာလိမ့်မယ်။ အဲဒီလို သန့်ရှင်းစင်ကြယ် ကြည်လင်နေတဲ့အချိန်မှာ မင်းရေးတဲ့စာ၊ မင်းဖန်တီးတဲ့ ဇာတ်ကောင်များဟာ လောကထဲမှာ နေတတ်တဲ့ ဇာတ်ကောင်တွေ၊ လောကထဲမှာ နေရဲတဲ့ ဇာတ်ကောင်တွေဖြစ်တယ်"

♥ *ဝင်းငြိမ်း။ ငြိမ်းကျော်နဲ့တွေ့ဆုံခြင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ မေ၊ ၁၉၈၂။*

## စာကြည့်တိုက်လုပ်ငန်း
**ဦးသော်ကောင်း**

"စာကြည့်တိုက်လုပ်ငန်းဆိုတာ ဝန်ဆောင်မှုလုပ်ငန်းပဲ။ စာလေ့လာသူတွေ ဘာလိုအပ်တယ်။ သူတို့ကို ဘယ်လိုကူညီဖြည့်ဆည်းပေးရမလဲဆိုတာက သိပ်အဓိကကျပါတယ်။ စေတနာရှိဖို့လိုပါတယ်။ စာဖတ်ချင်တဲ့သူ၊ လေ့လာချင်တဲ့သူများကို ဘယ်လိုကူညီနိုင်တယ်ဆိုတာသိဖို့ ကိုယ်က အများကြီး လေ့လာဖတ်ရှုထားရပါတယ်။ ဒါဟာ စာကြည့်တိုက်ဝန်ထမ်းတွေရဲ့ တာဝန်ပဲ။"

♥ *မိုးမံ၊ ဆရာဦးသော်ကောင်းနှင့်တွေ့ဆုံခြင်း၊ မြူတီမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၂၀၀၀။*

## စာပေသစ်ဆိုရာမှာလည်း၊

**သိန်းဖေမြင့် (၁၉၁၄-၁၉၇၈)**

"စာပေသစ်ဆိုရာမှာလည်း ယခင်နှစ်အနည်းငယ်တုန်းက အကြောင်းအရာသစ်ဆန်းမှု(ဝါ) အတွင်းသားသစ်ဆန်းမှုကို ဂရုစိုက်အလေးပေးခြင်းနည်းပါးပြီး ရေးဟန်သားဟန်ပုံသဏ္ဌာန် သစ်ဆန်းမှု၊ ကွန့်မြူညွန့်မှုကိုသာ အဓိကထားကြတာ တွေ့ခဲ့ကြရတယ်။ အပြင်ပန်းမှာ အပေါ်ယံမှ သစ်ဆန်းမှုကိုသာ အလေးပေးခဲ့ကြတယ်။ အသစ်ထွင်ရင်းနဲ့ အမျိုးသားအမွေအနှစ်၊ အမျိုးသားပုံသဏ္ဌာန်များကို ပစ်ပယ်လာကြတဲ့အထိ ဖြစ်လာခဲ့တယ်။

♥ *သိန်းဖေမြင့်။ စာရေးဆရာအသင်း နှစ်ပတ်လည်ညီလာခံ၏ဥက္ကဋ္ဌမိန့်ခွန်း(၁၉၅၈)၊ မြန်မာစာပေရေစီးကြောင်း၊ အရုဏ်ဦးစာပေ၊ ဩဂုတ်၊ ၁၉၆၇။*

## စာတည်းတစ်ယောက်

### မောင်မြင့်မြတ်

"စာတည်းတစ်ယောက်အနေနဲ့ ကျွန်တော့်အယူအဆကတော့ စာဖတ်အားကောင်းရမယ်၊ စာနယ်ဇင်းကျင့်ဝတ်ကို ထိန်းသိမ်းနိုင်ရမယ်။ ဆက်ဆံရေးမတိမ်းမစောင်း ကောင်းရမယ်။ ကိုယ် စိတ်နှလုံးကို မဂ္ဂဇင်းအပေါ်မှာပုံထားနိုင်ရမယ်။ မဂ္ဂဇင်းက ချမှတ်ထားတဲ့မူတစ်ခုကို ကောင်းစွာဆုပ်ကိုင်နိုင်ရမယ်၊ လိုရင်းပြောရရင်တော့ သီလ၊ သမာဓိ၊ သိက္ခာ၊ အတတ်ပညာပါပဲဗျာ"

♥ မောင်မြင့်မြတ်။

**ရှုမဝနှင့် အလွမ်းရသ၊**

*မတ်၊ ၁၉၉၆။*

## စာနာစိတ်ထဲဝင်ပြီး ရေးတာ

ဂျာနယ်ကျော်မမလေး၊ (၁၉၁၇-၁၉၈၂)

"ကျွန်မ စာရေးတာမှာ ထိန်းထိန်းရေးတယ်။ ဟို ဘက်သည်ဘက် ချိန်ထိုးပြီး မျှမျှတတဖြစ်အောင် ဇာတ်ကောင်တွေကို ကိုင်တယ်။ ကျွန်မ စာတစ်ပုဒ် ကို ဝေဖန်ရင် စာဖတ်တဲ့လူဘက်ကနေပြီး ကြည့် တာပဲ . . .

ကျွန်မ ဝတ္ထုရေးရင် စာနာပြီးရေးတယ်။ မေတ္တာ စိတ်ထားပြီး ရေးတယ်။ လူတွေမှာ ခံစားရပုံတွေ ကို ကိုယ်ချင်းစာနာစိတ်ထဲကို ဝင်ကြည့်ပြီး ရေး တာပဲ"

♥ *ဒဂုန်တာရာ။ ရုပ်ပုံလွှာ(ပကြိမ်)*

*ဂျာနယ်ကျော်မမလေးစာပေ၊ ၁၉၅၅။*

## စာပေလောကနဲ့ ပတ်သက်လို့

တင့်ဆန်း (၁၉၁၇-၁၉၉၅)

"စာပေလောကနဲ့ပတ်သက်လို့ ပြောရရင် သူတစာပေတွေထွန်းကားနေတယ်။ လူတွေက ကမ္ဘာနဲ့ ဆက်စပ်နေမှုကို နားလည်လာကြတယ်။ ကမ္ဘာ့ဖြစ်ရပ်တွေကို သိချင်လာကြတယ်။ ကမ္ဘာမှာ ဖြစ်နေတာတွေကို သင်ခန်းစာယူချင်ကြတယ်။ ကမ္ဘာ့အကြောင်းလေ့လာတာ ကောင်းတဲ့လက္ခဏာပါ။ လုံးချင်းဝတ္ထုလောကကတော့ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကထက်တောင် အဆင့်နိမ့်သွားတယ်။ ထူးခြားတာကတော့ နုနုရည်(အင်းဝ)ရဲ့ဝတ္ထုတွေပဲ။ သူကတော့ လူ့ဘဝရဲ့သရုပ်ကို တကယ်ပီပြင်အောင်ရေးဖွဲ့တယ်။ စရိုက်ပီပြင်အောင် ရေးဖွဲ့နိုင်တယ်။ 'ဂျူး'ဆိုတဲ့စာရေးဆရာမလေးရဲ့ ဝတ္ထုတွေကလည်း ကောင်းပါတယ်။ မည်းပြာပုဆိုးတွေထဲက ခွဲထွက်လာတယ်။ သူက စိတ်ခံစားမှုတွေကို ပီပြင်အောင် ခြယ်မှုန်းနိုင်တယ်။ ဒါပေမယ့် ပုဂ္ဂလိက ခံစားချက်တွေက များတယ်"

♥ မြတ်ဆွေ။

**နွတ်တရှတ်စာရေးဆရာတစ်ဦး၏**

**ရုပ်ပုံလွှာ**။

ရွှေရုပ်စုံ၊ ဇွန်၊ ၁၉၉၄။

## စာပေဝေဖန်ရေးအလုပ်ကို ဝိုင်းဝန်းကြပါ

**မြမ်းကျော်**

"အနည်းဆုံး ကျွန်တော်တို့ ဝတ္ထုဆိုတာ ဘာလဲဆိုတဲ့ အခြေခံကကြီး၊ ခခွေးစာအုပ်တော့ လိုပါတယ်။ ဝတ္ထုရဲ့သဘောတရားဟာ ဘာလဲဆိုတာ ပြောတဲ့ စာအုပ်တွေရှိပါတယ်။ ထွက်လာတဲ့ဝတ္ထုတွေထဲက ဘယ်ဝတ္ထုတွေ၊ ဘယ်ဝတ္ထုတွေဟာဖြင့် ဘယ်ကဲ့သို့ရှိတယ်ဆိုတဲ့ စာအုပ်ဝေဖန်ချက်လောက်တောင်မှ အင်မတန်နည်းပါးတဲ့ အဆင့်ရောက်နေတယ်။ ရသစာပေကစပြီး ဖတ်တဲ့လူငယ်တွေအတွက် ဘယ်ဝတ္ထုကောင်းဟာ ဘယ်လို၊ ဝတ္ထုညံ့ဟာဘယ်လို၊ ပြဇာတ်ကောင်းဟာ ဘယ်လို၊ ကဗျာကောင်းဟာဘယ်လို၊ ကဗျာညံ့ဟာ ဘယ်လိုဆိုတာ ညွှန်ပြတဲ့ ဘယ်လိုဖတ်မလဲဆိုတဲ့ ညွှန်ပြတဲ့စာတွေလိုပါတယ်။. . . . . .

ညစ်ညစ်ညမ်းညမ်းရေးထားတဲ့ ဝတ္ထုတွေကို စာရေးဆရာတွေကိုယ်တိုင်က ဘယ်ဝတ္ထုမှာ ဘယ်သူရေးထားတာဖြင့် ဘယ်လောက်အထိ ညစ်ညမ်း

ပါတယ်။ ဘယ်လောက်အထိအကျိုးမပြုပါဘူး။ ဘယ်ဝတ္ထုကဖြင့် ဘယ်လောက်အထိကောင်းပါတယ်။ ဘယ်လောက်အထိ အကျိုးပြုပါတယ်ဆိုပြီး ဝတ္ထုညွှန့်တွေကို ရွေးချယ်တိုက်ရိုက်ပေးခဲ့တဲ့ စာပေဝေဖန်ရေးတွေ အများကြီး ပေါ်ခဲ့ပါတယ်။ အဲဒီလို ဝေဖန်ရေးပေါ်လာလို့ လွတ်လပ်ရေးမရခင်မှာပဲ ညစ်ညမ်းတဲ့ဝတ္ထုတွေ ကျဆုံးခဲ့တယ်။

♥ *ဝင်းငြိမ်း။ငြိမ်းကျော်နဲ့တွေ့ဆုံခြင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ မေ၊ ၁၉၈၂။*

## စေတနာကောင်းမပါခဲ့လျှင်

တိုက်စိုး

"စာရေးတဲ့အခါ သူတစ်ပါး အမှန်တရားနားလည်ပါစေ။ ဘဝအသိဖြစ်ပါစေ။ ရှင်လန်းအားတက်ပါစေ။ သံဝေဂရပါစေဆိုတဲ့ စေတနာမျိုးဖြင့် ရေးပါမှ စာဟာ အကျိုးအာနိသင်ရှိပါတယ်။ တန်ခိုးအားလည်း ရှိပါတယ်။ စာကို ဘယ်လောက်ပင် စကားတန်ဆာ၊ နားတန်ဆာ ရှိအောင်ဖွဲ့နွဲ့သော်လည်း၊ စေတနာကောင်းမပါခဲ့လျှင် အရသာလည်း မရှိ၊ အကျိုးသက်ရောက်မှုလည်းမရှိ ဖြစ်ပါတယ်။ စာရေးတဲ့အခါမှာလည်း စေတနာနဲ့ အဖွဲ့ တစ်စပ်တည်း တစ်သားတည်းဖြစ်ဖို့ ကြိုးစားဖို့လိုပါတယ်။"

♥ *အယ်ဒီတာအဖွဲ့။*

*'သက်ကြီးစကား သက်ငယ်ကြား'*

*အပွမာဒမဂ္ဂဇင်း၊ အောက်တိုဘာ၊*

*၂၀၀၀ ပြည့်နှစ်။*

## စိတ်ဓာတ်ဆုတ်နစ်ခြင်း

### အရှင်ဆန္ဒာဓိက

"စိတ်ဓာတ်အဆင့်အတန်းမြင့်တဲ့လူ၊ လူပီသတဲ့သူဆိုတာ လက်ရှိအခြေအနေ၊ လက်ရှိအဆင့်အတန်း ပိုပိုပြီးတိုးတက်အောင်၊ အမြဲတမ်း ကြိုးစားအားထုတ်နေရပါတယ်။ လက်ရှိအခြေအနေ လက်ရှိအဆင့်အတန်းမှာပဲ ရပ်တန့်ပြီးဆုံးနေရင် စိတ်ဓာတ်အဆင့်အတန်းနိမ့်တဲ့သူ၊ လူမပီသတဲ့ လူဖြစ်သွားပါလိမ့်မယ်။ အညွန့်တလူလူ တိုးတက်နေမှ လူလို့ခေါ်တာမဟုတ်လား။ တချို့က ရှေ့ဆက်တိုးတက်အောင် မကြိုးစားဘဲ လက်ရှိအခြေအနေ၊ လက်ရှိအဆင့်အတန်းမှာ ရပ်တန့်ကျေနပ်တာကိုပဲ တင်းတိမ်ရောင့်ရဲတယ်လို့ လွဲမှားစွာယူဆနေကြပါတယ်။ တကယ်တော့ ဒါဟာ တင်းတိမ်ရောင့်ရဲခြင်းမဟုတ်ပါဘူး။ ပျင်းရိခြင်း၊ စိတ်ဓာတ်ဆုတ်နစ်ခြင်းသာ ဖြစ်ပါတယ်"

♥ *အရှင်ဆန္ဒာဓိက၊* ***အနှိုင်းမဲ့ဥစ္စာ၊***
*အပ္ပမာဒမြွေရသမဂ္ဂဇင်း၊*
*ဖေဖော်ဝါရီလ၊ ၂၀၀၀။*

## စိတ်မြင်ဉာဏ်မြင် ရေးဆွဲနည်း

### မြန်မာပန်းချီကျော် ဦးဘဉာဏ် (၁၈၉၇-၁၉၄၅)

"မောင်ခင်မောင်ရေ . .၊ မင်းပဲစဉ်းစားကြည့်တော့ကွာ။ တောကြီးမျက်မည်းထဲမှာ မိန်းကလေးတစ်ယောက်ကို ကျားတွေ၊ ခြသေ့်တွေက ရှေ့တည့်တည့်ကလာပြီး ဆောင့်ကြောင့်ထိုင်နေရင် သူမှ လိပ်ပြာလန့်ပြီးမသေရင် ဘယ်သူသေမတုံးကွ။ သဘောကတော့ ရှေ့လမ်းခရီးမသွားနိုင်ရုံကလေး၊ ဆီးကာနေတဲ့သဘောကို မိအောင်ရေးဆွဲတာ။ ပြီးတော့ ဒို့မြန်မာရှေးရိုးပန်းချီမှာက အနီးအဝေး၊ အလင်းအမှောင်၊ အနုအရင့်ရယ်လို့ မရှိဘူး။ မယ်သီတာကားမှာက တစ်ကားလုံး ဒေါသတွေလွှမ်းနေတဲ့ကြားက ရာမမင်းရဲ့ အားမာန်နဲ့ သတ္တိကို အဓိကထားပြီး ရေးဆွဲတာပဲ။ အချုပ်ကတော့ စိတ်မြင်ဉာဏ်မြင် ရေးဆွဲနည်းပေါ့ကွာ"

♥ ဦးမင်းနိုင်၊

**ဦးဘဉာဏ်၏ဘဝနှင့် သူ့လက်ရာ၊**

*စာပေဗိမာန်၊ ၁၉၇၄။*

## စိတ်ရင်းစေတနာ

**ဦးဥတ္တမသာရ**

"စိတ်ထားမြင့်မြတ်ရင် ဘယ်သူမဆို အထက်တန်းစားလူဖြစ်နိုင်တယ်၊ မိမိစိတ်ထားက အလယ်အလတ်ရှိရင် အလတ်တန်းစားလူ ဖြစ်ရတယ်။ မိမိစိတ်က အောက်တန်းကျရင် အောက်တန်းစားလူ ဖြစ်ရမယ်။ စိတ်ရင်းစေတနာဟာ လူတန်းစားကို ခွဲခြားတဲ့ တရားခံလက်သည်ပဲဖြစ်တယ်"

♥ *မင်းနန်(မော်ကျွန်း)၊*

***ဆရာတော်ကြီးများ၏ဩဝါဒတော်များ၊***

*ယနေ့မဂ္ဂလေးစာအုပ်တိုက်(၃-ကြိမ်)၊ ၁၉၉၉။*

## စုံထောက်စာပေ

**မိုးဝေ(၁၉၂၇-၁၉၆၇)**

"စုံထောက်စာပေဟာ စဉ်းစားဉာဏ်ရင့်သန်စေတယ်။ အကျိုးအကြောင်း ဆက်စပ်ပြီး ဝေဖန်ပိုင်းခြားတတ်တဲ့ ဉာဏ်ကို တိုးပွားထက်မြက်လာစေတယ်။ အမှားအမှန်ပိုင်ခြားသိမြင်တတ်ဖို့ကို အများကြီးပဲ အထောက်အကူပြုပါတယ်။ သတ္တိ၊ ဇွဲတွေစိတ်ဓာတ် မွေးမြူလာနိုင်ဖို့ကို သင်ကြားပေးနိုင်တယ်။ .....အစရှိတဲ့ ဂုဏ်ပုဒ်တွေဟာလည်း ကျွန်တော့်အရင် စုံထောက်ဝတ္ထုတွေကို ရေးသားလာတဲ့ ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီး ဒဂုန်ရွှေမျှား၊ ကွယ်လွန်သူဆရာကြီး ဝဇီရ အစရှိတဲ့ သူတို့ရဲ့ခေတ်ကတည်းကပဲ။ အများကသိမြင်လက်ခံသဘောကျခဲ့တဲ့ အချက်အလက်တွေပါပဲ"

♥ *အယ်ဒီတာတစ်ဦး၊*

***မိုးဝေ(သို့မဟုတ်)တင်မောင်ဆွေ၊***

*မြဝတီမဂ္ဂဇင်း၊ စက်တင်ဘာလ၊ ၁၉၆၇။*

## စိုက်ချင်တာက စန္ဒကူး
### ဒေါင်းနွယ်ဆွေ(၁၉၃၁-၁၉၈၅)

"ကျွန်တော် စိုက်ချင်တာကတော့ နှစ်ရှည်လများ မွှေးကြိုင်နေမယ့် စန္ဒကူးပင်ပါပဲ။ ဒါပေမယ့် လော လောဆယ်စားဖို့အတွက် ချဥ်ပေါင်ပင်လည်း စိုက် ရသေးတယ်။ ကဗျာသာရေးစားရမယ်ဆိုရင် ကိုယ့်သားမယားကို ကျွေးဖို့ထားလို့ ပုရွက်ဆိတ် ကိုတောင် ကျွေးဖို့လောက်မှာမဟုတ်ဘူး။ ဟိုတုန်း ကဆိုရင် ကဗျာတစ်ပုဒ် ဆယ့်ငါးကျပ် နှစ်ဆယ်ပဲ ရတာပါ။..........

..................ထမင်းစားဖို့အတွက် ဘာရေးရမလဲ စဥ်းစားတော့ ထုတ်ဝေသူက အထိုးအသတ်၊ သွေး သံရဲရဲတွေ ရေးနိုင်းတယ်။ ဆရာဒေါင်းရေးမယ် ဆိုရင် ဖြစ်နိုင်ပါတယ်လို့ ပိုင်းပြောကြတယ်။ အဲဒီ မှာ ချဥ်ပေါင်ပင် စိုက်လိုက်တာပါပဲ"

♥ *ဝင်းငြိမ်း၊ **'စာသားမဲ့သီချင်း၊ အကြောင်းအရာမဲ့ပန်းချီ၊ ကာရန်မဲ့ကဗျာ'** (ဒေါင်းနွယ်ဆွေနှင့်တွေ့ဆုံခြင်း)၊ ပေဖူးလွှာမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၈၄။*

## စင်ပေါ်တက်လူလုံးပြနေမှတော့

### ကိုရိုးကွန့်

"...... နောက်ပိုင်းမှာ၊ ကိုကျော်ရင်မြင့်၊ ကိုသိုက်ထွန်းသက်နဲ့ ကိုကျော်စိုးဝင်းတို့သုံးဦးက အလှည့်ကျရေးတယ်လို့ ကြားသိရတယ်။ ကိုသိုက်ကလည်း တခြားနာမည်နဲ့ မဟေသီမဂ္ဂဇင်းမှာ ဆောင်းပါးရေး၊ ကိုကျော်ရင်မြင့်ကလည်း 'ဖလင်းသစ်' ကလောင်နာမည်နဲ့ ရွှေဝတီမှန်မဂ္ဂဇင်းမှာ ဝတ္ထုအညွှန်းရေးတော့ စာအိုးကလောင်ဟာ သူ့လက်ထဲရောက်သွားတယ်။ နောက်ပိုင်း 'စာအိုး' ဟာ တစ်ဦးတစ်ယောက်တည်းရဲ့ အရေးအသားများဖြစ်ပါတယ်။ သို့သော် 'ကျွန်တော်တို့' ဆိုတဲ့ နာမ်စားကို ဆက်လက်သုံးစွဲနေတာ တွေ့ရတယ်။ စာပေဆုပေးပွဲမှာ 'ဆရာစာအိုး ကြွပါခင်ဗျား'လို့ ဖိတ်ခေါ်လိုက်ရင် စင်ပေါ်တက် လူလုံးပြနေမှတော့ 'ကျွန်တော်တို့'လုပ်မနေပါနဲ့တော့။

♥ *ကိုရိုးကွန့်၊ '**စာအိုးသို့**'၊ မဟေသီမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၆။*

## စစ်တို့၏သဘော

ဘုရင့်နောင်(မြန်မာ ၈၇၇-၉၄၃)

"စစ်တို့၏သဘောသည် အင်အားနည်းသည် များသည်မဆိုရ။ လုပ်ရည် ကြံရည် အရဲအစွမ်း သာ အရင်းဖြစ်သည်"

♥ *ဦးကုလား၊ မဟာရာဇဝင်ကြီး၊ ဒုသမတွဲ။*

## စိန်ခေါ်တာကို လက်ခံနိုင်တဲ့သတ္တိ

**အောင်သင်း**

"ကြီးပွားအောင်မြင်ချင်တဲ့လူဟာ စိန်ခေါ်ခြင်းကို လက်ခံနိုင်ရမယ်။ စိန်ခေါ်ခြင်းကို လက်ခံနိုင်တဲ့ သတ္တိမရှိရင် မကြီးပွားချင်ပါနဲ့။ ဦးအောင်လှကို ဘယ်သူက စိန်ခေါ်သလဲ။ သချ်ာ ...။ အဲဒီတော့ သချ်ာက စိန်ခေါ်တဲ့ဥစ္စာကို လက်ခံနိုင်တဲ့ သတ္တိရှိမှ၊ ကုန်ကုန်ပြောလိုက်မယ်၊ ဖားသွေးတယ် ဆိုတာ ကျောက်တုံးပေါ်သွေးရတာ၊ ကတ္တီပါပေါ် သွေးလို့ ထက်လာမှမဟုတ်ဘူး၊ စိန်ခေါ်တာကို လက်ခံနိုင်မှ အောင်မြင်တာ၊ အောင်မြင်ချင်တယ်ဆိုလို့ရှိရင် တိုက်ပွဲရှိရတယ်။ ဘာတိုက်ပွဲမှ မရှိဘဲနဲ့ 'ငါ အောင်မြင်တယ်' ဆိုရင် အရူးဖြစ်နေမယ်။ ဒီလိုလုပ်နေလို့ မရဘူး"

♥ *အောင်သင်း၊ ရည်မှန်းချက်အကြောင်း၊ ဇန်နဝါရီ၊ ၁၉၉၄။*

**ဆင်းရဲသားများ ထမင်းဝဝ စားနိုင်မှ**

**ဘိုးတော်ဦးဝိုင်း**

"မင်းတို့မည်သည် ပြည်သူဆင်းရဲသားတို့ သာယာဝပြောစေရန် စီမံအုပ်ချုပ်ရတယ်။ ပြည်သူ ဆင်းရဲသားများ ထမင်းမဝရင် နိုင်ငံတော် အေးမည်မဟုတ်ဘူးကွယ့်။ ဘယ်လိုပဲ ရာဇဝတ်အမှုထမ်းတို့ တိုးချဲ့ထားနိုင်သော်လည်း ရာဇဝတ်မှု နည်းပါးမည်မဟုတ်၊ ပြည်သူဆင်းရဲသားတို့ မဆင်းရဲဘဲ ထမင်းဝဝ အေးအေးချမ်းချမ်း စားသောက်နေထိုင်ကြသည်ဖြစ်ပါက ရာဇဝတ်မှုနည်းပါးခြင်း အကြောင်း ဖြစ်ပေတယ်။ ဒါကြောင့် နိုင်ငံတော်အတွင်းမှာ စပါးကျီတော်၊ ပဲကျီတော်များ ထားရတယ်"

♥ *မှော်ဗီဆရာသိန်း၊ 'ပါးစပ်ရာဇဝင်'၊*

*ရန်ကုန်၊ ဂန္ဓမာစာပုံနှိပ်တိုက်၊ ၁၉၂၆။*

## တကယ့်အနုပညာရှင်ဆိုတာ

ညီသစ်

"တကယ့်အနုပညာရှင်ဆိုတာ ကိုယ်ကျိုးစွန့်အနစ်နာခံနိုင်ခြင်းဆိုတဲ့ အချက်တစ်ချက်ဟာ မရှိမဖြစ်လိုအပ်ပါတယ်။ အထူးသဖြင့် 'လူနဲ့အနုပညာ စစ်စစ်ဟာ မတည့်ပါဘူး' သာမန်စာရေးတယ်၊ ကဗျာရေးတယ်၊ ဆောင်းပါးလေးရေးပြရုံမျှနဲ့ မဖြစ်ဘူး။ အတုနဲ့အစစ်ဆိုတာ အလွန်ကြီးမားတဲ့တန်ဖိုး ခြားနားပါတယ်။ တစ်ဘဝလုံးပုံပြီး နှစ်မြုပ်စွန့်လွှတ်ကာ အနုပညာကို အညစ်အကြေး အစွန်းအထင်းမခံဘဲ သေသည်အထိ မက်မောတွယ်တာစွာနဲ့ ချစ်မြတ်နိုးဖို့ဆိုတာ လက်တွေ့အလုပ်မှာ အလွန်ခက်ခဲလွန်းတယ်"

♥ *တင်တင်ဦး။*

***ဆရာညီသစ်နှင့်စကားပြောခြင်း၊***

*ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း၊*

*ဖေဖော်ဝါရီ၊ ၂၀၀၁ခုနှစ်။*

## တစောင်းစေးနဲ့ မျက်ချေး

**ဇော်ဇော်အောင်**

"ရှေးရိုးသမားများနဲ့ မော်ဒန်သမားများ ပြဿနာ ဖြစ်ကြတာ၊ တစ်ခါတစ်ရံ တစောင်းစေးနဲ့ မျက်ချေးဘဝရောက်ကြရတာ၊ အပြန်အလှန် ရေးသားကြရာမှာ စာဖတ်ဝါနုသူတွေက ရန်ဖြစ်တယ်ချည်း ထင်ကြတာ၊ ကာယကံရှင်တွေကိုယ်တိုင်လည်း အတ္တတွေဖုံးပြီး၊ လေးစားသင့်တဲ့စာဖတ်ပရိသတ်ကြီးကိုပါ စော်ကားမော်ကားပြောမိတာတွေ၊ ရှေးရိုးသမားတွေက မော်ဒန်သမားတွေကို 'မင်းမဲ့ဝါဒ' တွေလို့မြင်ပြီး၊ မော်ဒန်သမားတွေကလည်း ရှေးရိုးသမားတွေကို 'ဘိုးတော်ဘုရားလက်ထက်က အလကားလူကြီးတွေ'လို့မြင်တာတွေ အားလုံးဟာ တတိယအမျိုးအစားဖြစ်တဲ့ မော်ဒန်ဝတ္ထု စာတ်လမ်းအမျိုးအစားကြောင့် ဖြစ်လာရတာယ်လို့ ကျွန်တော် ယူဆမိကြောင်းတင်ပြအစီရင်ခံခဲ့ပါတယ်"

♥ ဇော်ဇော်အောင်။

*ဇာတ်လမ်းအခြေခံ သီဝရီမှတ်ချက်အချို့၊*

*ရှေ့ဝတီမဂ္ဂဇင်း၊ အမှတ်(၁)၊ ၁၉၈၉။*

## တရားတယ်၊ မတရားဘူးဆိုတာ

**ဗိုလ်ချုပ်အောင်ဆန်း (အောင်ဆန်း)**

"ဆိုင်တာပေါ့နောင်တော်၊ နောက်ပြီး ဒီကိစ္စကိုက နိုင်ငံရေးပါနေတာပဲ။ နောင်တော်တို့ ညီတော်တို့ အနွယ်တော်တွေဟာ မြန်မာ့နိုင်ငံရေးမှာသာ မဟုတ်ဘူး၊ အင်္ဂလိပ်နိုင်ငံရေးမှာပါ ပါနေကြတယ်။ ညီတော် ရှင်းပြတာကို နားထောင်ကြည့်ပါဦး။ ဆိုင်ပုံက ဒီလိုပါ။ ဘိုးတော်သီပေါမင်းကို မတရားနန်းချပစ်တာက အင်္ဂလိပ်နယ်ချဲ့ပဲ။ ဒီတော့ ဒင်းတို့က ဒင်းတို့နယ်ချဲ့တာ၊ သီပေါမင်းကို နန်းချပစ်တာ၊ သူတို့မှန်ပါတယ်ဆိုတဲ့ သက်သေခံအထောက်အထားတွေ လုပ်ထားမှာပေါ့။ ဒါကို ကောင်းတယ်၊ အဖိုးတန်တယ်လို့ အထင်ကြီးနေဖို့ မလိုပါဘူး နောင်တော်"

♥ *ဦးအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)။*

***'သီပေါ၏မဟေသီနှင့် သီပေါ၏မြေး'***

*ယနေ့မြန်မာစာအုပ်များ၊ ဟသ်ာစာပေ၊ ၁၉၇၂။*

## တလွဲအတွေး

ပြေ(ဆေး-၂)

"နောက်လာမယ့် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်သားသမီးတွေရဲ့ ရည်မှန်းချက်ဟာ ပညာတတ်ဖို့မလို၊ ဂျပန်မှာ ပန်းကန်သွားဆေးရင် ရတယ်ဆိုတဲ့ တလွဲအတွေးမျိုး မဝင်ကြစေဖို့ပါ။ 'အလုပ်ဟူက ဂုဏ်ရှိစွ'ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ဟာ သူလိုရာဆွဲပြောဖို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာပြည်လွတ်လပ်ရေးရဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်ဟာ ဂျပန်ပြည်မယ် စစ်ပညာကို အနစ်နာခံပြီး သွားသင်ခဲ့ကြတယ်။ . . . . အဲဒီတုန်းက သွားကြတဲ့ ရဲဘော်သုံးကျိပ်ဝင်တွေရဲ့ ရည်ရွယ်ချက်လည်း ရှင်းတယ်။ ပြတ်တယ်။ စစ်ပညာသွားသင်ဖို့၊ လွတ်လပ်ရေးရအောင် အင်္ဂလိပ်ကို တိုက်ဖို့ပါ။"

♥ ပြေ၊ဆေး-၂၊

**တို့ခေတ်ရောက်မှ ညှံ့ကြတော့မှာလား၊**

မေ၊ ၁၉၉၄။

## တို့ဗမာစာတမ်း

**သခင်ဘသောင်း(၁၉၀၂-၁၉၈၁)**

"ဗမာပြည်သည် တို့ပြည်
ဗမာစာသည် တို့စာ
ဗမာစကားသည် တို့စကား
တို့ပြည်ကို ချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ"

♥ သခင်ဘသောင်း။ **တို့ဗမာစာတမ်း**၊ ဂန္ထလောကမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၃၀။

## တစ်ကမ္ဘာလုံးအကြောင်းရေးတာပဲ
သုမောင်

"ဒီမိသားစုတွေအကြောင်းရေးလို့ ကျဉ်းတယ်လို့ ထင်ရပေမယ့် (ဒါ ကျွန်တော်ကိုယ်တိုင်လည်း ထင်ပါတယ်၊ ငါရေးတာကျဉ်းတယ်လို့) သို့သော် မဟုတ်ဘူးဗျ။ သေသေချာချာပြန်စဉ်းစားတော့ အဲဒီလူတွေဟာလည်း လူတွေပဲဆိုတာ သွားတွေ့တယ်။ သူတို့က ခွေးတွေ နွားတွေမှ မဟုတ်ဘဲ။ လူတွေဗျ . . . လူတွေဆိုတဲ့အတွက်ကြောင့် ကျွန်တော့် အသိုက်အဝန်း၊ ကျွန်တော့်မိသားစုထဲမှာရှိတဲ့ ချမ်းသာတဲ့လူတွေ၊ ကား ၁၃–၄ စီးပိုင်တဲ့ လူတွေရှိသလို လုံးဝစုတ်ပြတ်သတ်ပြီး တဲကုပ်မှာ နေရတဲ့ လူတွေလည်းရှိတာပဲ။ သူတို့အကြောင်းကို ရေးတဲ့အတွက် ဝတ္ထုတွေရလာတယ်။ အဲဒါ လူတွေအကြောင်းကို ရေးတာပဲ။ အဲဒါ တစ်ကမ္ဘာလုံး အကြောင်း ရေးတာပဲလို့ ကျွန်တော်ထင်တယ်"

♥ *ဝင်းငြိမ်း။ သုမောင်နှင့်တွေ့ဆုံခြင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၈၄။*

## တစ်ခုခုတော့ လိုနေတာပဲ

**ဒေါ်ခင်မျိုးချစ်**

"ဘဝရည်မှန်းချက်ဆိုတာ ဘဝရဲ့ပန်းတိုင်ပေါ့လေ။ မိမိရည်မှန်းထားတဲ့ အဲဒီပန်းတိုင်ကို ရောက်တယ်။ မိမိဘဝမှာ ဆုပ်ဆုပ်ပိုင်ပိုင် ဖြစ်ရတယ်ဆိုတာ 'ဘဝအောင်မြင်မှုရပြီ'လို့ ပြောနိုင်ပါသလားဆိုရင်တော့ မပြောနိုင်ဘူး။ ပြီးပြည့်စုံတဲ့ ဘဝရဲ့အောင်ပွဲဆိုတာ ဘယ်တော့မှမရပါဘူး။ ဒီဘဝမှာလည်း မရဘူး၊ နောင်တစ်သံသရာလုံးလည်း မရဘူး။ ကိုင်း အဲဒီလိုမရလို့ မလုပ်နေမလားဆိုတော့ လုပ်ရမှာပဲ၊ တစ်ခုခုတော့ လိုနေသေးတာချည်းပါပဲ။

♥ *ဒေါ်ခင်မျိုးချစ်။ သက်ကြီးစကား၊ သင့်ဘဝမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၉၄။*

**တစ်မူးတန်ဝတ္ထုခေတ်**
**နယဉ်**

"အဲ..တစ်မူးတန်ဝတ္ထုခေတ်မှာ ဆရာမတို့ အရွယ်ရောက်နေပြီပေါ့။ တစ်မူးတန်ဝတ္ထုကြလေးတွေဖတ်ရတာ ခိုးဖတ်ရတာပေါ့။ တစ်မူးတန်ဆိုတဲ့အတိုင်းပဲ စာထဲမှာဖတ်ရင်း ယူစ်မူးလာတယ်။ ရင်ခုန်တယ်။ နောက်ထပ် ဆက်ဖတ်ချင်လာတယ်။ ဒါကတော့ လူငယ်ရဲ့သဘာဝအခြေအနေက ပေးတဲ့သဘောပါ။ ခုခေတ်လိုတောင် အချစ်တွေလွှမ်းနေတဲ့ စာပေမဟုတ်ခဲ့ပါဘူး။ အရွယ်နဲ့အခြေအနေအရ တစ်မူးတန်အချစ်ဝတ္ထုတွေဖတ်ပြီး ယစ်မူးရင်ခုန်ခဲ့ရပေမယ့် စာဖတ်တဲ့မိန်းကလေးမှာသတိဆိုတာတော့ ရှိနေတာပဲ။ ကောင်းတဲ့ရည်ရွယ်ချက် လက်မလွှတ်ခဲ့ပါဘူး။"

♥ စာတည်းအဖွဲ့ဝင်တစ်ဦး၊ စာပေစကားဝိုင်း ပေဖူးလွှာမဂ္ဂဇင်း၊ ရှုလိုင်၊ ၁၉၈၅။

**တပ်ပေါင်းစု**

**အာဏာဝက သခင်ဘိုးလှကြီး**

"တပ်ဦးမှနေ၍ နယ်ချဲ့စနစ်ကို တွန်းလှန်ဖြိုဖျက်နေသော ဆင်းရဲသားတို့ကို ကျောင်းသားများက တပ်တောင်တာ ဗိုလ်ထုနှင့် တစ်သံတည်း ရဲဘော်စုရုံးမိစေပြီးလျှင် စစ်ကူပေးခြင်း၊ အားဖြည့်ခြင်း၊ အကြံဉာဏ်ပေးခြင်း . . . တပ်ပေါင်း၍ တိုက်ရတော့မည်ကား မလွှဲသာသော မဟာဝတ္တရားကြီး ဖြစ်သတည်း။"

♥ အာဏာဝက သခင်ဘိုးလှကြီး၊
သပိတ်စစ်ပွဲ၊ ၁၉၃၈။

## တန်းတူအခွင့်အရေး

### အင်ဒီပင်းဒင့်ဒေါစန်း(၁၈၈၆-၁၉၅၀)

"အခုခေတ်ကျတော့ မိန်းမတွေမှာ ယောကျ်ားတွေနဲ့ တန်းတူ အခွင့်အရေးတွေရလာကြပြီ။ ယောကျ်ားတွေလို စွမ်းစွမ်းတမံ နင်လားငါလား ပြိုင်တူလုပ်နိုင် ကိုင်နိုင်ကြပြီ။ ပညာများလည်း အပြိုင်အဆိုင် သင်ကြားခွင့်ရ၊ တတ်မြောက်ကြပြီဖြစ်လို့၊ တိုင်းပြည်မှာ မိန်းမအမတ်၊ မိန်းမရှေ့နေ၊ မိန်းမဝန်ကြီး၊ မိန်းမ တရားသူကြီး၊ မိန်းမအယ်ဒီတာ၊ မိန်းမစာရေးစာချီ၊ မိန်းမစစ်ဗိုလ်၊ မိန်းမ လေယာဉ်မှူး မောင်းသမား စသည်ဖြင့် ယောကျ်ားတွေနဲ့ တန်းတူလိုက်ပြီး အလုပ်လုပ်နိုင်တဲ့ ခေတ် ရောက်လာပြီမို့ ရှေးရှေးတုန်းကလို မိန်းမကို မှိုချိုး မျှစ်ချိုး အူတိုမျိုးရယ်လို့ ကဲ့ရဲ့သကြိုဟ်အပြစ်ဆိုခံရခြင်းမှ လွတ်ကင်းနိုင်သမျှ၊ လွတ်ကင်းအောင်နေကြရလိမ့်မယ်။ နေရာတကာမှာ သဘောထားကြီးကြရ လိမ့်မယ်။ စိတ်ထားမြင့်မြတ်ကြရလိမ့်မယ်။ အပရိက

ဂုဏ်ပကာသနရှိမှု၊ ဂုဏ်ယူမှု၊ မာနကြီးမှု၊ သူများ ကောင်းစားတာကို မနာလိုမှု၊ သူများရဲ့မကောင်း တင်းပြောမှုတွေကို ပယ်ကြရလိမ့်မယ်။"

♥ *အင်ဒီပင်းဒင့်ဒေါစန်း၊ ထွေရာစိတ်ကူး၊ (ပထမအုပ်)၊ ရန်ကုန်မြို့။ သုခမ္ဗဝတီ စာပုံနှိပ်တိုက်၊ မေ၊ ၁၉၄၉။*

## ထမင်းဆိုတာ ခွေးတောင် မငတ်ဘူး
### အကြီးတော်မင်း ဦးသံမှို (၁၁၉၇-၁၂၆၆)

"သူတို့ မတတ်လို့ ငါ့ထံလာကြသည်။ (ကောင်းကောင်းရေးပေးလိုက်ပါ)ဟု အာဏာသံကလေးနှင့် အမိန့်ပေးသောစကားသံကို ကြားရလို့ ငါငြင်းပယ်လိုက်ခြင်းဖြစ်တယ်။ ငါက . . .ငါ့စာကိုဖျင်းအောင်ရေးမှာလား။ နားမလည်၊ မတတ်၍ အလိုရှိလျှင် အကြီးတော်မင်း...ရေစက်ချဆုတောင်း မစလိုက်ပါဟုဆိုလျှင် ငါနေမည်မဟုတ်။ ကိုယ့်ပညာကို ကိုယ်လွှာ၍နိုးသည့်အတိုင်း ရေးပေးမှာပဲကွယ့်၊ မျက်စိလည်လမ်းမှား ချောက်ကမ်းပါးကျပြီး၊ မနေဂုဏ်ကြွယ်သူဖြစ်၍ အာဏာသံလေးနှင့် ပြောတာကို ငါက မခံချင်ဘူးဟေ့၊ မှတ်ထား။ ငါတို့မရှိလျှင် မင်းတို့လည်း ဆရာအခေါ်ခံကြရပေလိမ့်မည်။ ပညာရှိလုပ်မည်ကြလျှင် အနှိပ်သည်နှင့် မတူလေနှင့်။ သူတို့တွေ့ရှိတာက တစ်မျိုး၊ ငါတို့မှာ ပါရမီအလျောက် ဆည်းပူးလာရသော ပါရမီ

ဖြစ်သည်။ ထို့ကြောင့် ထမင်းကိစ္စအတွက်ကြောင့် မနေဂုဏ်ကြီးတဲ့သူအောက် ဒူးမတုပ်လေနဲ့။ ကြပ်ကြပ်မှတ်ထား . . ထမင်းဆိုတာ ခွေးတောင်မငတ်ဘူး၊ မှတ်ထားလေ"

♥ *မော်ပီဆရာသိန်း။ ပညာရှိများအကြောင်း၊ နတ်တလင်းမြို့။*

*ပညာအလင်းပြစာပုံနှိပ်တိုက်(ပ-ကြိမ်)*

## ဒီကနေ့ မြန်မာဝတ္ထုများနဲ့ ပတ်သက်လို့

**ထင်လင်း၊ (၁၉၁၉-၁၉၉၆)**

" ဒီကနေ့ မြန်မာဝတ္ထုများကို ကြည့်တဲ့အခါ၊ မြန်မာစာရေးဆရာများဟာဘယ်လောက်ရင့်ကျက်သလဲ၊ ဘယ်လောက်ကြည့်တတ် မြင်တတ်သလဲဆိုတဲ့ အချက်တွေကို သတိပြုကြည့်ရမယ်ထစ်ပါတယ်။ ယနေ့ မြန်မာဝတ္ထုများမှာ အတင်းအဖျင်းဆန်ဆန် ဝတ္ထုမျိုး ဘယ်လောက်ပါလို့ တရားသဘော ကောက်ချက်ချနိုင်တဲ့ဝတ္ထုမျိုး၊ ဘယ်လောက်ပါသလဲ။ မြန်မာဝတ္ထုဆရာများရဲ့ စိတ်အခြေအနေမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့ စေတသိက်တွေ ဘယ်လောက်ပါသလဲဆိုတဲ့ အတိုင်းအတာတွေနဲ့ ကြည့်ရမယ်ထင်ပါတယ်။"

♥ *စာတည်းအဖွဲ့ဝင်တစ်ဦး၊* ***စာပေစကားဝိုင်း၊*** *ပေဖူးလွှာမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၈၅။*

## နာမည်

**ရွာစားကြီးစိန်ဗေဒါ(၁၈၈၂-၁၉၄၂)**

"မောင်လေးတုန်းကတော့ ကောင်းတယ်၊ ငယ်သေးတာကိုး၊ ဗေဒါမောင်လေးဆိုတော့လည်း ကောင်းတယ်၊ နင်လား ငါလား ရိုက်နှက်တီးတာပဲ၊ တပည့်လည်းပတ်လုံးနဲ့ ထုချင်ထုတာ၊ ပညာနဲ့ပတ်သက်ရင် ကြွေးမထားနိုင်ဘူး။ နာမည်က စိန်ဗေဒါ၊ နေမျိုးဗလကျော်သူဆိုတော့ နာမည်ကကြီးလာပြီ။ ဆရာ ဒါကလေးတီးပါဆိုပြီး မတီးတတ်ရင် အရှက်ကွဲမှာစိုးလို့ ကြိုးစားရတယ်။ ဆရာဖြစ်နေပြီး ဒီသီချင်းကလေးပေးစမ်းပါဆိုလို့ မပေးနိုင်ရင် အရှက်ကွဲမှာပေါ့"

♥ *လူထုဒေါ်အမာ။*
**ပြည်သူချစ်သောအနုပညာသည်များ၊**
*မန္တလေး၊*
*လူထုကြီးပွားရေးစာအုပ်တိုက်၊ ၁၉၆၄။*

## နေ့စဉ်မှတ်တမ်း

မောင်ညိုပြာ

"နေ့စဉ်မှတ်တမ်းရေးသူတွေက သူကျင်လည်ရာ သူ့ပတ်ဝန်းကျင်၊ သူလက်လှမ်းမီတဲ့ အဖြစ်အပျက်တွေကိုသာ သူမှတ်သားထားတာပေါ့။ ပြည့်တန်ဆာလုပ်ငန်းလုပ်စားတဲ့ လူတစ်ယောက်ရဲ့နေ့စဉ်မှတ်တမ်းဟာ ညီအက်အက်ကြီးဖြစ်နေမှာပါပဲ။ ကျွန်တော်တို့ အိမ်နားက ကျွန်တော့်မိတ်ဆွေတစ်ယောက်ရဲ့ ဒိုင်ယာရီစာအုပ်ဆိုရင် သူ့အကြောင်း မရေးဘူး။ သူ့ချစ်သူအကြောင်းတွေချည်းပဲ။ သူ့ချစ်သူကလေး ဒီနေ့ဘာပြောတယ်။ ဘာဝတ်တယ်၊ ဘယ်လိုပြုံးတယ်ဆိုတာကို ရင်ဖိုဖိုနဲ့ရေးထားပေါ့။ လူတွေဟာ သူတို့အရေးကြီးတယ်လို့ထင်တဲ့ အဖြစ်အပျက်တွေ၊ တန်ဖိုးရှိတယ်ထင်တဲ့ အချက်အလက်တွေကိုသာ သူ့မှာရှိတဲ့ဉာဏ်ရည်ကိန်းရဲ့ အဆင့်အတန်းနဲ့ ညီတဲ့အမြင်များ၊ အရေးအသားများနဲ့ သူရေးမှာပါပဲ"

♥ မောင်ညိုပြာ။ **လွမ်းတဲ့ဒိုင်ယာရီ၊**
စိတ်ကြိုက်လက်ရွေးစင်ရသစာတမ်းများ၊
ဒီဇင်ဘာ၊ ၂၀၀၀။

## နို့ပုန်းစား

**ဆန်းထွန်း၊ မန်းတက္ကသိုလ် (၁၉၁၅-၁၉၈၉)**

"ကိုယ့်မိခင်ထံမှာ ဝဝလင်လင်ကြီး မိခင်ရဲ့နို့ချိုကို စို့ရတဲ့ သားသမီးက တစ်မျိုးရှိပါတယ်။ တချို့က 'နို့ပုန်းစား'ဆိုတာ ရှိတယ်။ ဟိုအမေနို့ လိုက်စို့၊ ဒီအမေနို့ လိုက်စို့၊ မိခင်အရင်းက တင်းတင်းမာမာ၊ တည်တည်ရယ်ရယ်မရှိလို့၊ ဟိုအမေ၊ ဒီအမေဆီမှာ နို့ကိုတောင်းစို့ရတယ်။ အဲဒါကို 'နို့ပုန်းစား' လို့ခေါ်တယ်။ နို့ကို တောင်းပြုစို့ရတဲ့အတွက် 'နို့ပုန်းစား' လို့ခေါ်တာပဲ။ 'နို့ပုန်းစား' ဆိုတာမှားတယ်"

♥ ဝင်းငြိမ်း၊ **ဆန်းထွန်း၊ မန်းတက္ကသိုလ်နှင့် တွေ့ဆုံခြင်း**။ ပေဖူးလွှာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၈၅။

## နောင်တ

### ဒေါက်တာ ဒေါ်မြင့်မြင့်ခင်

"ကမ္ဘာမှာ AIDS ဆိုတဲ့မီးကြီး တဟုန်းဟုန်း လောင်နေပါပြီ။ မြန်မာပြည်ကိုလည်း ကူးစက်ပြီး ရောက်နေပါပြီ။ အေးနေလို့တော့ မဖြစ်တော့ပါဘူး။ လုပ်စရာရှိတာကို မဆိုင်းမတွလုပ်ကြရန် လိုနေပါပြီဆိုတာ လူတိုင်းလူတိုင်း သိဖို့လိုပါတယ်။ အချိန်က သိပ်စကားပြောမှာဖြစ်တယ်။ ဒီကိစ္စကို အချိန်မီအလေးဂရုထားပြီး မလုပ်ဘဲ၊ လျစ်လျူရှုလိုက်ရင်တော့ နောက်ဖြစ်မယ့်ကိစ္စတွေက မစဉ်းစားဝံ့အောင်ပဲ။ ကြောက်စရာကောင်းလှပါတယ်။ နောင်ပြင်လို့မရတဲ့ ကိစ္စမျိုးမို့၊ အခု တာဝန်ကြေကြေမလုပ်လိုက်ရင် နောင်လာနောက်သားတွေလည်း အခုရှိတဲ့လူတွေကို အပြစ်တင်မဆုံး၊ စိတ်နာမဆုံးဖြစ်နိုင်ပါတယ်။ နောင်တဆိုတာက

လူတိုင်းသိပြီးတဲ့အတိုင်း၊ အချည်းနှီးဖြစ်သတဲ့။ အစွမ်းမဲ့တဲ့စိတ် ဖြစ်ရပ်တစ်ခုပါ။ နောင်တမရချင်ကြပါနဲ့။"

♥ ဒေါက်တာမြင့်မြင့်ခင်၊
**လူတိုင်းအတွက်ထိုးတဲ့ ခေါင်းလောင်း၊**
မန္တလေး၊ လူထုကြီးပွားရေးစာအုပ်တိုက်၊
ဖေဖော်ဝါရီ၊ ၁၉၉၅။

## ပညာဖြင့် တန်ခိုးကြီးသူ
### သိန်းဖေမြင့်(၁၉၁၄-၁၉၇၈)

"လောကမှာ ခေါင်းဆောင်များဟာ အာဏာဖြင့်လည်းကောင်း၊ ပညာဖြင့်လည်းကောင်း၊ ပညာနှင့်အာဏာနှစ်ပါးစလုံးဖြင့်လည်းကောင်း၊ တန်ခိုးကြီးလာကြတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကတော့ ပညာဖြင့်တန်ခိုးကြီးသော ခေါင်းဆောင်ဖြစ်တယ်။ တန်ခိုးကြီးဖို့မှာတော့ သီလကတော့ မရှိမဖြစ်ဟု ထင်ပါတယ်"

♥ *သိန်းဖေမြင့်၊ 'သခင်ကိုယ်တော်မှိုင်းဆိုတာဘာလဲ'။ ဗိုလ်တထောင်သတင်းစာ၊ ၂၆ရက်၊ ဇူလိုင်၊ ၁၉၆၄။*

## ပညာရှိတို့ ကဲ့ရဲ့မည်ကို

ကင်းဝန်မင်းကြီးဦးကောင်း (၁၈၂၂-၁၉၀၈)

"အို..မင်းမြတ်၊ ကျွန်တော်မျိုး ထပ်၍တင်ပါ၏။ အင်အားချည့်နဲ့၍ လူမမာသဖွယ်ရှိနေသော ဤနိုင်ငံသည် စစ်မက်ကိုနိုင်အောင် ဘယ်နည်းနှင့်မျှ မတိုက်နိုင်။ ကျွန်တော်မျိုးအား ကြောက်ရွံ့သူ၊ ထဘီနှင့်သာတန်သည်ဟု ဆိုပါလေ။ ဆိုရုံမက အမျက်တော်ထားတော်မူလျှင် ဓားနှင့် အသက်ကို စီရင်တော်မူပါ။ မိမိ၏အရှက်၊ မိမိ၏ အသက်အတွက် နိုင်ငံနှင့်အရှင်သခင်အပေါ် ကျရောက်မည့်ဘေးကိုမြင်လျက် မမြင်ကုန်ပြုသည်မှာ ကျေးဇူးသစ္စာတော်ကို အကယ်စင်စစ် စောင့်သူတို့ ပြုအပ်ရာမဟုတ်။ နောင် ရာဇဝင်ကြောင်း၌ 'မောင်ကောင်း' ရှိလျက်၊ နိုင်ငံရေတိမ်နစ်ရလေဟု ပညာရှိ၏ကဲ့ရဲ့မည်ကို ကျွန်တော် မခံလိုပါ။ ဤသို့ ခံရမည်ထက် ဤနေရာတွင် အသက်ဆုံးရမည်က ပိုမြတ်ပါ၏"

♥ *တက္ကသိုလ်ဘုန်းနိုင်၊ သူ့ကျွန်မခံပြီ။ မြစာပေ(တ-ကြိမ်)၊ ၁၉၆၅။*

## ပညတ်
### နေလဝိဇ္ဇာဆရာနိုင် (မြန်မာသမားတော်ကြီး)

"မူလပညတ်နဲ့ ဝေါဟာရပညတ်တို့တွင် စေတနာနှင့် လျှုသောအလှူသည် လူ့ဘုံနတ်ဘုံသာ အကျိုးပေးသည်။ သဒ္ဓါနှင့်လှူသောအလှူသည်သာလျှင် သုံးဆယ့်တစ်ဘုံမှ လွတ်မြောက်ခြင်းရှိပေသည်။ သဒ္ဓါနှင့်ပြုလုပ်သော ပြုဖွယ်ကိစ္စတို့ကိုသာ ဘုရားအစရှိသော သူတော်ကောင်းတို့နှစ်သက်တော်မူ၍ စေတနာနှင့်ပြုလုပ်ခြင်းကား ဝေါဟာရပညတ်နှင့် တူလျက် သဒ္ဓါနှင့်ပြုလုပ်ခြင်းကား မူလပညတ်နှင့် တူလေသည်။"

♥ *ဂျာနယ်ကျော် မမလေး။ 'နေလဝိဇ္ဇာဆရာနိုင်နှင့်အင်္ဂလန်မှ မစ္စစ်ဟတ်ဆင်တို့ဘာတွေဆွေးနွေးခဲ့ကြသလဲ' ရန်ကုန်။ ငွေစန်းရောင်စုံပုံနှိပ်တိုက်၊ ခုနှစ်မသိ။*

## ပရဟိတကိုက်တံ

**ပါရဂူ**

"လောကမှာ လူတစ်ဦးတစ်ယောက်ကို အထင်ကြီး လေးစားတဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး အမြင်ချင်း မတူကြပါဘူး။ တချို့က ဥစ္စာရှိသူကို အထင်ကြီး ကြတယ်။ တချို့က အာဏာရှိသူကို အထင်ကြီး ကြတယ်။ တချို့က ပညာရှိသူကို အထင်ကြီးကြ တယ်။ ကျွန်တော်ကတော့ ကိုယ်ကျိုးမကြည့်ဘဲ သူတစ်ပါးအကျိုးကို သယ်ပိုးတဲ့လူကို အထင် အကြီးဆုံးပဲ။ အကြီးမြတ်ဆုံးပုဂ္ဂိုလ်လို့ တိုင်းတာတဲ့ နေရာမှာ ကျွန်တော့်ရဲ့ကိုက်တံဟာ ပရဟိတ အလုပ်ပဲ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို သူ ဆောင်ရွက်တဲ့ပရဟိတအတိုင်းအတာပမာဏကို ကြည့်ပြီး ကြီးရင်ကြီးသလောက်၊ များရင် များ သလောက်၊ အထင်ကြီးတယ်။ လေးစားတယ်"

♥ *ဝင်းငြိမ်း၊ 'ပါရဂူနှင့်တွေ့ဆုံခြင်း'၊ ပေဖူးလွှာမဂ္ဂဇင်း၊ မတ်၊ ၁၉၈၄။*

## ပါရမီ

**ဗန်းမော်တင်အောင် (၁၉၂၀-၁၉၇၈)**

"ပါရမီဆိုတာ ခန္ဓာဗေဒဖွံ့ဖြိုးမှုနဲ့ပတ်ဝန်းကျင်သင်ကြားမှုပဲ။ မွေးကင်းစ မြန်မာကလေးတစ်ယောက်ကို အင်္ဂလန်မှာသွားထားရင်တော့ ဒီကလေး အင်္ဂလိပ်စကားတတ်သွားမှာပဲ"

♥ *မောင်ညိုပြာ၊ 'ဆေးရုံပေါ်မှ* ***ဗန်းမော်တင်အောင်၊*** *စာပေဂျာနယ်၊ ရှုလိုင်၊ ၁၉၉၁။*

## ပုဂံ(သို့မဟုတ်)နတ်ပြည်အဟောင်းကြီး

**မောင်ဒီ**

"အေးဗျာ . . ပုဂံကိုရောက်သွားတော့၊ ရှုခင်းကတအားအံ့အားသင့်သွားတယ်။ နတ်ပြည်အဟောင်းကြီးကို တွေ့လိုက်ရသလိုပဲ။ ဒီရှေးဟောင်းဟာ သိပ်ကြီးကျယ်တယ်"

♥ *ကိုခါး(ကွမ်းခြံကုန်း)။ မောင်သင်းခိုင် (သို့မဟုတ်)ပျဉ်းမနားအစိမ်း၊ အာဇာနီကဗျာသံနှင့်စပိန်မိုး၊ ရုပ်ရှင်တေးကဗျာ၊ ဇန်နဝါရီ၊ ၂၀၀၁ ခုနှစ်။*

## ပိုက်ဆံမျက်နှာနောက် မလိုက်ဘဲ

**ခင်ဝမ်း (၁၉၄၇–၂၀၀၀)**

"ဒီလိုပါဗျာ . . .ပန်းချီရေးဆွဲမယ်ကြံလိုက်တိုင်း ပန်းချီကားဝယ်သူတို့ရဲ့ အကြိုက်ကိုလိုက်ပြီး ပထမဆုံးစဉ်းစားနေရတဲ့ ဝဋ်ဒုက္ခက ကျွန်တော် လွတ်မြောက်ချင်လွန်းလို့၊ အခုလို ဝင်ကြေးယူစနစ်နဲ့ ပြပွဲကိုခင်းကျင်းပြသရခြင်းပဲဖြစ်ပါတယ်။ ဒီစနစ်အောင်မြင်သွားမယ်ဆိုရင်ဖြင့် ခင်ဗျားတို့ ကျွန်တော်တို့တစ်တွေဟာ အနုပညာရဲ့အပေါ်မှာ သစ္စာရှိရှိနဲ့ ကိုယ်မြင်တာ၊ ကိုယ်သိတာ၊ ကိုယ်ခံစားရတာလေးတွေကို ပိုက်ဆံမျက်နှာနောက်မလိုက်ဘဲ တကယ့်အနုပညာရဲ့အနှစ်သာရတွေကို ဖော်ထုတ်ရေးဆွဲသွားနိုင်ကြမယ်မဟုတ်လားဗျာ။ ဒါကြောင့် ဒီစနစ်ကို ကျွန်တော်စွန့်စားပြီး၊ စမ်းသပ်ကျင့်သုံးလိုက်ရခြင်းပဲ ဖြစ်ပါတယ်"

♥ ပေါ်ဦးသက်၊ **ခဲနေသောဂီတသံများ (သို့မဟုတ်) ခင်ဝမ်း၏ဒြပ်မဲ့ပန်းချီပြပွဲ**။ မိုးဝေမဂ္ဂဇင်း၊ ၁၉၇၁။

## ပင်တိုင်ဆောင်းပါးရှင်ဘဝ

**မောင်သစ်**

"ပင်တိုင်ဆောင်းပါးရှင်ဘဝရဲ့ ပထမဦးဆုံးအခက်အခဲက ကိုယ်ပင်တိုင်ရေးတဲ့ဂျာနယ်ဖြစ်စေ၊ မဂ္ဂဇင်းဖြစ်စေ၊ အပတ်စဉ်ထုတ်ရင် အပတ်စဉ်ပါဖို့၊ တစ်လတစ်ခါထုတ်ရင် တစ်လတစ်ခါပါဖို့ ကြိုးစားရတာပါပဲ။

ပင်တိုင်ဘဝကိုတော့ သတင်းဂျာနယ်ဘဝက စခဲ့ပါတယ်။ 'သတင်းနဲ့စိတ်ကူးတွေလာ' ဆိုတော့ သတင်းကို အခြေခံရပါတယ်။ သတင်းမရရင် ဒါမှမဟုတ် ရေးစရာကောင်းတဲ့ သတင်းမဟုတ်ရင် တွေးလို့လည်းမရ၊ ရေးလို့လည်းမရ ဖြစ်နေရတယ်။ တစ်ခါတလေ နောက်ဆုံးအချိန်ထိ သတင်းစောင့်ရင်း အချိန်မရှိတော့လို့ တယ်လီဖုန်းနဲ့လှမ်းရေးရတာလည်း ရှိသေးတယ်။

♥ မောင်သစ်။ *ကျွန်တော်ကတော့ ပင်တိုင်ပဲ၊*
မတ်၊ ၁၉၆၆။

## ပွင့်ပွင့်လင်းလင်းပဲပြောမယ်

### မြသန်းတင့် (၁၉၂၉-၁၉၉၈)

"သို့သော်...တစ်ခုတော့ ကျွန်တော့်ရင်ထဲမှာ ရှိတယ်။ ပွင့်ပွင့်လင်းလင်းပဲပြောမယ်။ တချို့လူငယ် ကဗျာဆရာတွေက Stunt နည်းနည်းများတယ်။ အသစ်အဆန်းလုပ်ချင်လွန်းအားကြီးနေတယ်။ တစ်ခါတလေကျတော့လည်း အသစ်အဆန်း လုပ်ချင်လွန်းအားကြီးတော့ အစွန်းရောက်သွားပြီး နားမလည်နိုင်တော့ဘူး။ ကျန်တဲ့လူတွေလည်း နားမလည်ဘူး။ သူတစ်ယောက်တည်းပဲ နားလည်တယ်။ သည်အချိန်ကျတော့ ကျွန်တော်ကတော့ ကြည်အေးတို့နဲ့မတူဘူး။ ကဗျာဆိုတာ ကိုယ့်ရင်ထဲက ခံစားချက်ပဲ။ ဘာပဲ၊ ကိုယ့်ဟာကိုယ် စပ်တယ်၊ စသည်ဖြင့်...ဒါဆိုရင် ကိုယ့်ဟာကိုယ်ပဲ စပ်၊ ကျွန်တော်တို့ လာမဖတ်ခိုင်းနဲ့။ ကျွန်တော်မဖတ်ဖူး။ ကဗျာတို့ စာတို့ဆိုတာ လူဖတ်ဖို့ ရေးတာ။ လူဖတ်စေချင်ရင် လူတွေနားလည်အောင် ရေးရမယ်"

♥ နေဝင်းမြင့်။ 'ပင်လယ်နဲ့စကားပြောတဲ့မှန်'

*ကလျာမဂ္ဂဇင်း၊ မေ၊ ၁၉၉၉။*

## ဖန်တီးနိုင်တဲ့ဉာဏ်
## ပန်းချီဆရာကြီး ဦးဘသက်(၁၉၀၃-၁၉၇၂)

"ကိုကိုရ . . .ပန်းချီဆရာမှန်ရင် ဟိုဟာမရှိလို့ ဒီဟာမရှိလို့ဆိုပြီး ကားမဆွဲဘဲ မဖြစ်စေရဘူးကွ။ ရှိတာနဲ့ ဆွဲတတ်ရမယ်။ အခရာက ဖန်တီးနိုင်တဲ့ ဉာဏ်ပဲ။

♥ *ပေါ်ဦးသက်၊*
***မမျှော်လင့်ဘဲလည်း ဖြစ်တတ်၏၊***
*မန္တလေးမဂ္ဂဇင်း၊ မတ်၊ ၁၉၇၉။*

## ဖန်တီးမှုနဲ့ဖွဲ့စည်းခြင်း
### ပန်းချီဆရာကြီးဦးခင်မောင် (ဘဏ်)

"ဘယ်ပန်းချီမဆို လှမယ့်အယူအဆနဲ့ရေးဖော်ခြင်း၊ နှလုံးသားထဲမှာ သိမထားနိုင်လို့ ထုတ်ဖော်ခြင်းပါ။ Theme ဆိုတဲ့ အကြောင်းအရာက အဓိက မဟုတ်။ ကားထဲပါဝင်တဲ့ပစ္စည်းတွေကို နေရာတကျဖွဲ့စည်းပုံ(Synthesis)က အဓိက။ အဲဒီပစ္စည်းတွေဟာ သူ့ဥပဒေစည်းကမ်းအရ Unity ဖြစ်အောင် ၁၀%ကနေပြီး ၁၀၀%အထိ ဖန်တီးမှုနဲ့ဖွဲ့စည်းခြင်းပါ။"

♥ *ဦးခင်မောင်၊ ဘဏ်။ **မောင်ပေါဦးသို့၊** ပေါဦးသက် Pot၊ တက်လမ်းစာပေ၊ ဇန်နဝါရီ၊ ၁၉၉၄။*

## ဘဝတစ်ဆစ်ချိုး ဆန်းစစ်ချက်

ခင်မာလာကြာဖြူ။

"ပြောဘိ..မျှော်လင့်နေတာ စိတ်ညစ်စေတာပဲ။ တော်ပြီ။ ဘယ်သူ့ဆီကမှ ဘာမျှမမျှော်လင့်တော့ဘူး။ ငါ လုပ်နိုင်တာလုပ်မယ်။ ငါလုပ်နိုင်သလောက် လုပ်မယ်။ လောကမှာ အရေးကြီးဆုံးက လူပီသအောင်နေဖို့ပဲ၊ ကျန်တာ 'ကံကြမ္မာလက်ထဲ'ဆိုသော စကားအတိုင်း . . .

လူလိုအလုပ်လုပ်မယ်။ လူကို လူလိုမြင်မယ်။ ကိုယ့်ဘာသာ ကျင့်သုံးနိုင်သည့် အကြင်နာတရားကို ကျင့်သုံးမယ်။ ကိုယ့်အမှားတွေ မြင်အောင်ကြည့်ပြီး အမှန်ကိုရှာဖွေဆောက်တည် ဖျိုးထောင်မယ်။ 'ပြုး'မယ်။ တိရစ္ဆာန်အကျင့်များကို ရှောင်မယ်။ ငါ လူ့လောကကြီးကို ရောက်လာတာ ငါနဲ့ အမျိုးတူလူသားတွေကို ငါ့ကြောင့် ဒုက္ခမရောက်စေရဘူး။ ငါ့ကြောင့် နောင်လာနောက်သားတွေအတွက် သည်လောကဟာ နေပျော်စရာအဖြစ်၊

မြင်လာအောင်ကြိုးစားမယ်။ ငါ၏လောဘ၊ ဒေါသ၊ မောဟများကြောင့် သူတစ်ပါးကို စွန်းထင်းစေသူ၊ စွက်ဖက်သူ၊ စော်ကားသူမဖြစ်စေရ"

♥ ခင်မာလာကြာဖြူ။

*သမိုင်းမှထွက်ပြေးခြင်းနှင့်*

*အတွေးအမြင်ဆောင်းပါးများ၊ ဒေါင်းစာပေ*

*စက်တင်ဘာ၊ ၂၀၀၀ ပြည့်နှစ်။*

## ဘဝရဲ့အဓိပ္ပာယ်

ခင်မောင်တိုး(မိုးမိတ်)

"နိုင်မှလုပ်မယ်၊ လွယ်မှလုပ်မယ်၊ ခေါ်ရင်ရောက်မယ်၊ သာမှလုပ်မယ်၊ နာရင်မလုပ်ဘူးဆိုတာတွေဟာ တိုးတက်မှုရဲ့အဆီးအတားတွေပါ။ ကြိုးစားချင်စိတ်မရှိတဲ့လူတွေရဲ့ ခံယူချက်တွေပါ။ တိုးတက်မှုရဲ့အဆီးအတားတွေကိုမှ ကျော်လွှားချင်စိတ်မရှိရင် ကျွန်တော်တို့ ဘယ်တိုးတက်တော့မလဲ။ . . . ကျွန်တော်တို့ရှေ့က ဆရာ့ဆရာကြီးများဟာ အခက်အခဲအမျိုးမျိုး၊ ဆုံးရှုံးနစ်နာမှုအမျိုးမျိုးဒဏ်ကို ကြံ့ကြံ့ခံပြီး ကြိုးစားခဲ့ကြလို့ ကျွန်တော်တို့တစ်တွေ ခုလိုအခြေအနေမျိုး ရောက်ခဲ့ကြတာပဲ။ သိသင့်သိထိုက်တာတွေ သိခဲ့ကြတာပဲ။ ဖတ်သင့်ဖတ်ထိုက်တာတွေ ဖတ်ခဲ့ရတာပဲ။

ဒီအသိ၊ ဒီခံယူချက်နဲ့ ကျွန်တော်တို့လည်း အသက်ရှင်နေသေးသရွေ့ ကြိုးစားသွားကြရမှာပါ။ ဒါမှလည်း ကျွန်တော်တို့ ဘဝအဓိပ္ပာယ်ရှိမယ်လို့ ထင်ပါတယ်။"

♥ မောင်မောင်မြင့်သိန်း။

**စာရေးဆရာခင်မောင်တိုး(မိုးမိတ်)၏**

**ဘာသာပြန်စာပေအတွေးအမြင်၊**

အင်တာနေရှင်နယ်ဘာသာပြန်မဂ္ဂဇင်း၊

အောက်တိုဘာ၊ ၂၀၀၀ ပြည့်နှစ်။

## ဘာသာစကားဆိုတာ သင်္ကေတပါ

တာရာမင်းဝေ

"ဘာသာဗေဒအရဆိုရင် ဘာသာစကားတစ်ခုမှာ Linguistic နယ်ပယ်နဲ့ Non-Lingustic နယ်ပယ်ဆိုပြီး နှစ်ခုရှိပါတယ်။ ဆရာမောင်သာနိုးက တော့ နယ်ပယ်နှစ်ခုစလုံးကို အကျုံးဝင်အောင် ပြန်ဆိုလေ့ရှိပါတယ်။ ကျွန်တော့်အမြင်အရတော့ အဲဒါမျိုးပြန်ဆိုတာကို မကောင်းဘူးလို့ ထင်ပါ တယ်။ ကျွန်တော့်ဘက်က ကျွန်တော်နိုင်မှာပါ တယ်။ ဘာသာစကားဆိုတာ သင်္ကေတတွေပါ။ သူတို့လူမျိုးရဲ့ဘာသာဗေဒဆိုင်ရာ သင်္ကေတ ဖွဲ့ စည်းပုံနဲ့ ကျွန်တော်တို့လူမျိုးရဲ့ ဘာသာဗေဒဆိုင် ရာ သင်္ကေတဖွဲ့စည်းပုံမတူပါဘူး။ အဲဒါတွေက အရေးတကြီး ပုံသေယူရမယ့် အကြောင်းအရာ တွေမဟုတ်ပါဘူး။ ဒီနေရာမှာ 'သဒ္ဒဗေဒပုံစံ'တွေ ထက်စာရင် 'အဝ္ထဗေဒအဓိပ္ပာယ်'ကိုပိုပြီး တန်ဖိုး ထားသင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ အနု

ပညာပစ္စည်းတွေမှာ ပိုပြီးအရေးကြီးပါတယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့လူမျိုးရဲ့ ဘာသာဗေဒနဲ့ အနုပညာဆိုင်ရာ နယ်ပယ်ကိုပဲ အဓိကထားပြီး Shelley ကဗျာရဲ့ Non-Linguistic နယ်ပယ်ကိုသာ အလေးအနက်ပြန်ဆိုပါတယ်။ အင်္ဂလိပ်ကဗျာတစ်ပုဒ်ကို မြန်မာကဗျာတစ်ပုဒ်အဖြစ် ပြန်ပြောင်းလဲယူပါတယ်။ အဲဒါပါပဲ"

♥ *ဟိန်းလတ်၊*

*တာရာမင်းဝေနှင့် စာပေအင်တာဗျူး၊*

*စာပေအင်တာဗျူး၊ ရွှေပြည်တန်စာပေ၊*

*ဇန်နဝါရီ၊ ၂၀၀၀ပြည့်နှစ်။*

## ဘာသာပြန်တယ်ဆိုတာ

**စိန်ခင်မောင်ရီ**

"ဘာသာပြန်တယ်ဆိုတာ သူများရဲ့ပုဆိုး ငှားဝတ်တာပဲ။ ဒီပုဆိုး မင်းနဲ့လိုက်တာ ပြောလည်း ဝမ်းသာလို့ရတာမဟုတ်ဘူး။ ကိုယ့်ပုဆိုးမှမဟုတ်ဘဲကိုး။ ကိုယ်ပိုင်မဟုတ်တာကို ကိုယ်နဲ့လိုက်အောင်ဆိုပြီး အမြိတ်တပ်ဝတ်မယ်၊ ဒါမှမဟုတ် ပုဆိုးကကွင်းကျယ်နေလို့၊ ဖြတ်ဝတ်မယ်ဆိုရင် ဘယ်ဖြစ်မလဲ။ သူများပုဆိုးငှားဝတ်ရတော့၊ ပုဆိုးကြေမသွားအောင်၊ စွန်းထင်းမသွားရအောင်၊ ပိုပြီးဂရုစိုက်ဝတ်ရသလိုပဲ၊ ကိုယ်က လိုတိုးပိုလျှော့လုပ်လို့မရဘူး။ အရှိကိုအရှိအတိုင်းပဲဖြစ်အောင် ဘာသာပြန်သင့်တယ်လို့ ထင်ပါတယ်"

♥ *ဝင်းငြိမ်း။ **စိန်ခင်မောင်ရီနှင့်တွေ့ဆုံခြင်း။** ပေဖူးလွှာမဂ္ဂဇင်း၊ မတ်၊ ၁၉၈၃။*

## ဘာသာပြန်ရတဲ့အကြောင်း

**အထောက်တော်လှအောင်**

"ထူးခြားတဲ့ အကြောင်းအရာကလေးတစ်ခု၊ အရသာလေးတစ်ခုကို သိရှိခံစားလာရတဲ့အခါမှာ ကိုယ်ချစ်သူတွေကို ပြန်လည်ဖြန့်ဝေပေးချင်တာဟာ လူ့သဘာဝပါ။ ဒီလို သဘာဝတရားမှာ စာပေသမားတွေ၊ အနုပညာသည်တွေက တခြားလူတွေထက် ပိုပါတယ်။ သူတို့ရဲ့ ဝတ္ထုပုံသဏ္ဌာန်သစ်တွေကို ကျွန်တော်တို့ စာဖတ်ပရိသတ်သိအောင် ပြန်ပြီးဖြန့်ဝေပေးချင်ပါတယ်။ နောက်တစ်ကြောင်းက အဲဒီကာလပေါ်ဝတ္ထုတွေမှာ သူတို့နိုင်ငံတွေရဲ့ နိုင်ငံရေး၊လူမှုရေး၊ စီးပွားရေးသတင်းတွေပါ ပါတယ်။ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသလိုပါပဲ။ ငွေများငွေနိုင်ဖြစ်နေတဲ့ ကြောက်မက်စရာ လောဘဓောတိုက်မှုတွေပါပါတယ်။ ဒီအကြောင်းတွေကို ကျွန်တော်တို့စာဖတ်ပရိသတ်သိစေချင်လို့၊ ဆင်ခြင်စေချင်လို့၊ သံဝေဂယူစေချင်လို့ သတင်းပြန်ပေးနေတာပါပဲ။"

♥ *စာတည်းအဖွဲ့ဝင်တစ်ဦး။*

*စာပေစကားဝိုင်း။ ပေဖူးလွှာမဂ္ဂဇင်း။*

*ဒီဇင်ဘာ၊ ၁၉၈၄။*

## ဘာ့ကြောင့် ခေတ်ပြိုင်ပန်းချီ
ပေါ်ဦးသက် (၁၉၃၆-၁၉၉၃)

" . . . . မျက်မှောက်ခေတ် လူမှုရေးပတ်ဝန်းကျင်ကြောင့် ဖြစ်လာရတယ်။ ဒါကြောင့် ပတ်ဝန်းကျင်နဲ့ခေတ်ပြိုင် ပန်းချီဟာ အညမညသဘောနဲ့ ဆက်သွယ်နေကြတယ်။ နိုင်ငံမှာ အဟောင်းစနစ်ဆိုးတွေ တော်လှန်ပြီး အသစ်ဖြစ်ရသလို အနုပညာပိုင်းမှာလည်း ရှေးဟောင်းစနစ်ချို့တဲ့မှုတွေကို တွန်းလှန်ပြီး Dialectically ဖြစ်လာရတယ်။ ခေတ်က မွေးထုတ်လိုက်ခြင်းပဲဖြစ်တယ်။"

♥ *ပေါ်ဦးသက်။ အတွေးစများ။*
*ပေါ်ဦးသက် Pot၊ တက်လမ်းစာပေ၊ ၁၉၉၄။*

## ဘုရားသားနဲ့မင်းသား

ညောင်ကန်ဆရာတော်ဦးပုတ် (မြန်မာ ၁၁၄၉-၁၂၀၄)

“မောင်ကျီး၊ မင်းကို မင်းသားကပင့်၍ ကိုးကွယ်ခြင်းခံရသဖြင့် မင်းဆရာဖြစ်ပြီ။ ဘုရားအလိုတော်လိုက်၍ ကျင့်မှသာ ဘုရားသားတော်ဖြစ်မည်။ မင်းလိုလိုက်၍ မင်းကြိုက်ကျင့်လျှင် မင်း၏သား ဖြစ်လိမ့်မည်။”

(ဆရာတော်ဦးကျီးညိုကို ပြည်မင်းသားပင့်၍ ကိုးကွယ်ရာတွင် ဦးကျီးညိုကိုပြောသော ဆုံးမစကားမှ)

♥ *ဦးသုဒဿန။*
*ညောင်ကန်သာသနာဝင်။*

## ဘီအေ၊ ဘီအက်စ်စီတွေဖြစ်ဖို့ သက်သက်မဟုတ်ဘူး

ဒဗေယျာမောင်

"မန္တလေးတက္ကသိုလ်ကြီးကိုလည်း ဆရာကြီးဦးရာဇတ်ရဲ့အမျိုးသားကျောင်းကြီးလို နိုင်ငံရေးသမားတွေကို မွေးထုတ်ပေးနိုင်တဲ့ နိုင်ငံရေးတက္ကသိုလ်ကြီး တစ်ခုဖြစ်စေချင်တဲ့ရည်ရွယ်ချက်ရှိတယ်။ သူ့ဗဟိုအမျိုးသားအထက်တန်းကျောင်းက စတင်မျိုးစေ့ချခဲ့တဲ့ ကောင်းမြတ်တဲ့အမွေကို ဒီတက္ကသိုလ်ကြီးက ဆက်ခံသွားစေချင်တဲ့သဘောမျိုး ရှိခဲ့ပါတယ်။

. . . . . . မန္တလေးတက္ကသိုလ်ကို ဖော်ထုတ်လိုက်တာဟာ ဘီအေ၊ ဘီအက်စ်စီတွေဖြစ်ဖို့ သက်သက်မဟုတ်ဘူး။ ဗဟိုအမျိုးသားကျောင်းရဲ့ ကောင်းမြတ်တဲ့အစဉ်အလာတွေကို ဆက်ခံစေဖို့၊

ပြီးတော့ တိုင်းပြည်တာဝန်တွေကို သစ္စာရှိရှိကိုယ်ကျိုးမဖက်၊ ကျိုးကျိုးနွံနွံ ထမ်းဆောင်သွားနိုင်မယ့် တကယ့်လူရည်ချွန်တွေ ဖြစ်လာစေဖို့လည်း ဆရာကြီး ဦးရာဇာတ်မှာ ရည်ရွယ်ချက်တွေရှိခဲ့ပါတယ်"

♥ *မောင်ခြိမ့်။ဟိုတုန်းကနေရှင်နယ်၊*
*အမျိုးသားနေ့ စိန်ရတုသဘင်မဂ္ဂဇင်း၊*
*မန္တလေးမြို့၊ အမျိုးသားနေ့ စိန်ရတုသဘင်*
*အထိမ်းအမှတ်မဂ္ဂဇင်းကော်မတီ၊*
*နိုဝင်ဘာ၊ ၁၉၉၅။*

## ဘယ်လိုပတ်ဝန်းကျင်လဲ

**နုနုရည်(အင်းဝ)**

"ကျွန်မထင်ပါတယ်။ ကျွန်မတို့ စာရေးဆရာတွေဟာ ကိုယ်ဖြတ်သန်းနေရတဲ့ ခေတ်၊ ကိုယ်ဖြတ်သန်းနေရတဲ့ ပတ်ဝန်းကျင်က အမှန်တရားတွေကို သတိထားခံစားတတ်ကြရလိမ့်မယ်။ ဒါပေမယ့် ကျွန်မတို့သတိထားခံစားရမယ့် ပတ်ဝန်းကျင်ဟာ ဘယ်လိုပတ်ဝန်းကျင်မျိုးလဲ။ ဆင်းရဲတဲ့ ပတ်ဝန်းကျင်လား၊ ချမ်းသာတဲ့ ပတ်ဝန်းကျင်လား၊ အားနည်းတဲ့ပတ်ဝန်းကျင်လား၊ အားကြီးတဲ့ ပတ်ဝန်းကျင်လား၊ စာရေးဆရာဟာ အားနည်းချို့တဲ့သူဘက်က၊ တရားတဲ့ဘက်က အစဉ်အမြဲ ဘက်လိုက်ရလိမ့်မယ်။ ကနေ့ခေတ် လူများစုတွေ့ကြုံခံစားနေကြရတဲ့ လူမှုရေး၊ စီးပွားရေး၊ အခြေအနေမှန်တွေကို အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း တင်ပြရမယ့်တာဝန်ရှိပါတယ်။"

♥ နုနုရည်(အင်းဝ)။ **သရုပ်မှန်စာရေးဆရာနဲ့အနုပညာသဘောထား။**

*စာပေဂျာနယ်၊ အမှတ် ၅၊၁၉၈၉။*

## ဘယ်အစွဲပဲဖြစ်ဖြစ်

ကိုနော်

"ဝါဒတစ်ရပ်ကို စွဲရင် ဘယ်သူမှရွေ့လို့မရဘူး။ ပုဂ္ဂိုလ်ကို စွဲရင် အုပ်စုကိုစွဲရင်လည်း အမှန်မြင်လို့မရဘူး။ လူဆိုတာ အစွဲကင်းမှ၊ စာဖတ်သူတို့ဟာ ဗုဒ္ဓဘာသာဝင်ဆိုတော့ ဒိဋ္ဌိတွေ အလိုမရှိတာ အမှန်ပဲ။ ဘယ်လိုအစွဲမျိုးမှ လက်မခံနိုင်သေးဘူး။ သဘာဝနဲ့ ဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဖြစ်ဖြစ် သင့်မြတ်မှ ရှင်သန်နိုင်မယ်။ ဆရာတို့လည်း Realism ကိုပဲ စွဲမထားစေချင်ဘူး။ မန္တလေးကဆိုပြီးတော့ ဒေသစွဲလည်းမထားစေချင်ဘူး။ ဘယ်အစွဲဖြစ်ဖြစ်ပေါ့"

♥ *ကိုနော်။ **အဆိပ်သင့်နေသော***

***စားကျက်များ၊***

*ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊*

*စက်တင်ဘာ၊၁၉၈၉။*

## မကြောက်ဘူး

**ဗိုလ်ချုပ်အောင်ဆန်း၊ (၁၉၁၅-၁၉၄၇)**

"ဘိလပ်သွားတာ ဖဆပလညွှန်ကြားချက်နဲ့ ဝန်ကြီးအဖွဲ့ကိုယ်စားလှယ်အဖြစ်သွားတာ။ ကျွန်တော်တို့အထဲက လူနှစ်ယောက်ပါလာတယ်။ စထွက်ကတည်းက လူတစ်ယောက်က ချန်နေခဲ့တယ်။ တစ်ယောက်က နေရာမရမှာစိုးလို့ လိုက်လာတယ်။ အစကတည်းက တစ်မူးဖိုးပိုရဖို့ပါလာပြီး တစ်မူးဖိုးပိုရဖို့ နေရာတကာလုပ်တယ်။ တိုတိုပြောရရင် နောက်ဆုံးအထိ ကျွန်တော်တို့တင်တဲ့ကိစ္စမှာ အကုန်လုံးဆွေးနွေးပြီးလို့ လက်ခံပါပြီပြောမှ ကျွန်တော်တို့မပါပါဘူးလို့ ပြောကြတယ်။ ကျွန်တော့်ကို ချောက်ချဖို့ပဲ။ ဒါပေမယ့် မကြောက်ဘူး။"

(မြို့တော်ခန်းမ၌ကျင်းပသော ဂုဏ်ပြုစည်းခံပွဲ၌ ပြောသောစကား-၂၈၊၂၊၄၇)

♥ *သန်းဝင်းလှိုင်၊ ရှုပ်တုများက ပြောသော မြန်မာ့သမိုင်းဝင်ပုဂ္ဂိုလ်ထူးများ၊ မြန်ပြည်သားစာပေ၊ ၁၉၉၇။*

## မမြင်ဖူး မှုံးမြစ်ထင်
တိုက်စိုး

"ငါလည်း ကျောင်းနေရတာ ခပ်ဗျင်းဗျင်းပဲ။ စာမကျက်ချင်ဘူးကွ။ မြန်မာပြည်မှာ ခပ်အေးအေး အလုပ်ကလေး ဘာလေးလုပ်နေချင်တယ်။ ငါက သူများလိုမဟုတ်ဘူးကွ။ သူများဆိုအင်္ဂလန်ရောက်လာပြီး မမြင်ဖူး မှုံးမြစ်ထင် ဖြစ်ကုန်ကြတာပေါ့။ ငါကတော့ အင်္ဂလန်ရောက်လာရတာ သိပ်ပြီး ထူးလှတယ်မထင်ပါဘူး။ ထမင်းပိုငတ်တာပဲရှိတာပဲ။ ကြီးကြီးကျယ်ကျယ်ဆိုတာတွေလည်း ကြီးကြီးကျယ်ကျယ်မှတ်ပြီး မကြည့်မိပါဘူး။ အင်္ဂလန်ရဲ့ မျက်မှောက်ဖြစ်ပျက်မှုတွေကို မင်းတို့ပြောကြသလို မမှိတ်မသုန်နဲ့ မျက်စိနဲ့ကြည့်နေတာပေါ့"

♥ လေထီးဦးအုန်းမောင်။

**ကိုသန်းထွတ်နှင့်ကျွန်တော်၊**
**စာသမားတိုက်စိုး၊ရန်ကုန်။**
Quality Publishing House၊
ဒီဇင်ဘာ၊၂၀၀၀ပြည့်နှစ်။

## မိမိကိုယ်ကို ကြည်ညိုခြင်း

မောင်ခိုင်လတ်

"လူတစ်ယောက်ရဲ့ အခက်ခဲဆုံးလုပ်နိုင်တဲ့အလုပ်က ဘာပါလဲလို့ မေးကြည့်စမ်းပါ။ ကိုယ့်ကိုယ်ကိုယ် ကြည်ညိုခြင်းလို့ ကျွန်တော်ယုံကြည်ပါတယ်။ အစိတ်အပိုင်းတစ်ရပ်အနေနဲ့ တစ်စိတ်တစ်ဝက်အနေနဲ့ ကြည်ညိုခြင်းကို မဆိုလိုပါဘူး။ ကိုယ့်ကိုယ်ကိုယ် ရာနှုန်းပြည့်ကြည်ညိုခြင်းမျိုးကို ဆိုလိုတာပါ။ လူတစ်ယောက်အနေနဲ့ ကိုယ့်ကို အများကကြည်ညိုအောင် ပြုမူနေထိုင် ပြောဆိုရတာ လွယ်ကူကောင်းလွယ်ကူမှာဖြစ်ပေမယ့် ကိုယ့်ကိုယ်ကိုယ် ကြည်ညိုအောင်၊ ကြည်ညိုစိတ်ဖြစ်ပေါ်လာအောင် မွေးမြူရတာ မလွယ်ပါဘူး"

♥ မောင်ခိုင်လတ်။ ***မိမိကိုယ်ကို ကြည်ညိုခြင်း***၊
*စိတ်ကြိုက်လက်ရွေးစင်ရသစာတမ်းများ၊*
*Quality Publishing House*၊
*ဒီဇင်ဘာ၊ ၂၀၀၀ ပြည့်နှစ်။*

## မကွလီဂေါ်သာလ၏ ဝါဒ

### ဦးရွှေအောင် (၁၉၂၈-၁၉၉၄)

"နောက်ဆုံးပြောချင်တာက 'ငါ့လေ့ငါထိုး ပဲရှုး ရောက်ရောက်' ဆိုတဲ့ ဝါဒဟာ မကွလီဂေါ်သာလ ၏ ဝါဒဖြစ်လို့ အင်မတန်အန္တရာယ်ကြီးတယ်ဆို တဲ့အချက်ပါပဲ။ ဆင်ခြင်ဖွယ်ပါ။ သံဝေဂယူဖွယ် ပါ။ လက်ဖက်ရည်ပန်းကန်လုံးထဲ၌ မုန်တိုင်းကို မြင်ခြင်းသည် မှန်သောမြင်ခြင်းမဟုတ်ပါ"။

♥ ဦးရွှေအောင်။ *စာဖတ်နည်း၊*
*စာပေဂျာနယ်၊ အတွဲ ၃၊ အမှတ် ၉၊*
*အောက်တိုဘာ၊ ၁၉၉၆။*

## မင်းနှင့် ပြည်သူ

**ကျွန်စစ်သား (မြန်မာ ၄၂၀ ခုနှစ် - ၄၇၄)**

"ချစ်သူအပေါင်းမှ ကွဲကွာကုန်သောသူတို့၏ မျက်ရည်ကို လက်နှင့်တူသော မေတ္တာစိတ်ဖြင့် သုတ်ပစ်လတ္တံ့။ စိတ်နှလုံးပူဆွေးသူတို့၏ နှပ်ရည်ကို ရေနှင့်တူသော ကရုဏာဖြင့် ဆေးကြောပစ်လတ္တံ့။

. . .လက်ယာလက်ဖြင့် ပြည်သူအပေါင်းအား ထမင်း၊ မုန့်ပေးလတ္တံ့။

. . . လက်ဝဲလက်ဖြင့် လူအပေါင်းအား ပစ္စည်းဥစ္စာ၊ အဝတ်ပုဆိုး ပေးလတ္တံ့။

♥ *ဦးဖေမောင်တင်။*

ရွှေစည်းခုံ မွန်ကျောက်စာ ဘာသာပြန်။

## မိတ်ဆွေကောင်း

### သခင်ဘသောင်း (၁၉၀၁-၁၉၈၁)

"မိတ်ဆွေကောင်းဆိုတာက နင်လုပ်သင့်တဲ့အလုပ်ကို လုပ်ဖြစ်အောင် တိုက်တွန်းတယ်။ ပြီးတော့ နင် မလုပ်သင့်တဲ့အလုပ်ကို နင်ကလုပ်မယ်ကြံရင်လည်း တားမြစ်ပိတ်ပင်ပေးတယ်ဟ၊ တောင်လုံးကျော်ရ။ အဲဒီလိုမိတ်ဆွေကောင်းက ဟန့်တားတဲ့အခါမှာ နင်က စည်းစိမ်အာဏာယစ်ပြီး အဲဒီမိတ်ဆွေကောင်းကိုပဲ ပြန်ပြီး မုန်းတတ်သတဲ့ဟ.. တောင်လုံးကျော်ရ။"

♥ *သခင်ဘသောင်း၊ မိတ်ဆွေကောင်း၊ ဗမာ့ခေတ်သတင်းစာ၊ (၂၄၊၂၊၁၉၅၄)*

## မေတ္တာဓာတ်အားကောင်းလာရင်

**ဇော်ဂျီ (၁၉၀၇–၁၉၉၀)**

"နည်းများမဆို အဲသလိုတတ်နိုင်သလောက် အားထုတ်သွားနိုင်ရင် မတော်လောဘ၊ မတော်ဒေါသ၊ မတော်မာန၊ ဣဿာမစ္ဆရိယတို့ဟာ မိမိရဲ့စိတ်သန္တာန်မှာ အားနည်းသွားမှာပဲ။ ဒီလိုအားနည်းသွားတာနဲ့အမျှ တစ်ဖက်က မေတ္တာဓာတ်ဟာလည်း အားကောင်းလာမှာပဲ။ မေတ္တာဓာတ်အားကောင်းလာရင် ပတ်ဝန်းကျင်ပေါ်မှာ စိတ်ဝင်စားခြင်းရှိလာရမှာမုချပဲ။ ပတ်ဝန်းကျင်မှာ စိတ်ဝင်စားခြင်းရှိလာရင် မြင်မှုတွေ၊ ကြားမှုတွေ ရှိလာကြမှာ မုချပဲ။ အနည်းဆုံး အမြင်ရှိလာမယ်။ အကြားရှိလာမယ်ဆိုရင် စာရေးစရာ အချက်အလက်တွေဟာ တစ်ပုံတစ်ခေါင်းကြီးပါပဲဗျား။"

♥ *ဇော်ဂျီ၊* **စာရေးဆရာနှင့် စာရေးစရာ။**
*ရှုမဝမဂ္ဂဇင်း၊ဇန်နဝါရီ၊ ၁၉၆၀။*

**မေတ္တာဝါဒီ**

**တက်တိုး**

"တကယ့်အနုပညာသမားတွေဟာ သိမ်မွေ့ကြပါတယ်။ ဆိုရှယ်လစ်နိုင်ငံသွားသွား၊ ကွန်မြူနစ်နိုင်ငံသွားသွား၊ အရင်းရှင်နိုင်ငံသွားသွား စာရေးဆရာဟာ သူများထက်ပိုပြီး နူးညံ့သိမ်မွေ့တာချည်းပဲ တွေ့ရပါတယ်။ ပြီးတော့ လူမှန်သမျှကိုခင်တွယ်၊ သူတို့အနေနဲ့ ဝါဒကွာချင်သာကွာမယ်။ မူအနေနဲ့ ဝေဖန်ချင်ဝေဖန်မယ်။ လူကိုတော့ လူအနေနဲ့ ခင်ကြတယ်။ ဝါဒအရ လူတန်းစားခွဲမြင်တာကတော့ တခြားပေါ့။ ဒါကြောင့် အနုပညာသမားဟာမေတ္တာဝါဒီလို့ ဆရာဆိုချင်ပါတယ်။"

♥ *ဝင်းငြိမ်း၊ **တက်တိုးနှင့်တွေ့ဆုံခြင်း၊** ပေဖူးလွှာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၈၄။*

## မုန့်တိုင်းနဲ့လေပြည်

**ကိုနေဝင်း (မောင့်လပြည့်ဝန်း)**

"ကျောင်းပညာရေးကို ကျောခိုင်း၊ အိမ်ကိုစွန့်ခွာပြီး၊ ဂီတလောကထဲမှာ နေရာတစ်နေရာရဖို့ ကြိုးစားရင်း ရုန်းကန်လာခဲ့ရတယ်။ ဒီဖြတ်သန်းမှုတွေထဲမှာ အဆိုးအကောင်း ချောမွေ့မှု ကြမ်းတမ်းမှု စတဲ့ အတွေ့အကြုံတွေ တစ်ပုံတစ်ပင်ရခဲ့တယ်ပေါ့ဗျာ။ တကယ်တော့ ဒါတွေဟာ ကျွန်တော်ရေးတဲ့ သီချင်းတွေမှာ ခံစားမှုအားကောင်းဖို့ တိုက်ခတ်ခဲ့တဲ့ မုန့်တိုင်းတချို့နဲ့ လေပြည်တချို့ပါပဲ။"

♥ *ကိုနေဝင်း။ သည်လအနုပညာရှင်(ဂီတ)၊ ဟန်သစ်မဂ္ဂဇင်း၊ဒီဇင်ဘာ၊ ၂၀၀၀ပြည့်နှစ်။*

## မုန်လာဥစီမံကိန်း

**မြို့မငြိမ်း (၁၉၀၈-၁၉၅၅)**

"အလောင်းမင်းတရားကြီးရဲ့မူးမြစ်ဟာ မိုင်အများကြီး ရှည်တယ်။ မူးမြစ်ကမ်းနံဘေးက ဆင်ခြေလျှောကလေးဖြစ်နေတယ်။ တစ်ဖက်တစ်ဖက် အကျဉ်းဆုံးနေရာကိုပဲ နှစ်ဖျာရာစာသာသာလောက် ကျယ်တယ်။ ယူဂိုဆလပ်နိုင်ငံက မုန်လာဥက သိပ်အထွက်ရဲတယ်။ တစ်ဥတစ်ဥ နှစ်ပိဿာနီးနီးရှိတာတွေတောင်ပါတယ်။ အဲဒီမုန်လာဥမျိုးကိုယူပြီး မူးမြစ်ကမ်းနံဘေးမှာစိုက်မယ်။ သဲနုံးမြေနုမို့ မြေဆီအားကောင်းတယ်။ မြစ်ကမ်းနံဘေးမို့ ရေလောင်းစရာမလိုဘူး။ ကျွဲနွားတွေလည်း အခင်းဝင်စားမှာ-ပူစရာမလိုဘူး။ သီးနှံစိုက်ပျိုးစရိတ်အများကြီး အကုန်အကျသက်သာပြီး တစ်နှစ်တစ်နှစ် မုန်လာဥတန်ဖိုး သန်းနဲ့ချီထွက်မယ်။ ဒါ ကျုပ်ခေါင်းထဲရှိတဲ့ စီးပွားရေးစီမံကိန်းတစ်ခုပဲ။

မောင်ရင် ပိုက်ဆံလိုချင်ရင် ငွေလိုချင်ရင်တော့ ကျုပ်ပြောတဲ့မှန်လာဥစိမ်းကိန်းကို လိုက်နာပြီး စိုက်ပါ။ ကျုပ်ကတော့ မစိုက်အားဘူး။ သီချင်းလေးတွေ အများကြီးရေးဦးမယ်"

♥ *စိန်တင်ဟာန်၊ မှန်လာဥ။*

*မြို့မငြိမ်းနှင့်သူ့အနုပညာ၊*

*စာကောင်းကင်၊ ၁၉၉၇။*

## မြစ်ရေအညာအထက် မဆန်ရသလို

**ဝန်ဝင်းမင်းရောဇာ၊ စည်းတာပစ်(စန္ဒပဇ္ဇောတ)**

"မင်းဆိုတာ ဆင်စွယ်ကောက်သကဲ့သို့ အရှေ့လောကဓာတ်မှ ထွန်းပသော တက်သစ်စနေမင်းကဲ့သို့ ကျင့်ရပါတယ်။ အကြင်သူဟာ မတော်မမှန်(အာစာရဝိပတ္တိ)နဲ့ အသက်ရာထောင်ရှင်နေရပေမယ့် တော်မှန်သော (အာစာရသမ္ပတ္တိ)နဲ့ တစ်နေ့တစ်ရက်မျှ နေရခြင်းလောက် တန်ဖိုးမရှိလို့ ဘုရားဟောမှာ ပါပါတယ်။ လူဆိုတာ အနှစ်တစ်ရာနေပြီးရင် ကိုယ်ခန္ဓာကြီးက ပျက်စီးပျောက်ကွယ်သွားတာပါ။ ဒီကိုယ်ခန္ဓာ(ရှင်သန်မှု)ကိုမှီပြီး ဖြစ်ပေါ်တဲ့ ကျေးဇူးစကားကောင်း၊ သတင်းကောင်း၊ ဂုဏ်သတင်းကောင်းတွေကတော့ သားစဉ်မြေးဆက် မြစ်ညွန့်အထိ တသသပြောမဆုံး၊ တင့်တယ်ပါတယ်။ ကမ္ဘာကျေပေမယ့် ဥဒါန်းမကျေဆိုတဲ့

စကား နှလုံးပိုက်သင့်ပါတယ်။ တမာရွက်ချို ကောင်း ချိုလာပါလိမ့်မယ်။ မင်းကေရာဇ်တို့ရဲ့ အမိန့်ဆုံးဖြတ်ချက်ကတော့ ဖောက်လွှဲချွတ်ယွင်း မဖြစ်ရပါဘူး။ မြစ်ရေ အညာအထက်မဆန်ရသလို ပါ"

♥ *ချစ်ဦးညို။ သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေမယ့် စကားများ၊ ငြိမ်းငြိမ်းချမ်းချမ်းစာအုပ်တိုက်၊ ဩဂုတ်၊ ၁၉၉၉။*

## မြန်မာစာပေ ကြီးပွားတိုးတက်ရေး

### သိပ္ပံမောင်ဝ (၁၈၉၉-၁၉၄၂)

"ရှေးမြန်မာစာပေ ကောင်းစားသောခေတ်ကို မမီလိုက်သော လူတိုင်းပင် မြန်မာစာကိုလေ့လာရာ၌ များစွာအခက်အခဲနှင့် တွေ့ကြုံကြရလေသည်။ ဤသို့ အခက်အခဲနှင့်တွေ့ကြုံကြရလေသည်မှာ မြန်မာဘာသာ၌ အဘိဓာန်စာအုပ်ကောင်းကောင်း မရှိသေးသောကြောင့် ဟူ၍ဆိုလျှင် ငြင်းဆိုနိုင်ရန် အကြောင်းမရှိချေ။ မြန်မာစာပေ၏ ကြီးပွားတိုးတက်ရေးသည် အဘိဓာန်စာအုပ်ကြီး ပေါ်ပေါက်လာခြင်းတွင် အမှီပြုလျက်ရှိ၏"။

♥ သိပ္ပံမောင်ဝ၊ **အရေးကြီးသည့်အဘိဓာန်**၊ သူရိယရက်ခြားသတင်းစာ၊ ၂၁၊ မတ်၊ ၁၉၂၇။

## မြန်မာပြည်မြောက်ပိုင်း

**တင်ဇေ(ရှမ်းပြည်) [၁၉၁၆-၁၉၉၅]**

"...သို့သော် ကိုနတ်နွယ်ရဲ့ မြန်မာပြည်မြောက်ပိုင်းကိုတော့ ကျွန်တော် အင်မတန်ကြိုက်တဲ့အကြောင်း ပြောပါရစေ။ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေး ရည်ရွယ်ချက်ကိုလည်း သဘောကျတယ်။ နယ်ချဲ့ဆန့်ကျင်ရာမှာ တိုင်းရင်းသားလက်ဝေခံ သစ္စာဖောက်တွေကို ပြတ်ပြတ်သားသား တိုက်ဖို့လိုတယ်ဆိုတာ ပြောထားလို့လည်းသဘောကျတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲအတွက် တိုင်းရင်းသားသွေးစည်းရေးကို အခိုင်အမာတည်ဆောက်ရမယ်လို့ ပြထားတာလည်း အင်မတန်နှစ်သက်ပါတယ်။ တိုင်းရင်းသားသွေးစည်းရေးမှာလည်း အခြေခံ အကျဆုံး လူတန်းစားချင်းသွေးစည်းရေးဟာ အရေးကြီးဆုံးဆိုတာလည်း သဘောတူပါတယ် ကချင်တို့၊ ခနွီးတို့၊ ဝေသာလီတို့၊ ရှမ်းတို့ရဲ့ဓလေ့ထုံးစံတွေသိရတဲ့အတွက်လည်း ဗဟုသုတပွားပါတယ်။ သမိုင်းဖြစ်ရပ်တွေကို အချက်

အကွက်ကျကျ အသုံးပြုထားတာတွေလည်း အလွန်အဆင်ပြေပါတယ်။ နောက်ပြီး ဝါကျတည် ဆောက်ပုံ၊ ရိုးရိုးရှင်းရှင်းရေးပုံကိုလည်း အလွန် နှစ်သက်ပါတယ်။ ဒီလို တိုတိုရှင်းရှင်းရေးတတ် တာ အင်မတန်ရှားမယ်ထင်ပါတယ်။ ကျွန်တော် သာ မြန်မာစာပါမောက္ခဆိုရင် ကိုနတ်နွယ်ရဲ့ စာအုပ်ကို ကျောင်းသုံးလုပ်မှာပဲ။ ဒီအထိ ကျွန်တော် သဘောကျပါတယ်"

♥ *နတ်နွယ်၊ **မိမိနှင့် တင်စ(ရွှမ်းပြည်)၊** ချယ်ရီမဂ္ဂဇင်း၊ မတ်၊ ၁၉၉၀။*

## မြန်မာလူမျိုးတွေအပေါ် တကယ်စေတနာထားတယ်ဆိုရင်

**မင်းတိုင်ပင်အမတ် ဦးညွန့်**

"ဒါ့ကြောင့် မြန်မာပြည်၊ မြန်မာလူမျိုးတွေအပေါ် တကယ်စေတနာထားတယ်၊ မေတ္တာထားတယ်ဆိုရင် လူတိုင်းနေနိုင်တဲ့၊ အထူးသဖြင့် လူများစုကြီးဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားများရဲ့ သားသမီးများပါ ပညာသင်ကြားနိုင်တဲ့ တက္ကသိုလ်မျိုးကိုသာ တည်ထောင်ပေးဖို့လိုပါတယ်။ ဒါ့ကြောင့် ပညာရေးအမတ်ချုပ်ကြီးတင်ပြတဲ့ ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကြမ်းကို ကန့်ကွက်ခြင်းဖြစ်ပါတယ်။"

♥ လှကွန့်၊ *ကြံ့တောကပြောသောသမိုင်း။*
*ဝန်းသိုစာအုပ်တိုက်၊ ဖေဖော်ဝါရီလ၊ ၁၉၉၀။*

## မြန်မာ့ယဉ်ကျေးမှု
**ပါမောက္ခဦးမျိုးမင်း**

"ကျွန်တော်တို့ မြန်မာလူမျိုးမှာ ယဉ်ကျေးမှုဆိုတာဟာ တခြားသတ်သတ် ပြင်ပကိုလိုက်ကြည့်နေဖို့ မလိုပါဘူး။ ကျွန်တော်တို့မှာ တခြားတိုင်းပြည်တွေမှာလို ပန်းချီပြတိုက်ကြီးများ၊ ပန်းပုပြတိုက်ကြီးများ၊ ပြဇာတ်ရုံကြီးများ၊ အဆောက်အအုံကြီးများ၊ ကမ္ဘာကျော်စာပေများမရှိပေမယ့် ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုက ကျွန်တော့်တို့ အစျွတ္တသန္တာန်မှာ ကိန်းအောင်းနေပြီဖြစ်လို့ တကယ့်ယဉ်ကျေးမှု အဆီအနှစ်တွေဟာ၊ ကျွန်တော်တို့ရဲ့ နေထိုင်သွားလာမှုထဲမှာပဲ ထပ်ကြပ်မကွာပါဝင်နေပါတယ်။

♥ *ပါမောက္ခဦးမျိုးမင်း၊ **မြန်မာ့ယဉ်ကျေးမှု**။*
*ငွေတာရီမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၆၀။*

## မြန်မာ့အစွမ်းပြချင်လို့

လန်ခန်ဘာတ်ဦးအုန်းမောင် (၁၈၉၂-၁၉၆၄)

"အမှန်ပြောရရင် ဒီရုပ်ရှင်နဲ့ ကျွန်တော်တို့ စီးပွားရှာ၊ ချမ်းသာချင်လို့ ကြံစည်ကြိုးစားတာမဟုတ်ပါဘူး၊ မြန်မာ့အစွမ်းပြချင်လို့ စိတ်တင်းပြီး မဖြစ်ဖြစ်အောင် ဇွဲကောင်းကောင်းနဲ့ ကြိုးစားခဲ့တာပါပဲ"

♥ *မင်းယုဝေ၊ ပထမမြန်မာများ၊ နှလုံးလှစာပေ၊ ဒီဇင်ဘာ၊ ၁၉၆၆။*

**မွေးစားစကားလုံးများ**

**မောင်သုတ (၁၉၁၄–၁၉၆၈)**

"နိုင်ငံခြားဘာသာက လာတယ်ပဲထားလိုက်ပါဦး၊ ကိုယ့်ဘာသာစကားထဲ ရောက်လာလို့၊ မြန်မာမှု မြန်မာ့အသွင်နဲ့ ခေါ်ဝေါ်သုံးစွဲလိုက်ရင် အဓိပ္ပာယ် ပြည့်ပြည့်ဝဝလည်းရှိတဲ့၊ မြန်မာပိုင်စကားလုံး တိုးမလာပေဘူးလား။ ဆိုကြပါစို့ကွယ်။ မိုးပေါ်က သိကြားကို သမှာ လုံးကြီးတင်ပြီးရေးတယ်မဟုတ် လား။ စင်စစ်..အဲဒီစကားဟာ မာဃနဲ့သက္ကတက လာတယ်လေ။ 'မာဃ' အနေနဲ့ 'သက္က'တဲ့။ သက္က တအနေနဲ့ သကြတဲ့။ အဲဒီလို မြန်မာမှုနဲ့ မြန်မာ့အသွင်ကို ပြောင်းလဲယူလိုက်ကြတဲ့အချိန်မှာ 'သ'မှာ လုံးကြီး တင်ပြီး 'ကြ'မှာ အား ကာရန်နဲ့ 'သိကြား'ရယ်လို့ ဖြစ်လာရတယ်လေ"

♥ ဗိုလ်မှူးဘသောင်း(မောင်သုတ)။ ***မြန်မာစာမြင့်ချင်လွန်းလို့***။ ရန်ကုန်၊ ဖွဲ့စာပေ၊ ၁၉၇၂။

## မွေးရာပါဂုဏ်သိက္ခာ

ကိုတာ

"တကယ်တော့ ဘယ်အရပ်ဒေသ၊ ဘယ်ဆီမှာပဲနေနေ၊ လူဟူသမျှ မွေးရာပါဂုဏ်သိက္ခာရှိတယ်။ မွေးရာပါလွတ်လပ်တာရှိတယ်။ ကိုလိုနီစနစ်ပဲဖြစ်ဖြစ်၊ ဘာစနစ်ပဲဖြစ်ဖြစ်၊ လူ့ဂုဏ်သိက္ခာကို လျှော့လို့၊ ဖျက်လို့မရဘူး။ လူသားဟာ သူ့ပန်းတိုင်အတွက် သူ့ကိုယ်တိုင်မှာ တာဝန်ရှိတယ်။ သူဟာ လူသားဘာဆိုတာကို ပြခဲ့တယ်။"

♥ *ကိုတာ။* ၂၀ ရာစုအာရှသား။
*ဧပြီ၊ ၂၀၀၀ ပြည့်နှစ်။*

## မျှတသောအမြင်

**ပုဂံဝန်ထောက်မင်း ဦးတင် (၁၈၆၁-၁၉၃၃)**

“အင်္ဂလိပ်အက္ခရာ၊ ရေးနည်းပါ
မြန်မာစာလည်း တတ်သင့်သည်။
အင်္ဂလိပ်စာ ခုခေတ်ခါ
နတ်စာမျိုးတွင် ပါဝင်သည်။
အင်္ဂလိပ်စာ မတတ်ပါက
သညာပညာ စုံခဲသည်။
မြန်မာပြည်မှာ မြန်မာစာ
မြန်မာထုံးနည်း သိနိုင်သည်။
ကဝိပီဋ္ဌာ မည်လိုပါ
ဤစာညီအောင် ကျင့်ရမည်။”

♥ပုဂံဝန်ထောက်မင်းဦးတင်၊
**ကဗျာ့ဗန္ဓ သာရကျမ်း၊**
*ရန်ကုန်၊ လယ်တီမဏ္ဍိုင်၊ ၁၉၆၈။*

## ယောက်ျား တို့ပတ်ရိုက်ပြီး အလှပြင်တာလို

**ဦးဖေမောင်တင် (၁၈၈၈-၁၉၇၃)**

"စကားပြေကတော့ နေ့စဉ်အလုပ်နဲ့တူတာမို့ လူတိုင်းလူတိုင်း သိနားလည်နိုင်တဲ့ အကျိုးရှိတယ်။ အဲဒီတော့ လူအများအတွက်ဆိုရင် စကားပြေမှပဲ အရာရောက်တယ်။ ဒီတော့ စကားပြေကို လွယ်လွယ်နဲ့ စကားလုံးနည်းနည်း ရေးတတ်ဖို့ ကြိုးစားကြစေလိုတယ်။ စကားချိုးတွေနဲ့ ကဗျာဆန်ဆန်ရေးသားတာမျိုးဟာ ကောင်းတတ်ပေမယ့် နားလည်နိုင်ဖို့မလွယ်ရင် ယောက်ျား တို့ပတ်ရိုက်ပြီး အလှပြင်တာလိုဖြစ်နေလိမ့်မယ်။ အဲဒါမျိုး ဆရာမကြိုက်ဘူး။ စကားပြေကို ရှင်းရှင်းနဲ့ လူအများနားလည်လွယ်အောင် ရေးတတ်သွားနိုင်ဖို့ရာ မြန်မာစာအရေးအသားတိုးတက်စေနည်းမှာ အရေးအကြီးဆုံးပဲလို့ ဆရာပြောလိုတာပဲ။ လောကမှာ တိုင်းပြည်နဲ့လူထုကို ကြီးပွားစေချင်ရင်ဖြင့် စကားပြေကို ရေးကြဖို့ပဲ"

♥ *ဦးဖေမောင်တင်။*
***မြန်မာစာအရေးအသား***
***တိုးတက်စေနည်း၊***
*ငွေတာရီမဂ္ဂဇင်း၊အမှတ် ၁၀၊ဧပြီ၊ ၁၉၆၁။*

## ယဉ်ကျေးမှုနဲ့အသိပညာအဆင့်အတန်း
ကျော်အောင် (၁၉၂၇–၂၀၀၀)

"အရေးကြီးတာက လူတိုင်းစာတတ်ဖို့၊ ထွက်သမျှ စာအုပ်မဂ္ဂဇင်း၊ သတင်းစာကို လုပ်သားပြည်သူ အများစု ဝယ်ဖတ်နိုင်ဖို့၊ ဒါဟာ ပထမလိုအပ်ချက်ပဲ။ ကျွန်တော့်မှာ ဝင်ငွေ ၁၀၀ ရှိတယ်ဆိုပါစို့။ ၈၀ ကို ထမင်းအတွက်သုံးရမယ်။ ကျန်တဲ့ ၂၀ ကို အပန်းဖြေဖို့၊ ရုပ်ရှင်ကြည့်ဖို့၊ ဝတ္ထုဖတ်ဖို့၊ ဂါသနာပါရာ အပန်းဖြေစရာလုပ်ဖို့ သုံးနိုင်မယ်။ ပန်းချီကားအိမ်မှာချိတ်ဖို့ သုံးနိုင်မယ်။ အဲဒီအချိုးက အရေးကြီးတယ်။ ထမင်းအတွက် ၄၀ သုံးပြီး၊ ကျန်တဲ့ ၆၀ကို စာအုပ်၊ ပန်းချီကား၊ ရုပ်ရှင်မှာ သုံးနိုင်မယ်ဆိုရင် ကျွန်တော့်အခြေအနေဟာ အတော်တိုးတက်တာပဲ။ အဲဒီအခြေ တိုးတက်ဖွံ့ဖြိုးလာဖို့လိုတယ်။ ဒါမှ လုပ်သားပြည်သူအားလုံးရဲ့ ယဉ်ကျေးမှုအဆင့်အတန်း၊ အသိပညာရယူတဲ့ အဆင့်အတန်းဟာ မြင့်မားလာမှာပဲ။"

♥ ဝင်းငြိမ်း၊ **ကျော်အောင်နှင့်တွေ့ဆုံခြင်း**။ ပေဖူးလွှာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၅။

## ယဉ်ကျေးမှုအသင်း

**ညီမြ (၁၉၁၆-၁၉၈၅)**

"ကျွန်တော်တို့ မြန်မာပြည်မှာ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ဖို့၊ အသင်းအဖွဲ့လိုတယ်ဗျ၊ တကယ်တမ်း ယဉ်ကျေးမှုလုပ်ငန်းတွေမှာ အားပေးချီးမြှောက်ဖို့ရာလိုတယ်။ အခုရှိနေတာက နိုင်ငံရေးအသင်းတွေချည်းပဲ။ ကျွန်တော်တို့ဆီမှာလည်း 'ပညာကျော်အဖွဲ့' ဆိုတာမျိုးလုပ်ဖို့ကောင်းပြီ။ မြန်မာမှုအဖွဲ့ကြီးလို့ ဆိုရမှာပေါ့"

♥ ဒဂုန်တာရာ။ ရုပ်ပုံလွှာ၊ ရန်ကုန်။ ပုဂံစာအုပ်တိုက်(ဒု-ကြိမ်)၊ ၁၉၆၃။

## ယုံကြည်ချက်နဲ့ပတ်သက်နေပြီဆိုရင်

**ရွှေဥဒေါင်း (၁၈၈၉–၁၉၇၃)**

"ကျောင်းဆရာ . . . ခင်ဗျားသားသမီးတွေက စကားနားထောင်လို့ လိမ္မာတယ်ဆိုပြီး ကျေနပ်တာလည်း ကျေနပ်ပေါ့။ ဒါပေမယ့် သူတို့ထဲက တစ်ယောက်ယောက်က စကားနားမထောင်ဘဲ လုပ်ချင်တာလုပ်တဲ့လူ ရှိကောင်းရှိမယ်။ အဲသလို စကားနားမထောင်တဲ့အခါ နားမထောင်တဲ့ အကြောင်းကိုရှာကြည့်၊ သူ့ယုံကြည်ချက်နဲ့ပတ်သက်နေပြီဆိုရင် သူ့ကိုခွင့်ပြုလိုက်ပါ။ ခင်ဗျားဘက်က အလျှော့ပေးလိုက်ပေတော့"

♥ မဝင့်၊ မြစ်ငယ်၊ **သန့်စင်ခြင်းနွံ၊**

စာအုပ်စာပေ အသိဉာဏ်ပညာဆောင်းပါးများ။

စာအုပ်ဈေး၊ ၂၀၀၀ ပြည့်နှစ်။

## ရသမြောက်ခြင်း
လှသမိန်

"လွန်ခဲ့တဲ့ နှစ် နှစ်ထောင်လောက်က တိုင်းတာခဲ့တဲ့ စံဟာ ဒီနေ့စာပေတွေကို တိုင်းတာဖို့အတွက် ခေတ်မီမှုမီပါ့မလားလို့ ကျွန်တော် သံသယဖြစ်မိပါတယ်။ ဒီနေ့ စာပေထဲမှာ ရသကိုးပါးထဲမှာ မပါတဲ့ ရသတွေအများကြီးရှိပါတယ်။ ကျွန်တော်ဆိုလိုတဲ့သဘောကတော့ အရသာတွေဟာ ဘယ်နည်းနဲ့ဖြစ်ဖြစ်၊ ခံစားသူရဲ့စိတ်ဆန္ဒကို လှုံ့ဆော်ပြီးတော့ စဉ်းစားမှု၊ သို့မဟုတ် ခံစားမှုတစ်ခုခု ပေးရင် ရသမြောက်ပါတယ်။ ကိုးပါးတောင် မကပါဘူး"

♥ *စာတည်းအဖွဲ့ဝင်တစ်ဦး။ **စာပေစကားဝိုင်း**။ ပေဖူးလွှာမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၈၄။*

## ရာဇဝင်လေးမျိုး

**မော်ဝီဆရာသိန်း (မြန်မာ ၁၂၂၃–၁၃၀၃)**

“ပညာရှိတို့ မိန့်ဆိုသည်ကို နာခံမှတ်သားရဖူးသည်ကား ရာဇဝင်ဆိုသည်မှာ ကမ္ပည်းကျောက်စာတို့၌ ဖော်ပြသော ရာဇဝင်၊ အုပ်စိုးသောမင်းအမိန့်တော်နှင့်ရေးသားသော ရာဇဝင်၊ သဘင်သည်တို့ ကပြသောဇာတ်ရာဇဝင်၊ ပြောကြသောပါးစပ်ရာဇဝင် ဟူ၍ ၄–မျိုးရှိကြောင်း။ ကမ္ပည်းကျောက်စာ ရာဇဝင်ကား ရှေးရှေးကြီးက သုံးသောစကားအတိုင်း၊ ကိရိယာအပိုင်းနည်းလျက်၊ ရှေးသုံးအက္ခရာတို့နှင့်သာ တိတိကျကျရေးသားကြပေကြောင်း။ မင်းအမိန့်တော်နှင့် ရေးသားရသောရာဇဝင်ကား အမှန်နည်းသည်။ အကြွားများသည်။ အချီးအမြှောက်များသည်။ မင်း၏ အလိုတော်ကျအတိုင်း ရေးသားကြရပေကြောင်း။ ဇာတ်ရာဇဝင်ကား အလွမ်းအဆွေးများပေကြောင်း၊ ပါးစပ်ရာဇဝင်ကား ရာဇဝင်၌ ပါသည်တို့ထက် အကားအားကြီးပေကြောင်း။

♥ *မော်ပီဆရာသိန်း၊*

***ပါးစပ်ရာဇဝင်၊ ပထမတွဲ။***

## ရာထူးဂုဏ်ထူးထက်ပိုသော
### ပိဋကတ်တော်အုပ်မင်း၊ ဦးယံ(၁၁၇၇-၁၂၅၄)မြန်မာ

"ရှေးပိဋကတ်ကို ချောက်ချားနိုင်သော ညောင်ကန်ဆရာတော် ဦးဗုဒ်သီတင်းသုံးတော်မူသော ကျောင်း၊ မောင်းထောင်ကြီးရွာ သာသနာပိုင် ဆရာတော်ဘုရား သီတင်းသုံးတော်မူသော ကျောင်း၊ မုံရွေးဆရာတော် သီတင်းသုံးတော်မူသော စေတဝန်ကျောင်းတော်များကို ရှိခိုးပူဇော် ကန်တော့ခဲ့ရတာ၊ ယခု ငါရရှိသော ရာထူးဂုဏ်ထက် အဖိုးတန်သောကြောင့် ဝမ်းမြောက်အားတက်ခြင်း ဖြစ်မိသည်။"

♥မော်ပီဆရာသိန်း၊
ပညာရှိကြီးများအကြောင်း။
နဝ္ဗလင်းမြို့။ ပညာအလင်းပြပုံနှိပ်တိုက်။
၁၂၉၉ ခု။

## ရှန်းကန်ခဲ့ရတဲ့ အပိုင်းနဲ့ပတ်သက်လို့

**လေးဖြူ**

"အဲဒီရှန်းကန်ခဲ့ရတဲ့အပိုင်းတွေ ပြောလည်း မပြောချင်တော့ပါဘူး။ ကျွန်တော်ဖတ်ဖူးထားတာတချို့က အဲဒါတွေကို အရသာခံပြီးပြောနေကြတယ်။ အဲသလိုကျတော့ သိပ်ပြီးခံတွင်းမတွေ့ဘူး။ ဒါကိုပဲ သူတို့က တစ်သက်လုံးပေးဆပ်ထားရှုပါတယ်၊ ဒါတွေပဲ ပြောနေကြတာ။ အဲဒါတွေ ကျွန်တော် မကြိုက်ဘူး။ ဒါ ကျွန်တော့်အမြင်ကို ပြောတာနော်။ သူတို့အခြေအနေကိုတော့ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော် ဘယ်လိုခံစားခဲ့ရပါတယ်၊ ဘယ်လိုဖြတ်သန်းခဲ့ရပါတယ်ဆိုတာချည်း ကျွန်တော် မပြောချင်ဘူး"

♥ *စာတည်းအဖွဲ့။*
*အိပ်မက်ကို အသက်သွင်းသူများ*
*(သို့မဟုတ်)*
*လေးဖြူနှင့်သူငယ်ချင်းတစ်စု၊*
*ဇန်နဝါရီ၊ ၁၉၉၄။*

## ရပ်တည်ချက်

**လူထုဦးလှ(၁၉၁၀-၁၉၈၂)**

"စာရေးမယ့်လူဟာ အမှားနဲ့အမှန်ကို ခွဲခြားသိတတ်ဖို့ အထူးလိုအပ်ပါတယ်။ ဒါဟာလည်း သူတထူးက သင်ကြားပေးလို့ရတဲ့ အရာမဟုတ်ပါဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ့်ဘာသာဆုံးဖြတ်ရမယ့်ကိစ္စပါ။ အမှားနဲ့အမှန်ကြားမှာ သမာသမတ်ရှိရှိ ရပ်တည်တယ်ဆိုတာ မရှိဘူးလို့ စာရေးတွေက မိန့်ကြားခဲ့တာ ကြားဖူးပါတယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ ခွဲခြားသိရှိပြီး အမှန်ဘက်က ရပ်တည်ရပါမယ်။ ဒါဟာ စာရေးဆရာ ဦးထိပ်ပန်ဆင်ရမယ့် သစ္စာတရားလို့ ထင်ပါတယ်"

♥ *ကျော်ခေါင်။*

***'လူထုဦးလှပြောခဲ့တဲ့***
***စာပေအကြောင်းမှတ်မိသမျှ'***

*စံပယ်ဖြူ၊ အမျိုးသမီးမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၅။*

## ရှေ့က ကာတွန်းဆရာကြီးတွေက
**ဦးဖေသိန်း**

"ရှေ့ကကာတွန်းဆရာကြီးတွေကလည်း ဒီလိုပဲ၊ စာတွေဖတ်ကြ၊ လေ့လာကြ၊ ဆရာတို့လည်း ဒီလိုပဲ လေ့လာကြ ဖတ်ကြရတယ်။ နောက်လူငယ်တွေလည်း ဒီလိုပဲ။ လေ့လာကြဖို့ ဖတ်ကြဖို့လိုတယ်။ ဆရာဆိုရင် ခု ကာတွန်းမရေးနိုင်တော့ပေမယ့် စာမဖတ်နိုင်တော့ပေမယ့် ခေတ်ကို မျက်ခြည်မပြတ်အောင် သိအောင်လုပ်နေတာပဲ။ ဆရာကတော့ ရေဒီယိုနားထောင်ရတာပေါ့လေ။ ရေဒီယိုနားထောင်ပြီး ကိုယ့်တိုင်းပြည်အကြောင်း၊ သူများတိုင်းပြည်အကြောင်း၊ ခေတ်သစ်နည်းပညာတွေအကြောင်း သိအောင်တော့ လေ့လာနေရတာပဲ။"

♥ *မိုးဇံ။ ကာတွန်းဦးဖေသိန်းနှင့် တွေ့ဆုံခြင်း၊*
*မြူတီမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၂၀၀၀ပြည့်နှစ်။*

## ရှေးအစဉ်အလာကိုမဖျောက်ဘဲ ခေတ်နဲ့လျော်အောင်ကြံဖန်ဖို့

ဗဂျီအောင်စိုး(၁၉၂၄-၁၉၉၀)

"ကျွန်တော်တို့ရဲ့ အယူအဆကတော့ မြန်မာပီသဖို့နဲ့ တိုးတက်တဲ့ပန်းချီကားဖြစ်ဖို့ဟာက ရှေးအစဉ်အလာကို မဖျောက်ဘဲ ခေတ်နဲ့လျော်အောင် ကြံဖန်ဖို့နဲ့ ရေးနည်းအကောင်းဆုံးဖြစ်ဖို့ အရေးကြီးတယ်လို့ ယူဆပါတယ်။ (Synthesis of old and modern Art) ဖြစ်ဖို့ဆိုလိုပါတယ်။ ဒီလိုဖြစ်ပြီးရင် ရေးမယ့်အကြောင်းက အလွန်အရေးကြီးပါတယ်။ အောက်ကျနောက်ကျဖြစ်နေတဲ့ လူထုကို ဒီပညာနဲ့ ဖွင့်နိုင်ရပါလိမ့်မယ်။

♥ ဗဂျီအောင်စိုး၊ **ရိုးရာမှသည်ခေတ်သစ်သို့**။ ဗဂျီစာပေ၊ ဇူလိုင်လ၊ ၁၉၇၈။

## ရှုက်တယ်ဆိုတာ

ဒေါ်တာဆွေ (၁၉၁၉-၁၉၉၅)

"ရှက်တယ်ဆိုတာ အကြောင်းမဟုတ်သေးပါဘူး ဗျာ။ ဘာမဆို ကိုယ်မလုပ်ဖူးသေးတဲ့အလုပ်ကို အစမှာတော့ ရှက်သလိုရှိကြတာချည်းပါပဲ။ သို့သော် ဒါကို ငါမဖြစ်မနေလုပ်တော့မယ်လို့ အားမာန်တင်းလိုက်တယ်ဆိုရင် ဒီအပရိကဖြစ်တတ်တဲ့ အရှက်ဟာ သူ့အလိုလို ပျောက်သွားတော့တာပါပဲ"

♥ *ဒေါ်တာဆွေ။ **ဗန်းမော်တင်အောင်၊** ဗန်းမော်တင်အောင်ဦးကာ၊ အားမန်သစ်စာပေ၊ အောက်တိုဘာ၊ ၂၀၀၀ ပြည့်နှစ်။*

**လူ့ငါးမျိုး**

**ပဲရော့ဦးဆန်နီ (၁၈၉၈-၁၉၅၆)**

"၁။ သူတစ်ပါးကို အားကိုးသူ
၂။ မိမိကိုယ်မိမိ တစ်ယောက်တည်းအဖို့ အားကိုးသူ
၃။ မိမိနှင့်အိမ်သားတစ်စုက အားကိုးရသူ
၄။ မိမိ၊ အိမ်သားတစ်စု၊ မိမိလုပ်သားများက အားကိုးရသူ
၅။ မိမိ၏အမျိုးသားများက အားကိုးရသူ
အသင်မည်သူနည်း။

စာများများဖတ်ရှုပြီးမှ စဉ်းစားပါ။

♥ ဓမ္မယောသဦးမောင်မောင်၊
*မြန်မာ့စီးပွားရေးပုဂ္ဂိုလ်ကျော်*
*တစ်ဆယ့်နှစ်ဦး၊*
*ရွှေပုရပိုက်စာပေ၊ ၁၉၉၁။*

## လူငယ်အရေးတော်ပုံ

**သခင်နု (၁၉၀၆–၁၉၉၄)**

"ခင်ဗျားတို့၊ ဒီလို အိရော–အိရောလုပ်နေတာနဲ့ အလကားအချိန်တွေကုန်နေပြီ။ လူငယ်များရဲ့ အရေးတော်ပုံဆိုပြီး တစ်ခုကိုလုပ်မယ်ဆိုရင် တံမြက်စည်းလှည်းတာကလေးလောက်၊ စာကြည့်ပိုမှ ကတ်တိုက်ထောင်တာကလေးလောက်နဲ့ မပြီးဘူး။ နောင်တစ်ခေတ်မှာ ခေါင်းဆောင်ဖြစ်ရမယ့်လူတွေကို ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလတွေ ဖွံ့ဖြိုးလာအောင် အစွမ်းကုန်လုပ်ပေးရမယ်"

♥ သခင်နု၊

*ငါးနှစ်ရာသီဗမာပြည် (၁၉၄၁–၁၉၄၅)*

*မြန်မာပြည်စာအုပ်တိုက်၊(တ–နိပ်)၁၉၆၁။*

## လူ့စိတ်

**ဆရာတော်ဦးဥတ္တမ (၁၈၇၉-၁၉၃၉)**

"လူ့စိတ်ရှိတယ်ဆိုတာ ဒီလိုလေ။ လူဟာလူ့အခွင့်ဘာလဲဆိုတာ၊ နားလည်လာကြတယ်။ ကိုယ့်အခွင့်အရေးကို ကိုယ်သိပြီး မရ ရအောင်ကြိုးစားတတ်ရင် ဒါဟာ လူ့စိတ်ရှိတယ်လို့ ဦးဝင်္ဇင်းဆိုလိုတာပဲ"

♥ *ဗမာ့ခေတ်ဦးဘရင်၊ ဆရာတော်ဦးဥတ္တမ ရန်ကုန်၊ သမစိတ္တစာပေ၊ ၁၉၅၅။*

## လူထုဂျာနယ်

လူထုဦးလှ(၁၉၁၀-၁၉၈၂)

"ဦးလေးတို့ လူထုဂျာနယ်စထုတ်တာကတော့ ပြည်သူအုံကြွပြီး ဖက်ဆစ်ကိုတော်လှန်ဖို့ပဲ။ ဒုတိယကမ္ဘာစစ်အတွင်းကာလမှာ The People ဆိုတဲ့စကားလုံးဟာ အသုံးများလာတယ်။ လူထုခေတ်ပေါ့ဗျာ။ အဲဒါ The People နာမည်နဲ့လိုက်အောင် ယူတာပဲ။ ဦးကျော်ရင်ရယ်၊ ဦးလေးရယ်၊ ဒေါ်ဒေါ်ရယ်၊ ဦးထွန်းရင်ရယ်တိုင်ပင်ပြီး နာမည်အမျိုးမျိုးကြားကနေ ဒီ'လူထု'ဆိုတဲ့နာမည်ယူဖို့ဆုံးဖြတ်ခဲ့ကြတာပဲ။ စောစောက ပြောခဲ့သလိုပြည်သူလူထုအုံကြွပြီး ဖက်ဆစ်ကို တော်လှန်ဖို့ပေါ့။ ဒီစကားလုံးက ဗမာစကားအစစ်မဟုတ်ပါဘူး။ ၁၉၃၄ခုနှစ်လောက်ကတည်းက လယ်တီပဏ္ဍိတဦးမောင်ကြီး သုံးဖူးပါတယ်"

♥ *မောင်သစ်လွင်၊လူထု။*

**သတင်းလူ သတင်းဝိညာဉ်**

*နှစ် ၉၀ပြည့်လူထုဦးလှ၊ လူထုကြီးမှားရေးစာအုပ်တိုက်၊ ၂၀၀၀ ပြည့်နှစ်။*

## လူထုပုံစံပီသတဲ့ စကားပြေတွေနဲ့

**မောင်သိန်းနိုင်**

"ပြည်သူတွေအပေါ်မှာ တကယ့်စေတနာရှိရင် တိုင်းပြည်တည်ဆောက်ရေးမှာ တကယ်ပါဝင်ချင်တယ်ဆိုရင် အများနားမလည်အောင် မရေးသားဘဲ အများလည်အောင် ရေးကြရမှာပဲဆိုတာကတော့ ရှင်းပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တတ်နိုင်သမျှ အားထုတ်ပြီး အတတ်ပညာတွေ၊ အသိပညာတွေ၊ အနုပညာတွေကို လူထုဆန်တဲ့၊ လူထုပုံစံပီသတဲ့ စကားပြေတွေနဲ့ ရေးသားကြပါစို့"

♥ မောင်သိန်းနိုင်။

*ကနေ့မြန်မာစကားပြေအရေးအသား၊*
*မြန်မာစာပေရေစီးကြောင်း၊ အရုဏ်ဦးစာပေ၊*
*ဩဂုတ်၊ ၁၉၆၇။*

## လူထုဟာ စီးပွားရေးအားဖြင့် လွတ်လပ်ရမယ်

**ဦးကျော်ငြိမ်း (၁၉၁၅–၁၉၈၆)**

"... မင်း ငါ့အကြောင်း သိတယ်မဟုတ်လား၊ ငါက အဖော်ကောင်းရင် ငရဲတစ်ခေါက်လောက် လိုက်ချင်တယ်ဆိုတဲ့အစားမျိုးထဲကကွ။ ဂျပန်ခေတ်အတွင်းတုန်းက ငါနဲ့ ရင်းနှီးတဲ့လူတော်တော်များများဟာ ဆိုဗီယက်ရုရှားလီလားကြတယ်။ ကွန်မြူနစ်ဝါဒကြိုက်ကြတယ်။ ဒီတော့ ငါလည်း ဘာမို့မကြိုက်နိုင်ရမှာလဲဆိုပြီးတော့ လေ့လာတာပဲ။ လေ့လာလေလေ ကွန်မြူနစ်ဝါဒ မကြိုက်လေဘဲ။ တစ်ပါတီအာဏာရှင်စနစ်ကို ဘယ်နည်းနဲ့မှမကြိုက်နိုင်ဘူး။ လူထုဟာ စီးပွားရေးအားဖြင့် လွတ်လပ်ရမယ်ဆိုတာ ငါ ယုံကြည်တယ်။ ဒါဟာ ငါ့အဆုံးစွန်ရည်ရွယ်ချက်ပဲ။ ဒါပေမယ့် အဆုံးစွန်ရည်ရွယ်ချက် (Ends) ကို ရောက်အောင် ဘယ်နည်းနဲ့သွားမလဲ။ (Means) ဆိုတာက ပိုအရေးကြီးတယ်။ ဒါ့ကြောင့် တစ်ပါတီ

အာဏာရှင်စနစ်ကို ဖက်ဆစ်မုန်းသလောက် မုန်းတယ်။ ဒါကြောင့် ကွန်မြူနစ်ဝါဒကို လက်မခံနိုင်တယ်"

♥ *သိန်းဖေမြင့်။ ကျော်ငြိမ်း၊*
*ရွှေပြည်တန်ဆာအုပ်တိုက်၊*
*ဖေဖော်ဝါရီ၊ ၁၉၆၁။*

## လူထုအတွက်ရေးတဲ့အခါမှာ
ဝန်းမော်တင်အောင်

"ခင်ဗျားတို့ စာရေးဆရာတွေဟာ များသောအားဖြင့် ကလောင်တစ်ချောင်းကို ငါပိုင်တယ်၊ ငါရေးတာကို ရေးချင်သလို ရေးမယ်ဆိုတဲ့ တာဝန်မဲ့မှုနဲ့ ကျွန်တော်တို့စာဖတ်ပရိသတ်ကို ဇော်ကားချင်တိုင်း ဇော်ကားလာခဲ့တာ များလှပြီ။ ကျွန်တော်တို့က ခံဘက်ကချည်းနေလာတာ များလှပြီ မိတ်ဆွေ။ အထူးသဖြင့် ခင်ဗျားတို့ ပညာတတ် စာရေးဆရာတွေဟာ အကြောင်းအရာတစ်ခုခုကို ရေးတဲ့အခါမှာ စာဖတ်သူတွေဖတ်လိုက်ရင် လွယ်လွယ်ကူကူနဲ့ ရှင်းရှင်းလင်းလင်း သဘောပေါက်နိုင်အောင် ရေးတတ်ဖို့ထက် ခင်ဗျားတို့ကိုယ်တိုင် ခင်ဗျားတို့ရဲ့ တော်ကြောင်းတတ်ကြောင်းလောက်ကိုသာပဲ ပညာစွမ်းပြချင်တဲ့သဘောနဲ့ အမြဲသဖြင့် ရေးလေ့ရှိတယ်။ ဒီသမားဂုဏ်ပြ အရေးအသားနဲ့ အလေ့အကျင့်တွေကြောင့် ခင်ဗျားတို့သိစေ နားလည်စေချင်တဲ့ အကြောင်းအရာတစ်ခုကို စာဖတ်သူဟာ

ဘယ်လိုနားလည်နိုင်တော့မလဲဆိုတာ စဉ်းစားကြည့်ပါဦး။ လူထုအတွက်ရေးတဲ့အခါမှာတော့ လူထုတတ်တဲ့၊ နားယဉ်တဲ့စကားနဲ့ ရေးဖို့ အင်မတန် အရေးကြီးပါလိမ့်မယ်။ လူထုအတွက် ဖတ်ဖို့ ရေးတဲ့စာပေဟာ လူထုဖတ်လို့ လွယ်လွယ်ကူကူနဲ့ နားလည်နိုင်အောင် ရှင်းရှင်းနဲ့ ရိုးရိုးကလေး ရေးဖို့ အရေးကြီးပါလိမ့်မယ်"

♥ *ဗန်းမော်တင်အောင်။*

***တစ်ညသောအခါ၊ကျွန်တော်။***

## လူပြိန်းများနားလည်ကြတယ်

### လယ်တီဆရာတော် (၁၈၄၆-၁၉၂၃)

"စာအုပ်ဗီရိုများမှာ စာရေးလျှင် စာအုပ်ဗီရိုသံတွေ များနေလို့၊ လူပြိန်းတွေနားမလည်ကြဘူး၊ ငါတို့ ကတော့ တောထဲ၊တောင်ထဲ၊ ချုံထဲမှာနေပြီး ရေးခြင်းကြောင့် တောသံ တောင်သံ၊ ချုံသံတွေ များပြီး လူပြိန်းများနားလည်ကြတယ်။ ကမ္ဘာ့ခန်း အားထုတ်ရင်း ရေးသဖြင့် ကမ္ဘာ့ခန်းသံတွေ များစွာ ပါရှိတယ်။

♥ *မောင်ဒီပ၊ 'လယ်တီဆရာတော်'၊*
*စာပေဗိမာန်မဂ္ဂဇင်း၊ အတွဲ ၆၊ အမှတ် ၂။*

## လူဖြူတစ်ယောက်

**နေသွေးနီ**

"မြေကိုမညာခြင်း၊ ၃၁ ဘုံသားတွေကို ချစ်ခြင်း၊ တရားကို နှလုံးထဲထည့်ခြင်း၊ မေတ္တာကို ပေးကမ်းခြင်း၊ ကိုယ့်အတတ်ပညာနဲ့ ကိုယ့်အရောင်ထွက်အောင် မလုပ်ခြင်း၊ လောကလှပစေခြင်း၊ စိမ်းလန်းစေခြင်းအတွက် ပြုချင်တဲ့စိတ်ရှိတဲ့ စိတ်ကလေးနဲ့ အသက်ရှင်နေရင် လူဖြူတစ်ယောက်ပေပဲတဲ့။ ငါ လူဖြူဖြစ်နိုင်သလား"

♥ *နေသွေးနီ။ ဝေဒနာကဗျာကြားခြင်း၊ ဗန်းမော်တင်အောင်မှီကာ၊ အားမန်သစ်စာပေ၊ အောက်တိုဘာ၊ ၂၀၀၀ ပြည့်နှစ်။*

## လူမျိုးခြားလက်အောက်
ဂျွန်ဆရာစံ(၁၈၇၆–၁၉၃၁)

"ခုဘဝမှာ လူမျိုးခြားလက်အောက်က မလွတ်မြောက်ပေမယ့် နောက်ဘဝမှာ လွတ်မြောက်ရမယ်။ ကျုပ်က ဘုရားရှိခိုးပြီး ဆုတောင်းတဲ့အခါမှာတောင် လူမျိုးခြားလက်အောက်မှ လွတ်မြောက်ရပါလို၏လို့သာ ဆုတောင်းတယ်"

♥ ဒါရိုက်တာဆရာမြင့်၊ *'ဆရာစံတော်လှန်ရေး'* မြဝတီမဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၁၉၅၃။

## လူမျိုးသမိုင်း

### ပါမောက္ခအိုနိုးတိုးရု (ဂျပန်ပြည်)

"လူမျိုးတစ်မျိုးရဲ့ယဉ်ကျေးမှုဆိုတာ ဘာသာစကားတစ်ခုတည်းနဲ့ ဘာယ်တော့မှ မပြီးပါဘူး။ သူတို့ရဲ့ နေထိုင်စားသောက်မှု၊ ဓလေ့ထုံးစံကိုလည်း လေ့လာဖို့လိုအပ်ပါတယ်။ မျက်မှောက်ခေတ် ဘဝကိုသာမကဘဲ အတိတ်ကာလ အခြေအနေကိုလည်း သုတေသနလုပ်သင့်တယ်။ အဲဒီ ထင်မြင်လာတာနဲ့ အခုတော့ လူမျိုးသမိုင်းကို ဦးစားပေးလေ့လာနေပါတယ်။ မြန်မာလူမျိုးနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် ပုဂံခေတ်က အခြေအနေကို ကျောက်စာတွေဖတ်ပြီး လေ့လာကြည့်ပါတယ်။ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်က အခြေအနေကိုတော့ အမိန့်တော်တွေကို ထောက်ထားပြီး လေ့လာနေပါတယ်။ ဒီတော့ မြန်မာနိုင်ငံသမိုင်းထဲက တစ်စုံတစ်ခု ရေးရမလား စိတ်ကူးပါတယ်"

♥ *ပါမောက္ခအိုနိုးတိုးရု၊ ဂျပန်ပြည်။*

**သတိရပါတယ် ဦးလေးလှကို၊**

*လူထုချစ်သမျှ လူထုဦးလှ၊ဒုတိယတွဲ၊*

*လူထုကြီးပွားရေးစာအုပ်တိုက်၊ မန္တလေး၊*

*ဇန်နဝါရီ၊ ၂၀၀၀ ပြည့်နှစ်။*

## လူမှုပတ်ဝန်းကျင်တစ်ခုကို ပြုပြင်ပြောင်းလဲဖို့
## ဂျူး

"လူမှုပတ်ဝန်းကျင်တစ်ခုကို ပြုပြင်ပြောင်းလဲဖို့ ဆိုသည်မှာ အခြေခံအားဖြင့် ကြီးကျယ်သောကိစ္စ၊ မဖြစ်နိုင်သောကိစ္စဟု ထင်စရာရှိသည်။ သာမန် ကလေးမအေ၊ အိမ်ထောင်ရှင်မတစ်ဦးအနေနှင့် ဝို၍ မဖြစ်နိုင်သလိုဘဲ။ သို့သော် တကယ်တမ်း အဲသလို ပြုပြင်ပြောင်းလဲပေးဖို့ လိုအပ်သည့်အရည် အချင်းမှာ အကြီးအကျယ်မဟုတ်။ ခံစားမှုဝေ တတ်သောနှလုံးသားရှိဖို့လိုသည်။ စိတ်ရှည်ရှည် ဖွဲ့ကောင်းဖို့လိုသည်။ သာမန်လူထက် နည်းနည်း ကလေးပိုပြီး သတ္တိရှိဖို့လိုသည်။ သည်လောက် ပါပဲ။"

♥ *ဂျူး၊ 'သာမန်မိန်းမ' မဟေသီရုပ်စုံမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၀၀ ပြည့်နှစ်။*

## လူ့ရဲ့စိတ်ကူးဉာဏ်နဲ့ ဖန်တီးထားတဲ့ အရာသာ

ကာတွန်းမောင်စိန်

"ကျွန်တော်တို့ တံဆိပ်ခေါင်းတွေကအစ ပြတိုက်ကပန်းချီကားတွေရော၊ မဂ္ဂဇင်းတွေက သရုပ်ဖော်ပန်းချီတွေပါ အားလုံးဟာ ပန်းချီအနုပညာထဲမှာ ပါဝင်ပါတယ်။ လောပိတရေတံခွန်ကြီးက လှတယ်။ ဒါပေမယ့် ပန်းချီအနုပညာထဲ မပါပါဘူး။ နေဝင်ချိန်ကလည်း လှတယ်။ ဒါပေမယ့် ပန်းချီအနုပညာမဟုတ်ဘူး။ လူ့ရဲ့စိတ်ကူးဉာဏ်နဲ့ ဖန်တီးထားတဲ့ဟာသာ၊ ပန်းချီအနုပညာထဲမှာ ပါပါတယ်။ ပို့စကတ်ရေးတာလည်း အနုပညာပဲ။ ရုပ်ပြရေးတာလည်း အနုပညာပါပဲ"

♥ ဝင်းငြိမ်း၊

**သရုပ်ဖော်ပန်းချီဆရာတို့ရဲ့ဂါရဝ၊**

*ပေဖူးလွှာမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၁၉၈၂။*

**လူရွှင်တော်ဘဝ**
**အကယ်ဒမီ ဗိုးပါကြီး**

"ကျွန်တော့်ဘဝကို လူတွေက ပျော်စရာဘဝလို့ ထင်နေကြတယ်။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကျွန်တော်ဟာ ပရိသတ်ကို စိတ်ချမ်းသာအောင်၊ အမြဲရယ်စရာလုပ်ပြနေတာကိုး။ ကျွန်တော့်ရဲ့ကြေကွဲစရာဘဝကို သူတို့မသိကြဘူး။ ပြီးတော့ သူတို့ကိုသာ ရယ်အောင် ကျွန်တော်က လုပ်နေရတာ၊ ကျွန်တော့်ကိုတော့ ဘယ်သူမှ ရယ်အောင် မလုပ်ခဲ့ကြပါဘူးဗျာ"

♥ *တက္ကသိုလ်မောင်လှသူ၊*
***အကယ်ဒမီဗိုးပါကြီး၊***
*ကိုတင်အောင် မစန်းစာပေ၊ ဇန်နဝါရီ၊ ၁၉၆၁။*

# လူသားအားလုံးကို ကိုယ်စားပြုတဲ့ရုပ်တု

မြသန်းတင့် ( ၁၉၂၉-၁၉၉၈)

"ဒီနေ့ ခေတ်ကြီးရဲ့ ရုပ်တုဖွင့်ပွဲဟာ တော်တော်ထူးခြားတဲ့ပွဲ ဖြစ်ပါတယ်။ ဒီနေ့ကမ္ဘာမှာ ရုပ်တုတွေဟာ တစ်ခုပြီးတစ်ခု ပြိုလဲနေကြပါတယ်။ ဒီလိုရုပ်တုတွေ ပြိုလဲနေတဲ့ခေတ်မှာ ကျွန်တော်တို့ဟာ ရုပ်တုတစ်ခုကို စိုက်ထူလိုက်ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ စိုက်ထူလိုက်တဲ့ ရုပ်တုကတော့ ဘယ်တော့လှန်ရေးကမှ ဖြိုလှဲပစ်နိုင်တဲ့ ရုပ်တု မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ စိုက်ထူလိုက်တဲ့ ခေတ်ကြီးရုပ်တုဟာ လူတစ်စု၊ လူတန်းစားတစ်ခုကို ကိုယ်စားပြုတဲ့ ရုပ်တုမဟုတ်ဘဲ၊ တစ်မျိုးသားလုံး၊ ဒီထက်ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ပြောရရင် လူသားအားလုံးကို ကိုယ်စားပြုတဲ့ ရုပ်တုဖြစ်နေလို့ပါပဲ"

♥ မြသန်းတင့်။

*ပီတောက်ပန်းသို့ဂုဏ်ပြုခြင်း၊*

ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်နှင့်

သုတပညာမဂ္ဂဇင်း၊ ၁၉၉၇-၉၈။

## လူအများစုရဲ့ ရင်ခုန်သံ
**မိုးဝေမ်းဓ ( ၁၉၄၄-၁၉၉၃)**

"အသက်အရွယ်ကလည်းရလာ၊ အတွေ့အကြုံက လည်းများလာလို့ထင်ပါရဲ့၊ ခုတစ်ခါမှာတော့ အရင် ကျွန်မရေးဖူးခဲ့တဲ့ အကြောင်းအရာမျိုးတွေ ထက်ပိုပြီး ယေဘုယျဆန်တဲ့၊ လူများစုရဲ့ရင်ခုန်သံ တွေနဲ့ပဲ တစ်ထပ်တည်းကျနိုင်မယ့်၊ အကြောင်း အရာမျိုးတွေကိုပဲ ကျွန်မရေးချင်နေမိပါတော့ တယ်။ ကိုယ်တစ်ယောက်တည်း ရင်ခုန်ဖို့အတွက် မရေးချင်လှတော့ဘူး။ လူများစုရဲ့ရင်ခုန်သံတွေကို လိုက်နားထောင်ပြီး သူတို့နဲ့အတူ ရင်ခုန်ရှာနဲ့ပဲ ကျွန်မ စာရေးချင်ပါတယ်။

♥ *မိုးဝေမ်းဓ။*

***ဆရာမမိုးဝေမ်းဓ၏ စာပေအယူအဆ***

*ဟန်သစ်မဂ္ဂဇင်း၊ဧပြီ၊၁၉၉၃။*

## လူ့စာမေးပွဲရှုံးခြင်း
## ညွှန့်ကြူး (၁၉၃၂-၁၉၉၂)

"ကဗျာကို အဲဒီအလင်္ကာတွေဟာ ဘယ်လို အထောက်အကူပြုသလဲလို့ မေးရင်တော့ မေးထိုက်တဲ့မေးခွန်းပါ။ ဒီလိုမမေးဘဲ ဒီကဗျာမှာ ပါတဲ့ အလင်္ကာ၊ ဒီအပိုဒ်မှာပါတဲ့ အလင်္ကာကိုဖော်ပြပါဆိုရင် ကျောင်းသားတွေဟာ ဆရာသင်ထားတဲ့ အတိုင်း မှတ်စုထဲကအတိုင်းကူးပြီး ရေးချလိုက်မှာပဲ။ စာမေးပွဲကတော့ အောင်ပါတယ်။ ဒါပေမယ့် လူ့အဖြစ်အနေနဲ့ကတော့ စာမေးပွဲရှုံးတယ်။ လူ့စာမေးပွဲရှုံးတယ်။ ဘာပြုလို့လဲဆိုတော့ ကဗျာကို ခံစားပြီး မဖတ်တတ်ဘူး။ အလင်္ကာကိုပဲသိတယ်။ သိတာမှာလည်း မှတ်စုထဲကအတိုင်း သိတယ်။ ကိုယ့်ခံစားချက်နဲ့သိတဲ့အသိမဟုတ်ဘူး"

♥ *ညွှန့်ကြူး။ ကဗျာသဘော၊ ပညာရေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်း၊ ၁၉၈၅-၈၆။*

## လူ့တာဝန်
## ကြည်နိုင်

"လူတွေဟာ စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးဟာ အဓိကျကျ မဖြစ်မနေ ရင်ဆိုင်ကြုံတွေ့ကြရပါတယ်။ ဒါ့အပြင် လူမှုရေး၊ သားရေးသမီးရေး၊ မိသားစုအရေးစတဲ့ တစ်ဦးချင်းအိမ်ထောင်စုဘဝများအပြင် အများအကျိုးဆိုတဲ့ (ပရဟိတ)ကိုလည်း တတ်နိုင်သမျှ ထမ်းဆောင်နိုင်မှ လူ့တာဝန်ကျေပါလိမ့်မယ်။ အဲဒီတော့ မိမိကိုယ်ကို ပြန်စစ်ဆေးကြည့်ရလိမ့်မယ်။ မိသားစုတာဝန်ကျေပွန်ရဲ့လား။ လူတန်းစေ့နေနိုင်ရဲ့လား၊ အများအကျိုးဘာဆောင်ရွက်နိုင်ပြီလဲ။"

♥ ကြည်နိုင်။ သောကကင်းဖို့ လက်တို့ခြင်း၊ ဇန်နဝါရီ၊ ၁၉၉၂။

## လူ့အသိုက်အဝန်းကြီးတစ်ခုလုံး ကောင်းလာဖို့

ဆရာတော်ဦးဓောတိက

“လူ့အသိုက်အဝန်းကြီးတစ်ခုလုံးကောင်းလာဖို့ ဆိုတာ မှန်ကန်တဲ့အသိအမြင်၊ မှန်ကန်တဲ့သဘော ထား၊ မှန်ကန်တဲ့ စေတနာပေါ်မှာ အခြေခံတဲ့ မှန်ကန်တဲ့အလုပ်တွေကို လူတွေများများလုပ်နိုင်ဖို့ လိုတယ်။ . . . . .

ဒါကြောင့် လူတွေကို အစွမ်းအစပိုရှိတဲ့သူတွေ ဖြစ်လာအောင် စဉ်းစားပေးပြီးတော့ လိုအပ်တာလေး တွေကို ဖန်တီးပေးဖို့လိုတယ်။ လူတွေရဲ့ အစွမ်း အစ၊ လုပ်ရည်ကိုင်ရည်တွေ နိမ့်ကျသွားရင် လူ့ အသိုက်အဝန်းကြီးတစ်ခုလုံး ပျက်စီးသွားနိုင် တယ်”

♥ *ဦးဓောတိက။*

*ဘာကိုတန်ဖိုးထားရမလဲ။*

## လောကကြီးဟာ အကျယ်ကြီးပါ
**ခင်မျိုးချစ် (၁၉၁၅-၁၉၉၉)**

"လူဆိုတာ ကိုယ်ပိုင်အယူအဆ၊ ထင်မြင်ချက် ကိုယ်စီရှိကြတယ်။ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်တယ်။ ဒါပေမယ့် သူတစ်ပါးကို ငါယူဆသလို ယူဆရမယ်။ ငါ့အယူအဆသာ အမှန်ဆိုပြီး သူတစ်ပါးရဲ့လွတ်လပ်မှုကို မကျူးကျော်သင့်ဘူး။ လူလူချင်း အယူအဆချင်းမတူပေမယ့် လောကကြီးဟာ အကျယ်ကြီးပါ။ နေစရာ၊ ရပ်တည်စရာတွေ အကျယ်ကြီးရှိပါတယ်။ ဘယ်သူ့ကိုမှ တွန်းထိုးပစ်စရာ မလိုပါဘူး။"

♥ *ဝင်းငြိမ်း၊ 'ခင်မျိုးချစ်နဲ့ တွေ့ဆုံခြင်း'*

*ပေဖူးလွှာမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၈၄။*

## လက်စွဲဆောင်ပုဒ်

**ဗိုလ်အောင်ကျော်ရှင်**

•

"ရိုးရိုးကျင့် မြင့်မြင့်ကြံ
မှန်မှန်ပြော စောစောထ
ရိုးသားဖြောင့်မတ်သောသူသည်
မိမိဥစ္စာရှင်အား မည်သည့်အခါမှ
မျက်နှာချိုသွေးရန်မလို"

♥ *ဗိုလ်အောင်ကျော်ရှင်။ '**ဗိုလ်အောင်ကျော်ရှင် ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ**'၊ ရန်ကုန်၊ သင်္ဘာဝစာပုံနှိပ်တိုက်၊ ၁၉၆၂။*

## လက်ရုံးနှင့်ပညာ

**ဝန်ဇင်းမင်းရာဇာ(မြန်မာ ၇၁၀ ခန့်-၇၈၃ ခန့်)**

"လက်ရုံးဖြင့် လုပ်ကြံသော ပြည်ထဲအရေးကား အနေမကျ၊ အပြီးလည်းမတိုင်၊ ခွင့်ရလျှင် ပြန်လှန်လေကာသာ။ ပညာဖြင့် လုပ်ကြံသော ပြည်ထဲအရေးကား ပူပန်ခြင်းလည်းမရှိ၊ အနေလည်းကျ၏။ အပြီးသို့လည်းရောက်၏။ လှန်ပြန်အံ့သော ငှာလည်းမရှိ"

♥ ရှင်စန္ဒာလင်္ကာရ၊ **မဏိရတနာပုံကျမ်း။**

## လက်ဝဲအစွန်းမှ လက်ယာအစွန်းသို့
သူရိယဦးသန်းမောင်

"၁၉၆၁ ခုနှစ်မှာတော့ မန္တလေးသူရိယသတင်းစာကို ပြည်ဖုံးကားချလိုက်ရပါတော့တယ်။ ကျွန်တော်လည်း အရက်အလွန်အကျွံသောက်ပြီးတော့ ဝေဒနာရခဲ့ပါတယ်။ လက်ဝဲအစွန်းကနေ လက်ယာအစွန်းကို ခုန်ပျံခဲ့တဲ့ ကျွန်တော့်ဘဝကိုလည်း အမုန်းကြီးမုန်းခဲ့မိတယ်"

♥ မြတ်ဆွေ။ သူရိယဦးသန်းမောင်၊ ရွှေရုပ်စုံ၊ ဖေဖော်ဝါရီ၊ ၁၉၉၄။

## လွှတ်လပ်ရေး

ဘကြီးဘဘော (၁၈၈၄-၁၉၉၂)

"ကျွန်တော်သည် အင်္ဂလိပ်လက်အောက် ကျွန်ဘဝတွင် မွေးခဲ့၏။ သေသော် ကိုယ့်မင်းကိုယ့်ချင်းသခင်ဘဝတွင် သေမည်။ ထို့ကြောင့် လွှတ်လပ်ရေးကို အရယူမည်ဖြစ်သည်။"
(တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲတွင် ပြောကြားသောစကား)

♥ *ဦးစံမြ။ ဘကြီးဘဘော၏ ရာဇဝင်အတ္ထုပ္ပတ္တိ။ ၁၉၅၅။*

၇

## လွတ်လွတ်လပ်လပ်လုပ်စေချင်တဲ့ဆန္ဒ

**သာဓု**

"အခု..ဆရာ့သားတွေ စာရေးနေကြတယ်။ ဘယ်သူ့ကိုမှ ဆရာ သင်မပေးခဲ့ဘူး။ သူတို့ဘာသာရေးကြတာပဲ။ ကိုယ့်သားသမီးဆိုပြီး ဆရာက သင်ပေးလိုက်ရင် ဆရာ့သားလေးယောက်ဟာ (ဝဏ္ဏ၊သုမောင်၊မင်းလူ၊အာယု)ဖြစ်မလာဘဲ သာဓုဝမ်း၊ သာဓုတူး၊ သာဓုသရီး၊ သာဓုဖိုးတွေသာ ဖြစ်လာလိမ့်မယ်။ ဆရာ့ရဲ့ဩဇာဝင်သွားမယ်။ ရေးပုံရေးနည်း၊ အယူအဆတွေ သူတို့ခေါင်းထဲဝင်သွားမယ်။ ဆရာက အဲဒါမကြိုက်ဘူး။ လွတ်လွတ်လပ်လပ်လုပ်စေချင်တဲ့ဆန္ဒရှိတယ်"

♥ *ဝင်းငြိမ်း။သာဓုနှင့်တွေ့ဆုံခြင်း၊*
*ပေဖူးလွှာမဂ္ဂဇင်း၊ဇန်နဝါရီ၊ ၁၉၈၅။*

## လှပတဲ့တေးဂီတ

**သခင်ဘဟိန်း၊(၁၉၁၇-၁၉၄၆)**

"တချို့က အင်္ဂလိပ်တီးလုံးသွား သီချင်းတွေကို မကြားနိုင်ကြဘူး။ နားပိတ်ထားချင်သတဲ့ဗျ။ သာယာတဲ့တေးသံကို ဘာပြုလို့လက်မခံနိုင်ရသလဲ။ ဂီတဆိုတာ လူတစ်မျိုးတည်း ကန့်သတ်ထားတာမဟုတ်ဘူး။ ကျွန်တော့်အဖို့တော့ သာယာလှပတဲ့ တေးဂီတဆိုရင် နိုင်ငံခြားဂျပန်ပဲဖြစ်ဖြစ်၊ ကုလားပဲဖြစ်ဖြစ်၊ အီတာလျံပဲဖြစ်ဖြစ် နားထောင်တာပဲ။ တချို့က အင်္ဂလိပ်သံဆိုရင် အသံသေး အသံကြောင်ဆိုပြီး နားမထောင်နိုင်ကြတာ အံ့ဩစရာပဲ"

♥ *ဒဂုန်တာရာ၊ ရုပ်ပုံလွှာ၊ ရန်ကုန်။*
*ပုဂံစာအုပ်တိုက်(၃-ကြိမ်)၊ ၁၉၆၃။*

## လျှံထွက်ခြင်းသဘောတူသော်လည်း

ဒုတိယကျော်အောင်စံထား ဆရာတော်

(၁၇၁၈–၁၈၂၃ ခန့်)

"အော့အန်သည် ဟူသောစကားခွန်း၏ အရသည် အပသို့လျှံသည်။ ထွက်သည်ချည်းဖြစ်၍ အော့အန်သည်အနက်အရ မထူးသကဲ့သို့ရှိ၏။ ထိုသို့တစ်မူကား တစ်စိပ်မျှထူး၏။ ထူးဟန်ကား အန်သည်ဟူရာ၌ ဝိညာဉ်ရှိ၊ ဝိညာဉ်မဲ့သဏ္ဌာန်နှစ်ပါး၌ပင် အမှတ်မဲ့ဆန္ဒကင်းလျက် လျှံထွက်သော အရာဖြစ်၏။ အော့သည်ဟူသည်ကား ဝိညာဉ်ဖြစ်သော သတ္တဝါတို့သဏ္ဌာန်၌သာလည်း ထင်၏။ အော့လိုသောဆန္ဒရှိသော အရာလည်း ထင်၏။ ဤသို့ပင်လျှင် လျှံထွက်ခြင်းသဘောတူသော်လည်း တစ်စိပ်မျှကွဲ၏။"

♥ *ကျော်အောင်စံထားဆရာတော်၊ ဒုတိယ။*
*ဝေါဟာရတ္ထပကာသနီ၊ ရန်ကုန်၊*
*လယ်တီမဏ္ဍိုင်၊ ၁၉၅၈။*

## ဝါဒတရားကိုယ်ကိုက မမှန်ဘူး

မောင်သာနိုး

"မဟုတ်ဘူး၊ ဝါဒတရားကိုယ်ကိုက မမှန်ဘူး။ တရားကိုယ်မမှန်လို့ မဟုတ်တာတွေ၊ လျှောက်ဖြစ်နေတာလို့။ ကျွန်တော့်ကို အတွေးမှန်ပေါက်စေတာကတော့ ကမ္ဘာကျော်ယဉ်ကျေးမှုတော်လှန်ရေးကြီးပါပဲ။ ဒါတောင် ဒီယဉ်ကျေးမှုတော်လှန်ရေးကြီး ဆော်ပေါက်ခါစက ကျွန်တော်လည်း တော်လှန်ရေးဆရာတွေ ရေးကြ ဝါဒဖြန့်ကြတာတွေကို အဟုတ်မှတ်ကာ ထောက်ခံတဲ့ဆောင်းပါးတွေ ဆက်တိုက်ရေးခဲ့သေးတာ။ နောက် တော်လှန်ရေးကြီး အရှိန်ရ၊ ကမ္ဘာ့တိုင်းပြည်တွေပြန့်၊ ကိုယ့်တိုင်းပြည်ကိုပါ ရောက်လာပြီး ဖြုတ်ကြ၊ ထုတ်ကြ၊ သတ်ကြ လုပ်ကုန်ကြတော့မှ သူ့ရဲ့စက်ဆုပ်ဖွယ်သဘော၊ သရုပ်မှန်ကို အကောင်းဆုံးနားလည်သဘောပေါက်လာရတာဖြစ်တယ်။"

♥ *မောင်သာနိုး၊ **ကာဠီနတ်သမီးနဲ့ကျွန်တော်**။ မဟေသီရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၁၉၀၊ အောက်တိုဘာ၊ ၂၀၀၀ ပြည့်နှစ်။*

## ဝိပဿနာတရား

**ဆရာကြီး ဝိုအင်ကာ**

"ဝိပဿနာတရားဟာ ဘယ်အထိအကျိုးပြုခဲ့သလဲ ဆိုရင် စက်မှုနဲ့ ရောင်းဝယ်တဲ့လုပ်ငန်းတွေ ပြည်သူ ပိုင်အသိမ်းခံရတဲ့အခါမှာ တချို့သူများဟာ စိတ် လမ်းကြောင်းတွေ ချော်ကျပြီး ဒုက္ခရောက်သွား ရှာကြပေမယ့် ကျွန်တော်ကတော့ ပြုံးနေနိုင်ခဲ့ပါ တယ်။ ဒီလိုလောကဓံကို ရင်ဆိုင်နိုင်တဲ့အတွက် ကျွန်တော် စိတ်ချမ်းသာနေခဲ့ပါတယ်။

♥ ဦးလေးကြီးဦးတင်မောင်။ **'ဓမ္မဒေသနာမပေါ်တိုင်း မောဓိဉာဏ်နီးကြား၍နေပါစေ'**
မဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၁၉၉၄။

## ဝင်အောင်စားကြည့်

### လေထီးဦးအုန်းမောင်(၁၉၁၉-၂၀၀၀)

"မစားနိုင်ကြဘူးလား ..
တဖြည်းဖြည်းဝင်အောင် စားကြရမှာပဲ၊ ကျွန်တော်တို့ ပထမအသုတ်တုန်းကဖြင့် 'ဝင်အောင်စားကြည့်' ဆိုတဲ့ ကြွေးကြော်သံနဲ့ ထမင်းဝင်ရေးကို တိုက်ပွဲတစ်ခုအဖြစ် ဆင်နွှဲခဲ့ရတယ်"

♥ သခင်မြသန်း။

*နှစ်ကျွန်းပြန် သံမဏိ ၂ဦး၊*
*မော်ကွန်းစာပေတိုက်၊ ၁၉၆၂။*

## ဝတ္ထုဆိုတာ
### နတ်နွယ်

"ဝတ္ထုဆိုတာ ဝါဒဖြန့်ချိရေးပဲ။
စာရေးဆရာတစ်ယောက်က သူ့ရဲ့အယူဝါဒ၊ သူ့ရဲ့
အတွေးအမြင်၊ သူ့ရဲ့အတွေ့အကြုံကို ဝါဒဖြန့်နေ
တာပါပဲ။"

♥ ဝင်းငြိမ်း၊ *'နတ်နွယ်နှင့်တွေ့ဆုံခြင်း'၊*
*ပေဖူးလွှာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၈၃။*

**ဝတ္ထုသရုပ်ဖော်တဲ့သဘော**
**ပန်းချီဦးအုန်းလွင်(၁၉၀၇-၁၉၈၈)**

"ဝတ္ထုကို စိတ်စွဲပြီးရေးလိုက်တာက ဝတ္ထုရဲ့ ခာတ်ထွတ် (Climax) ကို သရုပ်ဖော်မိလျက်သား ဖြစ်သွားတယ်။ ဒီတော့ ဝတ္ထုဖတ်သူအရှေ့နဲ့ ပုံကို မြင်ပြီးသားဆိုတော့ ဆွဲကြိုးပျောက်တယ်ဆိုကတည်းက ခေါင်းအုံးအောက်ရှိနေတယ်ဆိုတာ သိနေတာပေါ့။ ဝတ္ထုရဲ့အရသာပျက်သွားရော။ ဝတ္ထု သရုပ်ဖော်တဲ့သဘောကို သတိမထားမိလိုက်ဘဲ ရေးလိုက်မိတော့ မဂ္ဂဇင်းထွက်လာမှ သတိရပြီး စာရေးဆရာကို အားနာလိုက်တာ"

♥ *မောင်သစ်ဆင်း၊ ကလေးတို့မနက်ဖြန်။*
*မိုးယံစာပေ၊ ၂၀၀၀ ပြည့်နှစ်။*

## သဘာဝမှန်ကန်တဲ့လုပ်ငန်း

### သိန်းဖေမြင့် (၁၉၁၄-၁၉၇၈)

"စာရေးဆရာရဲ့ ဦးနှောက်ပဲဖြစ်ဖြစ်၊ ပန်းချီဆရာရဲ့ ဦးနှောက်ပဲဖြစ်ဖြစ်၊ စာရေးဆရာရဲ့ စိတ်ဓာတ်ဖြစ်ဖြစ်၊ ပန်းချီဆရာရဲ့ စိတ်ဓာတ်ဖြစ်ဖြစ်၊ ဉာဏ်ဖြစ်ဖြစ်၊ ထီးထီးကြီးနေတာမဟုတ်ဘဲ၊ သူ့ချည့်ပဲ ဖန်ပေါင်းချောင်ထဲ ထားပြီးတော့ရတဲ့အရာမဟုတ်ဘဲ ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုရင် မှန်လိုပဲ။ သူက ပတ်ဝန်းကျင်လောကကြီးကို အရိပ်ထင်တယ်၊ ဒီလိုအရိပ်ထင်နေတာက သဘာဝအခြေခံပဲ။ အဲဒီလိုအရိပ်မထင်ပါနဲ့လို့ ပိတ်ပင်လို့ မရဘူး။ တကယ်တော့ ပတ်ဝန်းကျင်လောကဆိုတာလည်းပဲ ဖရိုဖရဲ ပရမ်းပတာမဟုတ်ဘဲ အဓိကအားဖြင့် သူ့ ဦးတည်ချက်နဲ့သူ ရှိတယ်။ သူ့ Direction ရှိလည်း ရှိအပ်ပါတယ်။ အဲဒီလိုရှိနေတာ၊ ရှိအပ်တာကို လူတွေက စနစ်တကျအားထုတ်ပြီးတော့ Direction အတိုင်းချိတက်ခြင်းဟာသာ သဘာဝမှန်ကန်တဲ့လုပ်ငန်းပဲ"

♥ *သိန်းဖေမြင့်၊* ***အမျိုးသားလွတ်လပ်ရေးနှင့်ပြည်ထောင်စုစာပေ၊*** *ရှုမဝရုပ်စုံမဂ္ဂဇင်း၊ မတ်၊ ၁၉၆၁။*

**သဘာဝ၏တရား**

**ကျော်စောမင်း**

"ငါ့မြေ၊ ငါ့ပြည်၊ ငါပိုင်တဲ့မြေ ဆိုပြီး၊ ချဲ့လိုက် ချုံ့လိုက်၊ တူးလိုက် ဖို့လိုက် လုပ်ကြသူတွေ၊ အချိန်တန်တော့ မြေကြီးထဲရောက်ကြရသည့်။ ရေမြေ့ရှင်ဆိုခဲ့ သူများလည်း မြေကြီးထဲရောက်သည်။ ဟော...ငါ့မြေဆိုကွ၊ မင်းရဲ့မြေကြီးလား၊ မြေကြီးရဲ့ မင်းလား ... ဟားဟား ...ဟု မြေကြီးက ရယ်၏။ ငါဟူသော မာန၊ ငါ့ဟာဟူသော လောဘ၊ ငါပိုင်တယ်ဟူသော မောဟ(မိစ္ဆာဒိဋ္ဌိ)တို့ဖြင့်၊ မြေကြီးပေါ် ဆောင့်ဆောင့်နင်းခဲ့သူတွေ၊ ဆောင့်ကြွားကြွား ခြေဖျားထောက်ခဲ့သူတွေကို မြေကြီးက ရယ်ခြင်းဖြစ်သည်"

♥ *ကျော်စောမင်း၊ **သဘာဝ၏တရား**။*

*သရဖူမဂ္ဂဇင်း၊ အမှတ်-၃၂၊၁၉၉၇။*

## သဘောထားပြဿနာ၊ အတွေးအခေါ်ပြဿနာ

**ဇော်နောင်**

"အမျိုးသားယဉ်ကျေးမှုအပေါ်မှာ ဘယ်လောက်လေးနက်တယ်၊ မလေးနက်ဘူး၊ သူ့စာပေအယူဝါဒဟာ လူထုနဲ့ အမျိုးအတွက် ရည်ရွယ်သလား၊ မရည်ရွယ်ဘူးလားဆိုတဲ့ ကိစ္စတွေနဲ့သက်ဆိုင်နေတယ်လို့ ထင်တယ်။

အမျိုးသားယဉ်ကျေးမှုကို လေးနက်သူက မိမိရဲ့ ကဗျာပုံသဏ္ဍာန်ကို အမျိုးသားဟန်နဲ့ပဲ ရေးလိမ့်မယ်။ အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးမထားဘဲ နိုင်ငံခြားယဉ်ကျေးမှုကို အထင်ကြီးတဲ့သူတွေက နိုင်ငံရပ်ခြားက ဟန်တွေကို ပုံတူကူးချပြီး ရေးလိမ့်မယ်။ မိမိရဲ့ကဗျာကို ပြည်သူလူထု အကျိုးစီးပွားအတွက်ဖြစ်ရမယ်လို့ ယုံကြည်တဲ့သူက ကဗျာကို လူထုနားထဲ ရှောရှောရှူရှူဝင်အောင် လူထု နားလည်တဲ့ပုံစံနဲ့၊ လူထုနားလည်တဲ့စကားလုံးတွေနဲ့ ရေးလိမ့်မယ်။

ကဗျာဟာ ကိုယ့်ရင်ခုန်သံကို ကိုယ်ရေးတာ၊ ဘယ်သူ့ကိုမှ အကျိုးပြုစရာမလိုပါဘူး။ ကဗျာဟာ သီးခြားသဘောဆောင်တယ်လို့ ယူဆတဲ့သူတွေကတော့ လူထုနားလည်ဖို့၊ နားမလည်ဖို့ ထည့်မစဉ်းစားဘဲ သူတို့ရေးချင်သလို ရေးကြလိမ့်မယ်၊ ဒါဟာ သဘောထားပြဿနာ၊ အတွေးအခေါ်ပြဿနာပဲမဟုတ်လား"

♥ *ဇော်နောင်။ ရွှေဇလားနဲ့ကြက်သားတုံး၊ လုံမလေးမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၉၆။*

## သရော်စာ

### မောင်ကိုယု

"....အဲဒီတော့၊ ကဗျာပဲဖြစ်ဖြစ်၊ ဝတ္ထုပဲဖြစ်ဖြစ်၊ ဆောင်းပါးပဲဖြစ်ဖြစ်၊ ရေးဟန်အမျိုးမျိုး အကြောင်းအရာအမျိုးမျိုးနဲ့ ခေတ်ကိုလည်း သရော်နိုင်တယ်။ နိုင်ငံရေးကိုလည်း သရော်နိုင်တယ်။ လူတစ်စု၊ လူတစ်ယောက်ကိုလည်း သရော်နိုင်တယ်ဆိုတာ ကျွန်တော်တို့သဘောထားချင်း ကိုက်ညီပါတယ်။ အဲ..သရော်ပုံ သရော်နည်းကတော့ အမျိုးမျိုးရှိတာပေါ့လေ။ ပညာသားပါဖို့တော့ လိုတာပေါ့။ မြှောက်ပင့်ပြီး သရော်တာမျိုးလည်းရှိတာပဲ။ တောင်းပန်တိုးလျှိုးသံနဲ့လည်း သရော်နိုင်တာပဲ။ ခမ်းခမ်းနားနား ချီးကျူးဖွဲ့ဆိုပြီးလည်း သရော်နိုင်တာပါပဲ။ ဟာသရနံ့မကင်းတဲ့ ဟာသနှောတဲ့ သရော်စာရှိသလို၊ ဟာသမပါဘဲ အတည်ပေါက်ရေးတဲ့ သရော်စာလည်း ရှိတာပါပဲ။ သနားစရာရေးသလိုလိုနဲ့ သရော်တာမျိုးလည်း ရှိတာပါပဲ"။

♥ *စာတည်းအဖွဲ့ဝင်တစ်ဦး၊ စာပေစကားဝိုင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၈၅။*

## သီချင်းတွေက အဓိက

**ဇော်ဝင်းထွဋ်**

"ကျွန်တော်က အသံမကောင်းဘူး၊ ကံကောင်းတယ်။ ဒီအသံကိုပဲ အဆိုတော်မဖြစ်ဖြစ်အောင် လုပ်ပေးမယ့် အဖေရယ်၊ တီးဝိုင်းကိုဦးဆောင်ပေးမယ့် အစ်ကိုရယ်၊ ကြွကြွခံပေးကြတဲ့သူငယ်ချင်းတွေရယ်၊ လုပ်ချင်တာ စမ်းချင်တာတွေကို အကောင်အထည်ဖော်ပေးမယ့် အင်ဂျင်နီယာတွေ စသည်ဖြင့်ပေါ့ . . . ပတ်ဝန်းကျင်ကောင်းကြောင့် အဆိုတော်ဖြစ်ရတာပါ။ ပြီးတော့ ကျေးဇူးအတင်ရဆုံးကတော့ ပထမဆုံးအခွေကို ဝယ်နားထောင်ကြတဲ့ ပရိသတ်ပါပဲ။ သူတို့မြှောက်ပေးလို့ အဆုံးသတ်လို့ မရတာလေ။ တကယ်တမ်းကတော့ ဘာသံနဲ့ဆိုဆို အရေးမကြီးပါဘူး။ သီချင်းတွေကပဲ အဓိကကျပါတယ်"

♥ *ဝေစိုး။ သည်လအနုပညာရှင်(ဂီတ)၊ဟန်သစ်မဂ္ဂဇင်း၊အမှတ် ၉၃၊ ဇန်နဝါရီ၊ ၂၀၀၁ခုနှစ်။*

## သုခမြို့တော်ထဲက စိတ်သတ္တိ

**မြသန်းတင့် (၁၉၂၉-၁၉၉၈)**

"သုခမြို့တော် ကို ဖတ်ကြည့်တော့ ပထမရလိုက်တဲ့ ခံစားချက်က ကြောက်စရာ၊ အံ့ဩစရာ၊ စိတ်ညစ်စရာပဲ။ ဒါပေမယ့် ဖတ်ရင်းဖတ်ရင်းနဲ့ သတ္တိကောင်းလာတယ်။ အားရှိလာတယ်။ လောကကြီးမှာ ဘယ်လောက်အောက်တန်းကျကျ၊ ဘယ်လောက်ပဲ ဆင်းရဲဒုက္ခတွေ့တွေ့ နေချင်စရာတွေ၊ နေပျော်စရာတွေ၊ စိတ်သက်သာရစရာတွေ၊ အများကြီးရှိသေးတာပဲဆိုတဲ့ အသိကိုရတယ်။ ဘယ်လောက်ပဲဆိုးတဲ့လူတွေရှိရှိ ကောင်းတဲ့လူတွေအများကြီးရှိတာပဲ။ လူ့ဘဝကြီးဟာ ဘယ်လောက်ပဲ မည်းမှောင်နေနေ၊ အလင်းရောင်ကတော့ ရှိနေပါကလားဆိုတဲ့ အမြင်ကို ရလာခဲ့တယ်။ ကျွန်တော်တို့မှာ သတ္တိနှစ်မျိုးရှိတယ်။ တစ်နည်းပြောရရင် ဇွတ္တိနဲ့သတ္တိပေါ့။ သတ္တိဆိုတာ လောကခံကို ရင်ဆိုင်ရဲတာ။ ဆင်းရဲတာကိုလည်း ရင်ဆိုင်ရဲ

တယ်။ ချမ်းသာတာကိုလည်း ကျော်လွှားရဲတယ်။ နိမ့်တာကိုလည်း ခံနိုင်တယ်။ မြင့်တာကိုလည်း ခံနိုင်တယ်။ ဒါကို ပြောတာလို့ ကျွန်တော် ထင်တယ်။"

♥ *မြသန်းတင့်။ **သုခမြို့တော်ထဲက စိတ်သဏ္ဍာန်**၊ ဖေဖော်ဝါရီ၊ ၁၉၉၄။*

## သုတေသနရဲ့ လုပ်ထုံးလုပ်နည်း

**ဒေါက်တာသန်းထွန်း**

"မြန်မာပြည်အရပ်ရပ်မှာ လှည့်ပြီး သမိုင်းအထောက်အထားတွေ ရှာတယ်။ အထောက်အထားများများတွေ့တော့ ဆက်စပ်ပြီး သမိုင်းသဘောကို ဆင်ခြင်တယ်။ စာတမ်းရေးတယ်။ စာတမ်းကို လူပရိသတ်ဖိတ်ပြီး ဖတ်ပြတယ်။ လိုတာ၊ ပိုတာ ပြင်ဆင်ဖြည့်စွက်ကြပါလို့ တောင်းပန်တယ်။ စာစောင်တစ်ခုခုမှာ ပုံနှိပ်လိုက်သေးတယ်။ ဒီလို စာတမ်းတော်တော်များများ ရေးမိတော့ ပေါင်းပြီး စာအုပ်တစ်အုပ်လုပ်ပြန်တယ်။ ဒါတွေဟာ သုတေသနရဲ့ လုပ်ထုံးလုပ်နည်းပဲ ဖြစ်တယ်"

♥ *ဒေါက်တာသန်းထွန်း၊*
**အသစ်ပြင်ဗမာသမိုင်း၊**
*မန္တလေး၊မြကန်သာစာပေ၊ ၁၉၇၅။*

## သူများတွေချမ်းသာဖို့

**ပီမိုးနင်း (၁၈၈၃–၁၉၄၀)**

“မွဲတာတော့မပြောပါနဲ့ဆရာ။ သူများတွေ ဘယ်လို ချမ်းသာကြပါ့မလဲဆိုတာ အချိန်ရှိတိုင်း စဉ်းစား၊ စဉ်းစားရတိုင်း ရေးနေလို့ ကိုယ်ဆိုင်ချမ်းသာအောင် လုပ်ဖို့ကို စဉ်းစားချိန်လည်းမရှိဘူး။ လုပ်ချိန်လည်းမရှိဘူး။”

♥ *မောင်သိန်းဖေ၊ ပီမိုးနင်း။*

*အိုးဝေမဂ္ဂဇင်း၊ တွဲ–၇၊ ၁၉၃၈။*

## သူတို့အရေးအဖွဲ့

**ဇဝန (၁၉၁၁-၁၉၇၃)**

"ငါက ဒီလိုထင်ခဲ့ဖူးတယ်ကွ။ ရွှေဥဒေါင်းရဲ့ စုံထောက်မောင်စံရှားဝတ္ထု စာတ်လမ်းစာတ်ကွက်ဆင်ပုံကို ကြိုက်ပါတယ်။ ဒါပေမယ့် ရေးဟန်ကို အကြိုက်မတွေ့ဘူး။ သူ့မြန်မာစာ အရေးအသားကောင်းတယ်၊ ခန့်ညားတယ် ဆိုကြပေမယ့် အင်္ဂလိပ်စာ ရေးနည်းရေးဟန်ကို တုထားသလိုပဲ။ ဟိတ်ကြီးဟန်ကြီးလုပ်ပြီးရေးထားတယ်။ ပီမိုးနင်းစာတွေကိုဖတ်ရသလို လျှောခနဲမနေဘူး။ ပီမိုးနင်းက အရေးအသားလွတ်လပ်တယ်။ ဝါကျတည်ဆောက်ပုံတိုတောင်းကျစ်လျစ်တယ်"

♥ မြဝတ်ရွှေ။ **ဇဝန (သို့မဟုတ်) မာနခဲစာရေးဆရာ၊ သတင်းစာဆရာ၊** ရွှေရုပ်စုံ၊ ဩဂုတ်၊ ၁၉၉၄။

## သူကျွန်

**မင်းရဲကျော်စွာ (မြန်မာ ၇၅၂-၇၇၈)**

"ဘကြီးတော်ကို ငါစစ်ပြုမယ်လာသည်ကာလ၊ ပဲခူးမြို့ကို မရဘဲ ငါမပြန်ပြီကတိရှိသည်။ ဆေးကိုလည်း မသောက်ပြီ၊ ယခု ငါသို့စဉ်ဖြစ်ခဲ့ပြီးသော် သူ့ကျွန်ဟူသောအမည်ကိုခေါ်ပြီး ငါ့အသက်ရှင်သောထက် သေရသော်မြတ်၏။"

♥ ဗညားဒလ၊

*ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း။*

## သံချို

ဇေယျ

"... နောက်တစ်ခုက **သံချို** ဆိုတာပဲ။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက သံချိုဆိုတာ မကြားရတော့ပါဘူး။ ရှေးက ခေတ်ရုပ်သေးမှာ သံချိုက အရေးကြီးတယ်။ မင်းသမီး၊ မင်းသား ထွက်လာရင် သံချိုတိုင်ရပါတယ်။ သံချိုတိုင်ဆရာများဟာ စာလည်းတော် ဉာဏ်လည်းရွှင်ရတယ်။ ခုတော့ရင် သံချိုက ခေတ်စာမျှသာမဟုတ်ဘဲ ကျွန်တော်တို့စာပေမှာ အရေးကြီးတဲ့ကဏ္ဍဖြစ်နေပါတယ်။ သံချိုမှာ ဦးကျော်လှ၊ ဦးဉာဏ်ဝန်တို့ ဦးဉာဏ်ကျယ်တို့ နာမည်ကြီးခဲ့ပါတယ်။"

♥ *ဇေယျ၊ ပြခေတ်စာပေ၊*

*ရှုမဝရုပ်စုံမဂ္ဂဇင်း၊မတ်၊၁၉၆၁။*

## သိုင်းဝတ္ထု

### ဝတ္ထုဖတ်ပရိသတ်တစ်ဦး

"ဘာပဲဖြစ်ဖြစ်၊ သိုင်းဝတ္ထုတွေကို အပျင်းပြေ သဘော ဖတ်တဲ့လူတွေကတော့ အများကြီးပဲ။ ဒီနေရာမှာ ကျွန်တော့်သူငယ်ချင်း စာပေသမား တစ်ယောက်အကြောင်း ပြောချင်ပါတယ်။ စာပေ သမားဆိုပေမယ့် ရိုးရိုးစာပေသမားမဟုတ်ပါဘူး၊ နာမည်ရ ကလောင်ရှင်ဖြစ်ပါတယ်။ သူဟာ စာပေ သဘောတရားဆောင်းပါးတွေလည်း ရေးလေ့ရှိပါ တယ်။ ဒါပေမယ့် သူဟာ တစ်ချိန်က သရဲတစ္ဆေ ဥစ္စာစောင့်ဝတ္ထုတွေကို တန်းစီဖတ်လေ့ရှိသလို ခု လည်း သိုင်းဝတ္ထုတွေကို အဆက်မပြတ်ဖတ်ရှုနေ တဲ့သူပါ။ ဘာလို့ဖတ်သလဲမေးရင် သူ့ဘက်က လွယ်လွယ်ပဲဖြေတတ်တယ်ဗျ။ 'ပျင်းလို့'တဲ့။ ဒီ တော့ သိုင်းဝတ္ထုတွေ တွင်ကျယ်ရတဲ့အကြောင်း ဟာ ပျင်းတဲ့လူတွေများလို့ပဲလား။ စာပေကို အပျင်းပြေသဘောထားမှုလို့ပဲ၊ ပေါ့ပေါ့ဆဆ

လက်ခံထားလို့လား။ ဘာပဲဖြစ်ဖြစ် သိုင်းဝတ္ထုတွေကတော့ ဆက်လက်တွင်ကျယ်ဆဲပါပဲဗျာ။"

♥ *ဝတ္ထုဖတ်ပရိသတ်တစ်ဦး၊*
**ယနေ့မြန်မာဝတ္ထုရှည်**၊ မိုးဝေမဂ္ဂဇင်း၊
*အမှတ် (၂၀၀)ပြည့်စောက်တင်ဘာ၊ ၁၉၈၄။*

## သည်းခံခြင်းတရားကို နှလုံးသားနဲ့ ရင်းထားတဲ့ အမေတွေ

မဝဠ္ဍာ

"ဟုတ်တယ်၊ အမိရော အဖရောလိုတာပေါ့။ သားသမီးတွေကို ကိုယ်ရောစိတ်ပါ ကျန်းမာသန်စွမ်းအောင် လူလားမြောက်အောင် လုပ်ဖို့၊ ကျွေးမွေးပြုစုဖို့က အမေတစ်ယောက်တည်း မခံနိုင်တော့ဘူးလေ။ အဖေ့အကူအညီလည်း အများကြီးလိုတာပေါ့။ ဒါကြောင့်မို့လို့ သားသမီးကို တကယ်ချစ်မြတ်နိုးတဲ့ အမေတိုင်းဟာ သူတို့သားသမီးတွေကို ဖခင်ရင်းနဲ့ပဲ မကွဲမကွာ၊ အမြဲထားရှိဖို့ ကြိုးစားကြတယ်လေ။ သားတွေ သမီးတွေ ပွားစီးလာတဲ့ အိမ်ထောင်ရေးဟာ သံယောဇဉ်ကြိုးတွေ အထပ်ထပ်ပတ်လာသလို ခွင့်လွှတ်ရတာ၊ သည်းခံရတာ၊ ကြေကွဲရတာ၊ နာကျင်ရတာတွေလည်း အများကြီးရှိနေတတ်တာပဲ။ သားသမီးတွေအတွက် သည်းခံခြင်းတရားကို နှလုံးသားနဲ့ရင်းထားတဲ့ အမေတွေဟာ ရေတွက်လို့တောင်မှ ရမှာမဟုတ်ပါဘူး။

အရင်တုန်းကလည်း အများကြီး၊ အခုလည်း အများကြီး၊ နောက်နောင်လည်း အများကြီး ရှိနေဦးမှာပါ"

♥ *မစန္ဒာ။*

**အများထဲမှတစ်ယောက်အကြောင်း၊**

*မြန်မာအမျိုးသမီးကြေးမုံ၊*

*မြန်မာနိုင်ငံစာနယ်ဇင်းအဖွဲ့၊ ၁၉၉၈။*

## သွေးချောင်းစီးစစ်ပွဲများဆီသို့

ဝင်းထွန်းဇော်

"တကယ်တော့ မိမိရဲ့တိုင်းပြည်အပေါ် မိမိရဲ့လူမျိုးအပေါ် ချစ်မြတ်နိုးတယ်၊ သစ္စာစောင့်သိတယ်ဆိုတာ လူတိုင်းမှာရှိဖို့လိုအပ်တဲ့ စိတ်ဓာတ်ရေးရာအရည် အသွေးတစ်ရပ်ပါပဲ။ ဒါပေမယ့် အဲဒီအရည်အသွေးကို မှန်မှန်ကန်ကန် အသုံးပြုတတ်ဖို့တော့ အမှန်ပဲလိုအပ်ပါတယ်။ အမျိုးသားရေးစိတ်ဓာတ်ပဲခေါ်ခေါ်၊ မျိုးချစ်စိတ်ဓာတ်ပဲဆိုဆို၊ အဲဒီအရည်အသွေးကို နည်းလမ်းမှန်မှန် အသုံးချတတ်ဖို့ကတော့ သိပ်ကိုအရေးကြီးပါတယ်။ တကယ်လို့ လူမျိုးတစ်မျိုး (ထိုမျိုးနွယ်စုတစ်စုဟာအမျိုးသားရေးစိတ်ဓာတ်ကို မမှန်မကန် လွန်လွန်ကျူးကျူး ရှေ့တန်းတင်လာမယ်ဆိုရင်ဖြင့် အဲဒီအမျိုးသားရေး စိတ်ဓာတ်က မျက်ကန်းမျိုးချစ်ဝါဒ National Chavinism) အဖြစ် လျှောကျသွားပြီး

မိမိနိုင်ငံအတွင်း အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲရေးနဲ့ သွေးချောင်းစီး စစ်ပွဲများဆီသို့သာ ဦးတည်သွားမှာ မလွဲပါဘူး။"

♥ ဝင်းထွန်းဇော်၊

*အရေးပြားပေါ်မှာရေးတဲ့သမိုင်း၊*

*အတွေးအမြင်စာစဉ်(၁၂၅)၊ ၁၉၉၇။*

## ဟင်းလင်းပြင်နှင့် အဆွဲခံဝတ္ထုတို့၏ အညမည

မြေချစ်သူ

"ခေတ်သစ်ပန်းချီမှာက ဟင်းလင်းပြင်ဆိုတာ ပြတ်မဲ့တာကြီး (continum) အစဉ်အတန်းကြီးပဲ၊ ဒီအာရုံစဉ်တန်းကြီးကို အဆွဲခံ၊ အကြည့်ခံဝတ္ထုများက ပြောင်းစေတယ်။ ကွေးစေတယ်။ ဒါပေမယ့် ဒီလို ပြောင်းစေတာ၊ ကွေးစေတာဟာ ဘာကြောင့်လဲဆိုတော့ ဒီအကြည့်ခံ အဆွဲခံဝတ္ထုများကိုယ်နှိုက်က ဟင်းလင်းပြင်ကြီးရဲ့ အပြောင်းအကွေးပေါ်မူတည်ပြီး ဖြစ်တည်ရလို့ပါပဲ။ ဟင်းလင်းပြင်နဲ့ အကြည့်ခံ၊ အဆွဲခံဝတ္ထုတို့ဟာ ခေတ်သစ်ပန်းချီရဲ့အမြင်မှာ ဒီလို အညမည သွားနေကြတာ မဟုတ်လား အစ်ကို"။

♥ ဗဂျီအောင်စိုး၊ *ရိုးရာမှသည်ခေတ်သစ်သို့*၊ ဗဂျီစာပေ၊ ဇူလိုင်၊ ၁၉၇၈။

## အကျပ်အတည်း

ဒဂုန်တာရာ

"အပြောင်းအလဲတစ်ခုခု လှုပ်ရှားနေတဲ့အခါ ဖြစ်ပေါ်တတ်တယ်။ ပြောင်းလဲတယ်ဆိုတာ အကျပ်အတည်းကြောင့်ပြောင်းလဲတာ။ ဆိုပါတော့ ... တံခါးပေါက်ရှိတယ်။ အဲသည်မှာဝင်ချင်တဲ့သူကလည်း အတင်းဝင်ချင်တယ်။ ထွက်ချင်တဲ့လူကလည်း ထွက်ချင်တယ်။ အဲသည်မှာ ထွက်လို့လည်း မရ၊ ဝင်လို့လည်းမရ၊ ကျပ်ညပ်နေတဲ့ အခါ အဲဒါမျိုးကို အကျပ်အတည်းလို့ခေါ်တယ်။ အဲသည်လိုဆိုရင် အကျပ်အတည်းကို ဖြေရှင်းရမယ်။ ဝင်ပေါက်တစ်ခု သပ်သပ်လုပ်ရမလား၊ အပေါက်ကိုချဲ့ရမလား စသဖြင့်ပေါ့လေ။ စဉ်းစားရကြပ်သလို ရှိတာမျိုး၊ အကျပ်အတည်းမှာလည်း ဖြေရှင်းဖို့စဉ်းစားကြရမှာပေါ့။"

♥ *ဒဂုန်တာရာ၊*
***မယ်စယ်ရန့်သင်းပျံ့မွှေးရီ၊***
*တအုပ်ဈေး၊ မေ၊ ၂၀၀၀။*

## အကြိုက်ရင့်လာခြင်း

**ရန်ကုန်ဘဆွေ**

"ဓါဂင်ပန်းချီကားကို ကြိုက်တတ်ရန်၊ ရာမရကာန်ကို ကြိုက်တတ်ရန်၊ ထူးမခြားနား သီချင်းကြီး၊ သီချင်းခံတို့ကို ကြိုက်တတ်ရန်၊ ဦးညဘာသစကားပြေတွေကို ကြိုက်တတ်ရန်ဆိုသည်မှာ တဖြည်းဖြည်းလေ့လာ၍၊ လေ့လာသလောက် အတွေ့အကြုံများလာ၍၊ အတွေ့အကြုံများသလောက်လည်း အတွေးအခေါ် ရင့်လာ၍၊ အတွေးအခေါ်ရင့်လာသလောက်လည်း ဆုံးဖြတ်ဝံ့ရဲသူဖြစ်ပါမှ အကြိုက်ရင့်လာရသည်"

♥ *ရန်ကုန်ဘဆွေ၊ **စာပန်းချီ**၊ အနုပညာလောကမြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်း၊ စက်တင်ဘာ၊ ၁၉၆၀။*

## အခုထက်တိုင်တည်ရှိနေတဲ့ပြဿနာ

**ကိုကို**

"တစ်ချိန်တည်းမှာပဲ နိုင်ငံမှာ ပြည်တွင်းစစ်မီး ထတောက်ပြီး နိုင်ငံရဲ့စည်းလုံးညီညွတ်မှုဟာ ပြိုလဲသွားရပါတယ်။ စာပေသစ် ဒီရေအိလာချိန်၊ နိုင်ငံအစိုးရဟာ အရင်းရှင်စီးပွားရေးတည်ဆောက်ချိန်၊ နိုင်ငံစည်းလုံးညီညွတ်ရေး ပြိုကွဲပျက်စီးချိန်ဟာ 'စာပေဟာ စာပေသက်သက်သာဖြစ်ရမယ်' ဆိုသူတွေအဖို့ စာပေသစ်အရှိန်ဩဇာကို တွန်းလှန်ဖို့ အကောင်းဆုံးအချိန်ပါပဲ။ ဒီအချိန်ကို ယူပြီး သူတို့ရဲ့ အယူအဆကို တင်ပြကြတော့တာလည်း ဖြစ်ပါတယ်။ စာပေသစ်အယူအဆရှိသူတွေနဲ့ စာပေသစ်အယူအဆကို လက်မခံသူတွေရဲ့ ပဋိပက္ခဟာ စာရေးသူတွေရဲ့ အဝန်းအဝိုင်းမှာ အတော်ဂယက်ရိုက်တာကို တွေ့ရပါတယ်။ ဒီပဋိပက္ခဟာ ၁၉၅၀ ခုနှစ် တဝိုက်လောက်တုန်းကလို မထင်ပေါ်တော့ပေမယ့်လည်း အခုထက်တိုင်တည်ရှိနေတယ်လို့ ဆိုရပါမယ်"

♥ *ကိုကို။* ***မျက်မှောက်ခေတ်စာပေ၊***

*မြန်မာစာပေရေစီးကြောင်း၊*

*အရုဏ်ဦးစာပေဩဂုတ်၊ ၁၉၆၇။*

## အချစ်
**ခင်ဆွေဦး**

"အချစ်ဆိုတာ ကျွန်မထပ်ပြောချင်ပါသေးတယ်။ လူငယ်ရဲ့သဘာဝမှာ အချစ်ဆိုတာ ရှိနေမှာပဲကိုး။ အချစ်မှာ စိတ်လှုပ်ရှားပြီးချစ်တဲ့အချစ်နဲ့၊ အကြောင်းတစ်စုံတစ်ခုကြောင့် ချစ်ရတဲ့အချစ်ရယ်လို့ ရှိတယ်။ Emotion နဲ့ Reason လို့ပြောရမှာပေါ့။ ဒါကတော့ ယေဘုယျသတ်မှတ်ချက်ပါ။ စိတ်လှုပ်ရှားမှုကြောင့်ချစ်ရတဲ့ အချစ်က မခိုင်လုံတဲ့သဘော ရှိတယ်။ Reason နဲ့ရွေးတဲ့အချစ်ကတော့ ခိုင်မြဲတတ်ပါတယ်"

♥ *ဝင်းငြိမ်း၊ ခင်ဆွေဦးနှင့်တွေ့ဆုံခြင်း၊ ပေဖူးလွှာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၈၂။*

**အစားအသီးကို ကျော်ဖြတ်ချင်တဲ့သဘော**
**စိုင်းခမ်းလိတ်**

"လူဆိုတာမျိုးဟာ မသွားနဲ့ဆိုရင် ပိုသွားချင်တယ်။ မစားနဲ့ဆိုမှ ပိုပြီးစားချင်တယ်။ မလုပ်နဲ့ဆိုတာတွေကို လုပ်စမ်းကြည့်ချင်တယ်။ ဒီလိုတားထားတာ၊ ဆီးထားတာကို ကျော်ဖြတ်ချင်တဲ့သဘောက မွေးကတည်းက ပါလာတဲ့သဘာဝတစ်ခုပါ။ လမ်းကောင်းကိုရွေးမိတယ်ဆိုရင် တော်သေးရဲ့။ လမ်းဆိုးကိုသာ ရွေးမိတယ်ဆိုရင် ဘဝတစ်ခုလုံး တောက်လျှောက် အရိပ်မည်းကြီးအောက်မှာပဲ ရောက်နေရတော့မှာပေါ့"။

♥ *အယ်ဒီတာအဖွဲ့၊ သူနှင့်သူ့အနုပညာ၊ မြူတီမဂ္ဂဇင်း၊ မတ်၊ ၂၀၀၀ ပြည့်နှစ်။*

## အတ္တုပ္ပတ္တိစာပေ
ဒေါက်တာမတင်ဝင်း

"လူအမျိုးမျိုးနဲ့ တွေ့လာတဲ့အခါမှာ ကျွန်မတို့ အနေနဲ့ ဆင်ခြင်နိုင်ရင်ဆင်ခြင်နိုင်သလို ပညာတွေ ကို တတ်စေပါတယ်။ ဗဟုသုတများလည်း တိုး ပွားရပါတယ်။ လူတွေအကြောင်းကိုသိလာတာ နဲ့အမျှ အနေအထိုင်၊ အပြောအဆို၊ အပြုအမူ၊ အတွေးအခေါ်များ ပိုမိုရင့်ကျက်လာစေဖို့ပဲ လိုပါ တယ်။ သူတစ်ပါးအကြောင်း ကိုယ်သိသမျှ တစ်ဆင့်ဖောက်သည်ချပြီး အချိန်တွေကုန်သွား အောင် ဖြုန်းမနေသင့်ပါဘူး။ သူတစ်ပါးအကြောင်း ထဲမှာ အတုယူစရာရှိရင် ယူရပါမယ်။ ရှောင်ကြဉ် သင့်တဲ့အချက်တွေပါရင် ရှောင်ရပါမယ်။ အဲသလို သူ တစ်ပါးရဲ့ ဘဝအတွေ့အကြုံထဲကနေပြီး မိမိတို့ ဆောင်ရန် ရှောင်ရန်အသိတရားတွေ ရတတ်လို့ ကျွန်မတို့ဟာ အတ္တုပ္ပတ္တိစာပေတွေကို ဖတ်နေရ တာ ဖြစ်ပါတယ်။"

♥ *ဒေါက်တာမတင်ဝင်း။*

***ဝင်္ဂဆိုတာ လည်တတ်တဲ့သဘောရှိတယ်၊***

*ပါရမီစာပေ၊ ဇွန်၊ ၁၉၉၉။*

## အတ္ထုပ္ပတ္တိနဲ့ဝတ္ထု

**ခင်နှင်းယု**

"သက်ရှိထင်ရှားတဲ့ရှိတဲ့ လူတစ်ယောက် မွေးသည်က သေသည်အထိ လှုပ်ရှားမှုတွေကို ရေးသားဖော်ပြတာဟာ အတ္ထုပ္ပတ္တိဖြစ်တယ်။ စိတ်ကူးထဲမှာရှိတဲ့ လူတစ်ယောက်၊ ပုဂ္ဂိုလ်၊ သတ္တဝါကို ဖွဲ့နွဲ့ရေးသားတာက ဝတ္ထုပါပဲ။ အလုပ်သမားအကြောင်းပဲ ရေးရေး၊ လယ်သမားအကြောင်းပဲ ရေးရေး၊ အတ္ထုပ္ပတ္တိအရေးခံဇာတ်ကောင်ကို စာရေးသူ မပိုင်ပါဘူး။ သူ့မှာ သီးခြားကိုယ်ပိုင်ဟန်နဲ့ သူ့ဘဝဇာတ်ကို သူ့ဘာသာ ဇာတ်ဆောင်တစ်ယောက်အနေနဲ့ ကပြသွားသူဖြစ်တယ်။ ဒီတော့ စာရေးသူဩဇာကို နာခံလိမ့်မယ်မဟုတ်ဘူး။ ကျွန်မတို့ ဝတ္ထုရေးဆရာတွေရဲ့ ဇာတ်ကောင်တွေကတော့ ကျွန်မတို့မွေးထုတ်ထားတာဆိုတော့ ကျွန်မတို့ လိုချင်တဲ့ တစ်စိတ်တစ်ပိုင်းကိုလည်း ဖော်ပြလို့ရတယ်။ ဘဝအစအဆုံးကိုလည်း ဖော်ပြလို့ရတယ်။ ကျွန်မတို့

ကစေချင်သလို ကစေလို့ရတယ်။ ဒါတောင် ကိုယ့်ခေတ်ကောင် ကိုယ်မနိုင်တဲ့ စာရေးဆရာတွေ အများကြီးပဲ။"

♥ *စာတည်းအဖွဲ့ဝင်တစ်ဦး၊*
***စာပေစကားဝိုင်း၊***
*ပေဖူးလွှာမဂ္ဂဇင်း၊ ရွှန်၊ ၁၉၈၅။*

## အဓိပ္ပာယ်ရှိရှိ၊ အကျိုးရှိရှိရပ်တည်ဖို့

**နိုးနိုး(အင်းလျား) (၁၉၄၅-၁၉၉၀)**

"စာရေးခြင်းနဲ့ အရှည်သဖြင့် ရပ်တည်တော့မယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါကျတော့ ဒီလိုကျဉ်းမြောင်းတဲ့ မိမိပတ်ဝန်းကျင် ကွက်ကွက်ကလေးကိုပဲ ရေးနေလို့ မဖြစ်တော့ဘူး။ နာမည်လေးမှန်မှန်ပါရုံ၊ ငွေစကလေးရရုံကလွဲလို့ အခြားဘာအဓိပ္ပာယ်များ ရှိပါသလဲ။ ဒီလိုအဓိပ္ပာယ်မရှိတဲ့အလုပ်ကို လက်ညောင်းခံပြီး လုပ်မလား? ဒါမှမဟုတ် အဓိပ္ပာယ်ရှိရှိ၊ အကျိုးရှိရှိရပ်တည်ဖို့ ဘယ်လိုလုပ်မလဲ စဉ်းစားလာမိတယ်။

စာကို ဆက်ရေးရမယ်။

ကြိုးစားပြီး ရေးရမယ်။

ကျဉ်းမြောင်းသေးသိမ်တဲ့အကြောင်းတွေကို ဖယ်ထုတ်ပစ်လိုက်ရမယ်။ ပုဂ္ဂလိက ခံစားချက်တွေ မေ့ပစ်ရမယ်။ ကိုယ်နဲ့အတူတူရပ်တည်နေတဲ့

သာမန်ပြည်သူများရာစုရဲ့ ခံစားချက်တွေ၊အဖြစ်အပျက်တွေ၊ နာကျင်မှုတွေကို လေ့လာဖော်ထုတ်ရမယ်။ ရေးဖွဲ့တင်ပြရမယ်။ ဒီလိုပဲ ဆုံးဖြတ်မိပါတယ်"

♥ *မိုးမိုး(အင်းလျား)။*
***မိုးမိုး(အင်းလျား)ဝတ္ထုတိုများ(၁)၊***
*စာပေလောက၊ ၁၉၈၂။*

## အနီထဲက ကြယ်ဖြူပွင့်

ရှုမဝ ဦးကျော် (၁၉၁၀-၁၉၇၄)

"ကျွန်တော်က 'မဝ်လဲတော်လှန်ရေး'ကို နာမည်ပြောင်းလိုက်တာက အများကြိုက်ပါစေဆိုတဲ့ သဘောနဲ့မဟုတ်ပါဘူး။ အဆုံးပိုဒ်က အနီထဲက ကြယ်ဖြူပွင့်ဆိုတာ ကျွန်တော်ခံစားလိုက်ရတာ။ ရန်ကုန်ကို သိမ်းလိုက်တုန်းက တစ်ညနေ အဲဒီဖက်ဆစ် ဆန့်ကျင်ရေးအလံအနီခံပေါ်က ထောင့်ကကြယ်အဖြူကို လှမ်းမြင်လိုက်ရတော့ ရင်ထဲမှာ လှုပ်ရှားသွားတယ်။ ဖက်ဆစ်လက်က လွတ်မြောက်ပြီဆိုပြီး ဝမ်းသာကြည်နူးသွားတယ်။ အဲဒါခင်ဗျားက အနီထဲက ကြယ်ဖြူပွင့်လို့ ရေးလိုက်တော့ တစ်ခါတည်း တန်းပြီးမြင်သွားတာ။ အဲဒါကြောင့် ဒီနာမည်ကိုကြိုက်တာနဲ့ ကဗျာခေါင်းစဉ်တပ်ပြီး ရှုမဝမှာ ထည့်လိုက်တာပါ။ ဘာ့ကြောင့်မှ မဟုတ်ပါဘူး။ အဲ. . .တစ်ခုတော့ရှိတယ်။ ကျွန်

တော် ခွင့်မတောင်းလိုက်မိဘူး။ မင်းရှင်ကိုသာ ပြောလိုက်ပါလို့ ပါးစပ်နဲ့မှာလိုက်တာကို၊ အဲဒါ ကျွန်တော် မှားသွားတယ်"

♥ ဒဂုန်တာရာ။ **ဥယျာဉ်မှူးတစ်ဦး၏ ရုပ်ပုံလွှာ၊**

ရှုမဝရုပ်စုံမဂ္ဂဇင်း၊ မေ၊ ၁၉၇၄။

## အနုပညာ

**ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅– ၁၉၄၇)**

"အနုပညာဆိုတာ ရှိတာပဲ။ လင်မယား ဘဝမှာလည်း အနုပညာမဲ့ရင် လင်မယားကွဲမှာပေါ့။ ဒီလိုပဲ တော်လှန်ရေးမှာလည်း အနုပညာရှိတာပဲ။ အနုပညာမြောက်မှ တော်လှန်ရေးဟာလည်း တကယ့်တော်လှန်ရေးအစစ်ပဲ"

♥ *ဒဂုန်တာရာ။* **ရုပ်ပုံလွှာ၊**
*ပုဂံစာအုပ်တိုက်၊ ၁၉၆၃။*

## အနုပညာစစ်နဲ့ အနုပညာသစ်

ဝင်းဖေမြင့်

"ကျွန်တော်ကတော့ ဝေဒနာကို အဓိကထားပြီး အနုပညာဖန်တီးတယ်။ ဝေဒနာမပါဘဲ ဖန်တီးရင် အနုပညာအစစ်ဖြစ်မလာဘူး။ ဒီလိုပဲ အတွေးအခေါ်မပါ၊ အယူအဆသစ်မပါဘဲ ဖန်တီးရင်လည်း အနုပညာစစ်ပေမယ့် အနုပညာသစ်မဖြစ်နိုင်ပြန်ဘူး။ ပုံစံဟောင်းကြီးတစ်ခုပဲဖြစ်နေမှာပါ။ အယူအဆအသစ်နဲ့ဖန်တီးမှ အနုပညာအသစ်ဖြစ်မှာပါ။ အယူအဆအသစ်တွေ့နိုင်ဖို့ ပန်းချီဆရာရဲ့ အတတ်ပညာတွေနဲ့ အသိပညာတွေကို လိုက်လျောညီထွေ ပေါင်းစပ်နိုင်ဖို့လိုပါတယ်။ အတွေ့အကြုံအမြင်၊ အတွေးအခေါ်ကိုပါ ပေါင်းစပ်ပေးနိုင်ရမယ်။ တွေးမှတွေ့နိုင်မယ်။ မတွေးရင် မတွေ့နိုင်ဘူး။ အနက်ရှိုင်းဆုံးထိ ထိုးဖောက်ဝင်ရောက်သွားရင် တစ်ခုတစ်ခုတော့ တွေ့ရမှာပါပဲ။"

♥ *ခင်သန်းဖြူ။ ပန်းချီကျော်တစ်ဦး၏ ဝေဒနာများကိုရောင်းချခြင်း၊ နွယ်နီမဂ္ဂဇင်း၊ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်။*

## အနုပညာနဲ့ အနုစာပေ
### မောင်ထွန်းသူ

"ဆရာနားလည်ထားသလောက်တော့ 'အနုပညာ' ဆိုတာ စိတ်ကူးဉာဏ်စွမ်းနဲ့ လွတ်လပ်စွာဖန်တီး ယူရပြီး စိတ်ဖြင့် လွတ်လပ်စွာ အရသာခံစားနိုင်သော ပညာရပ်ပါ။ အဲဒီပညာရပ်ထဲမှာ 'ပန်းချီ' ရယ်၊ 'ပန်းပု'ရယ်၊ သီဆိုတီးမှုတ်မှုနဲ့ ကခုန်မှုရယ်ပြီးတော့ 'အနုစာပေ'ရယ်လို့ လေးဌာနခွဲခြားရပါလိမ့်မယ်။ 'အနုစာပေ'ဆိုတာကတော့ ရွှင်လန်းမှု၊ ထိတ်လန့်မှုနဲ့ စိုးရိမ်ပူဆွေးမှု စတဲ့ခံစားမှုအရသာတွေ ဖြစ်ပေါ်လာအောင် ဖန်တီးရေးဖွဲ့ထားတဲ့ စာပေကို ခေါ်တာလို့ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ 'အနုပညာ'နဲ့ 'အနုစာပေ'ဆိုတာတွေဟာ လွတ်လပ်မှုအတိုင်းအတာလည်းရှိသင့်ပါတယ်"

♥ မောင်ထွန်းသူ။

**သည်လအနုပညာရှင်(စာပေ)**

*ဟန်သစ်မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၂၀၀၀ ပြည့်နှစ်။*

## အနုပညာနှင့်ရိုးသားမှု

မောင်ချောနွယ်

"ရိုးဖြောင့်တယ်ဆိုတာ ဘဝပေါင်းများစွာ တည်ဆောက်ရတာ။ ငါးပြားဆယ်ပြားကိစ္စမဟုတ်ဘူး။ အနုပညာကို တည်ဆောက်တဲ့နေရာမှာ မရိုးသားလို့ လုံးဝမဖြစ်နိုင်ပါဘူး။"

♥ *မောင်ချောနွယ်။ ဖန်တီးသူအကြိုက်၊ သင့်ဘဝမဂ္ဂဇင်း၊ မေ၊ ၁၉၉၇။*

## အနုပညာရှင်ဆိုတာ

**ဗိသုကာခင်မောင်ရင်**

"ဟုတ်တာပေါ့၊ အနုပညာမြင့်မားမှ လူ့လောက မြင့်မားတာ၊ အဓိကအရေးကြီးတာကတော့ စီးပွားရေးပဲ။ အဲ..စီးပွားရေးထက် ပိုအရေးကြီးတာက တော့ ပညာရေးပဲ။ ပညာရေးမြင့်မားဖို့လိုအပ်တယ်။ ပြီးတော့ . . .အနုပညာရှင်ဟာ အများကောင်းကျိုးလိုလားတဲ့သူဖြစ်သင့်တယ်။ Sharing ဆိုတာ ကိုယ်ကပေးရမှာ၊ အများအကျိုးအတွက်ဆိုရင် အနုပညာရှင်ဟာ အသက်စွန့်ခံရဲရမယ်။ ကိုယ် အဲဒီလို ပြောခဲ့ဖူးတယ်။ အဲဒီလို သတ္တိရှိရမယ်။ အဲဒီလို ယုံကြည်တယ်။ အနုပညာအတွက် အသက်စွန့်ရဲတဲ့သူတွေလည်းရှိတယ်။

♥ *မိုးခံ။ ဗိသုကာခင်မောင်ရင်နှင့် တွေ့ဆုံခြင်း။*

*မြူတီမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၀၀ပြည့်နှစ်။*

## အနုအရင့်
### မောင်သိန်းဆိုင်

"ဘောလ်ဇက်ပြောတာလို ဝတ္ထုထဲမှာ မွေ့တာ ဖက်တာ၊ နမ်းတာရှုပ်တာတွေပါလို့ ညစ်ညမ်းတယ်ဆိုရင်တော့ ကျွန်တော့်ဝတ္ထုတွေကို ညစ်ညမ်းတယ်လို့ဆိုပါ။ အဲ လင်ယူသားမွေးလည်း မလိုပ်ကြနဲ့ပေါ့။ ညစ်ညမ်းမှု (Off Scence) ဖြစ်တယ်ဆိုတာနဲ့ ပတ်သက်လို့ ဖတ်သူရဲ့စိတ်ဓာတ်ကလည်း ပါပါသေးတယ်။ ခံစားချက်ကလည်း ပါပါသေးတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင်ကို သိမ်းလိုက်ပေမယ့် အဲဒီခေတ်ကလူတွေအကုန်လုံး နိဗ္ဗာန်ကို မရောက်ခဲ့ကြပါဘူး။ တရားနာတဲ့သူရဲ့ ပါရမီအခံက လိုသေးတယ်၊ အနုအရင့် ကွာသေးတယ်"

♥ *မောင်သိန်းဆိုင်။*

***မောင်သိန်းဆိုင်၏စာပေဆွေးနွေးပွဲ၊***

*ချင်းတွင်းတိုက်၊ အောက်တိုဘာ၊ ၁၉၇၅။*

## အပြောကိုရေးတဲ့စာ

လူထုဒေါ်အမာ

"၁၉၆၆ခုနှစ်ရောက်တော့ အမေတို့၊ မြန်မာနိုင်ငံ အထက်ပိုင်း စာရေးဆရာအသင်းက စာအရေးအသား ပုံသဏ္ဍာန်ပြောင်းကြဖို့၊ လှုပ်ရှားမှုတစ်ခု ပြုလုပ်ကြပါတယ်။ စာရေးတယ်ဆိုတာ စကားနဲ့ ပြောလို့ မကြားနိုင်သူတွေ ကြားရအောင်၊ စကားကို အက္ခရာနဲ့ဖလှယ်တာဖြစ်တယ်။ ဒါကြောင့် စာကို စကားပြောတဲ့အတိုင်းပဲ ရေးခဲ့ကြတယ်။ ခု အမေတို့ အရေးအသားတွေက စကားပြောပြောင်းတာနဲ့အညီ စာအရေးအသားကို ပြောင်းမလိုက်ခဲ့ဘဲ စာက တစ်နေရာမှာ ရပ်ကျန်ရစ်လေတော့ စာနဲ့စကား ကွာခြားမှုရှိနေတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ အရေးစာဟာ အပြောကိုရေးတဲ့စာပဲ ဖြစ်သင့်တယ်။ . . . ဆိုပြီး ပြောတဲ့အတိုင်းရေးတဲ့ အရေးအသားပြင်ဖို့ လုပ်ခဲ့ကြပါတယ်။"

♥ *လဝန်းမြင့်။ **လူထုဒေါ်အမာနှင့် ပြည်သူချစ်သောအနုပညာရှင်များ စာအုပ်အင်တာဗျူး**၊ မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၈။*

## အဖြူလမ်းမနဲ့ အမည်းလမ်းမ

### အရှင်ဇနကာဘိဝံသ (၁၉၀၀ - ၁၉၇၇)

"လောကလူသားတွေဟာ ငြိမ်နေကြတာမဟုတ်ဘူး။ တစ်နေ့လုံး တလှုပ်လှုပ် တလျားလျား သွားလာနေကြတယ်။ ဘယ်ပေါ်မှာသွားလာနေကြသလဲဆိုရင် အဖြူလမ်းမနဲ့ အမည်းလမ်းမ။ 'အမည်းလမ်းမ'ဆိုတာ အကုသိုလ်လမ်းကိုပြောတာ။ 'အဖြူလမ်းမ'ကတော့ ကုသိုလ်လမ်းမပေါ့။ အကုသိုလ်လမ်းမကြီးပေါ် လျှောက်နေတဲ့သူဟာ စိတ်ဓာတ်တွေလည်း ညစ်နွမ်းနေတယ်။ ကုသိုလ်အဖြူလမ်းမပေါ် လျှောက်နေတဲ့သူရဲ့စိတ်ဓာတ်ကျတော့ ဖြူဖွေးသန့်စင်နေတတ်တယ်။ ဖြူဖွေးသန့်စင်တဲ့စိတ်ဟာ တန်ခိုးအရှိန်အဝါကြီးမားတယ်။ လုပ်ငန်းကိစ္စဟူသမျှ ပြီးမြောက်စေတယ်။ လိုအင်ဆန္ဒကိုလည်း ပြည့်ဝစေတယ်။ ညစ်နွမ်းနေတဲ့စိတ်ဓာတ်ကတော့ အရာရာ အောက်တန်းကျတယ်။ အထက်ကိုခေါင်းမော့မလာစေဘူး။ မိမိ

ကိန်းရာပုဂ္ဂိုလ်ကို အောက်ကိုသာ ဆွဲနှစ်တတ်တယ်။ ဒါကြောင့် လမ်းမှားမသွားမိစေနဲ့"

♥ မင်းနန့်(မော်ကျွန်း)။

**ဆရာတော်ကြီးများ၏ ဩဝါဒတော်များ၊**

ယနေ့မန္တလေးစာအုပ်တိုက်၊

စက်တင်ဘာ၊ ၁၉၉၉(ဒုကြိမ်)

## အမိမဲ့သား ရေနည်းငါးလို

**ဒေါက်တာမောင်ဖြူး (၁၉၀၅–၁၉၇၀)**

"ကိုလိုနီခေတ်က ကိုယ့်ထမင်းလုတ်ကြီးဖို့တော့ ကောင်းတာပေါ့ဗျ။ ပညာဖျက်စိနဲ့ ကြည့်ရင်တော့ သည်လူတွေဟာ ဟိုမရောက်သည်မရောက်ဘဲ။ အင်္ဂလိပ်လိုလည်း ကမ္ဘာက လေးစားအောင် မရေးတတ်ဘူး။ မြန်မာလိုတော့ ဝေးပါသေးရဲ့။ တိုင်းပြည်အဖို့မှာတော့ အင်္ဂလိပ်စာတတ်သူ့တွေမှာသာ အကြားအဏ်သစ်ပိုတဲ့ ကိုလိုနီခေတ်မှာ မြန်မာလူထုနဲ့ မြန်မာစာဟာ အမိမဲ့သား ရေနည်းငါးလို မရှိခဲ့ပါလား။ သည်ခေတ်မှာ ကျွန်တော်တို့တစ်တွေဟာ ကိုလိုနီခေတ်မှာလိုပဲ ဒွတ်ဒက်ရွတ်ရက်နေမယ်၊ အင်္ဂလိပ်လိုသာ ရေးနေမယ်ဆိုရင် မြန်မာစာ အရေးအသားတိုးတက်ဖို့မခက်လား၊ မတိုးတက်ရင် မြန်မာစာနဲ့ ပညာအရပ်ရပ်ကို ဆည်းပူးလို့ ဖြစ်ပါဦးမလား"

♥ *ဒေါက်တာမောင်ဖြူး။* ***ဒေါက်တာတကိုးနှင့်တွေ့ခဲ့စဉ်က၊*** *ငွေတာရီ၊ မေ၊ ၁၉၆၆။*

## အမေစားရသော ထမင်းတစ်နပ်

သုခ

"ကျွန်တော် အမေ့ကို တော်လှန်ခဲ့မိတယ်။ အမေကလည်း ငိုကြီးချက်မနဲ့ ခွင့်ပြုခဲ့ပါတယ်။ ပရိယတ္တိကြောင့် ကျွန်တော် သတိရတယ်။ ငါမှားခဲ့ပြီ။ နောင် ဘယ်တော့မှ ကြီးပွားမယ်မသိဘူး။ ကြီးပွားမှ အမေကို ကျွေးမယ်ဆိုရင် မကြီးပွားခင် ငါသေသွားက ဘယ့်နှယ်လုပ်မလဲ။ အမေကို ကျွေးဖူးဆပ်ဖို့ ကျွန်တော် ရဟန်းပြုတယ်။ ရဟန်းအဖြစ်နဲ့ ကျွန်တော် ဆွမ်းခံပြီး ကျွေးခဲ့တယ်။ ထမင်းတစ်နပ်"

♥ *ဦးလေးကြီးဦးတင်မောင်။*
***ရဲရင့်သောကျောင်းအစ်မ၊***
***တီထွင်သောဒါရိုက်တာ၊***
***လိမ္မာသောကြိုးကြာ၊***
*သင့်ဘဝမဂ္ဂဇင်း၊ ဇွန်၊ ၁၉၉၄။*

## အမျိုးသားစိတ်၊ မျိုးချစ်စိတ်
မြို့မ ဦးဘာလွင်

"ပခုံးတွန့်ပြောတာကိုက ဘိုဆန်နေတယ်လေ။ ဘိုပုံစံဝင်လာရင် ဘိုစိတ်ပေါက်ပြီး၊ ကိုယ့်မြန်မာတွေကို အထင်သေးလာတတ်တယ်။ မြန်မာကို အထင်သေးတယ်ဆိုကတည်းက အင်္ဂလိပ်ကို အထင်ကြီးနေလို့ပေါ့။ အဲဒီလိုဖြစ်လာရင်တော့ အမျိုးသားစိတ် မျိုးချစ်စိတ် ဘယ်ရှိနိုင်တော့မှာလဲ။ တော်ဘုရားကလေးက သီပေါမင်းရဲ့မြေးတော်အရင်းဖြစ်လေတော့ တခြားမြန်မာတွေထက် အမျိုးသားစိတ်၊ မျိုးချစ်စိတ် ရှိကိုရှိရမယ်။ မြန်မာ့လွတ်လပ်ရေးအတွက် မတွန့်မဆုတ်ကြိုးပမ်းနေတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့အတူ ဆောင်ရွက်နေတဲ့ သခင်ထိပ်တင်ကိုယ်တော်ကြီးလို တိုင်းကျိုးပြည်ကျိုး သယ်ဆောင်နိုင်အောင် ကြိုးစားပေါ့"

♥ *တော်ဘုရားကလေး(အောင်ဇေ)။*

***အမျိုးသားကျောင်းနဲ့ ဘိုကျောင်း၊***

*အမျိုးသားနေ့စိန်ရတုသဘင်မဂ္ဂဇင်း၊*

*မန္တလေး၊ အမျိုးသားနေ့စိန်ရတုသဘင်*

*အထိမ်းအမှတ်မဂ္ဂဇင်းကော်မတီ၊*

*နိုဝင်ဘာ၊ ၁၉၉၅။*

## အမျိုးသားရေးတာဝန်

**ဘမ်ဘော-မအာန်း**

"၁၉၂၀က စတင်ပြီး ပေါက်ဖွားလာတဲ့ ဗဟိုအမျိုးသားကျောင်းကြီးဟာ နှစ်ပရိစ္ဆေဒအားဖြင့် ကြာညောင်းခဲ့ပါပြီ။ တိတိကျကျဆိုရင် ၇၅နှစ်သက်တမ်းရှိခဲ့ပြီပေါ့။ ဒီကျောင်းကြီး ကြာညောင်းခဲ့သလိုပဲ အဲဒီကျောင်းကြီးရဲ့ ကျောင်းသားကျောင်းသူဟောင်းတွေဟာလည်း ဇရာထောင်းတဲ့သူထောင်း၊ ကွယ်လွန်တဲ့သူတွေလည်း ကွယ်လွန်ကုန်ကြပါပြီ။ ကျွန်မတို့တစ်တွေအနေနဲ့က အမျိုးသားရေးတာဝန်တွေကိုတော့ လာမယ့်လူငယ်မျိုးဆက်သစ်ကလေးတွေကို လက်ဆင့်ကမ်းပေးခဲ့ချင်ပါတယ်။ စောစောကပြောခဲ့သလိုပဲ အားမာန်ပြည့်နေတဲ့ ခြသေ့ံရုပ်ကြီးနဲ့ ရွှေရောင်မှိန်ပျပျဆိုင်း ဘုတ်ကလေးကတော့ ရှိနေဆဲပါပဲ။ ဒီဆိုင်းဘုတ် ခပ်မှိန်မှိန်ကလေးနဲ့ ဒီခြသေ့ံရုပ်ကြီးဟာ အနာဂတ် လူငယ်တွေကို တစ်ချိန်တုန်းက အမျိုးသားရေး ထွန်းပြောင်ခဲ့တဲ့ သမိုင်းကြောင်းတွေကို ပြောနိုင်ပါစေ။

ကြွံခိုင်ခဲ့ရှိ တာဝန်သိတဲ့ အမျိုးချစ်သားကောင်းတွေ မွေးထုတ်ပေးနိုင်ပါစေ။ နိုင်ငံတော်ကို ဦးစီး ဦးဆောင်ပြုလုပ်နိုင်သူများ မွေးထုတ်ပေးနိုင်ပါ စေလို့ပဲ ဆုတောင်းလိုက်ပါတယ်"

♥ ***အမ်အေ–မအုန်း။ မှတ်သားသတိရသမျှ မန္တလေးဗဟိုအမျိုးသား အထက်တန်းကျောင်း၊***

*အမျိုးသားနေ့စိန်ရတုသဘင်မဂ္ဂဇင်း၊ မန္တလေးမြို့။*

*အမျိုးသားနေ့စိန်ရတုသဘင်အထိမ်းအမှတ် မဂ္ဂဇင်းကော်မတီ၊ နိုဝင်ဘာ၊ ၁၉၉၅။*

## အမျိုးသားသဘင်ရဲ့ အဆင့်အတန်း

**လူထုဒေါ်အမာ**

"စစ်ပြီး ဒီဘက်ခေတ်မှာ အမျိုးသားသဘင်တွေရဲ့ အဆင့်အတန်းက တော်တော်ကြီးကို နိမ့်ကျပျက်စီး လာပါတယ်။ ဘာလို့လဲဆိုတော့ နယ်ချဲ့ယဉ်ကျေးမှုတွေ ရဲ့ အထိုးအနှက်ကိုခံရလို့၊ ကိုယ့်မူကိုယ် ဆုပ်ကိုင်မထားနိုင်ဘဲ တစ်ဖက်က ကယိမ်းကယိုင် ဖြစ်တာနဲ့အတူ ပြောင်းလဲနေတဲ့ ခေတ်အခြေအနေ ကိုမှီပြီး အတွေးအခေါ်သစ်တွေနဲ့ တီထွင်ဆန်းသစ်မှုတွေကို ကျွန်မတို့ သဘင်သမားတွေ လိုက်မလုပ် နိုင်လို့၊ ရှေ့မမီ နောက်မရောက်နဲ့ စကောစက ဖြစ်နေရတာလည်း ပါပါတယ်။ အဲဒီအမျိုးသား သဘင်တွေဖြစ်တဲ့ ဇာတ်ရုပ်သေး၊ အငြိမ့်ဆိုင်း တွေ၊ အဆင့်အတန်းနိမ့်ကျနေတာတွေ တွေ့ရ တော့ စိတ်ထဲမှာ အားမလိုအားမရဖြစ်ပြီး ပြောင်း လဲနေတဲ့ အခြေအနေသစ်တွေကို နိုင်ငံရေးအသိမရှိ

သေးလို့ လိုက်မမီရင်ရှိပါစေ။ ရှိရင်းစွဲအမျိုးသား
သဘင်ရဲ့ အဆင့်အတန်းကိုတော့ ဆုပ်ကိုင်လို့ထား
ဖို့ ကောင်းပါတယ်လို့ အောက်မေ့ပြီး ကိုယ်သိမိတဲ့
မြန်မာ့သဘင်ကို ပြန်ရေးပြတာပါပဲ”

♥ *လူထုဒေါ်အမာ၊* ***အနုပညာစာအုပ်တွေကို ဘာရည်ရွယ်ချက်နဲ့ရေးသလဲ။***

*စာပေဂျာနယ်၊ အမှတ်(၅)၊ ၁၉၈၉။*

## အမှန်တရားမြတ်နိုးသူ

သောင်းထိုက်

"အမှန်တရားမြတ်နိုးသူဟာ သူမှန်တယ်လို့ ယုံကြည်ထားတာကို၊ ဘာကြီးဖြစ်သွားသွား ပြောရဲတယ်။ လုပ်ရဲတယ်။ ဘယ်တော့မှ ဟန်မဆောင်ဘူး။ ခေတ္တခဏ အသာစံရမှာကို မမြင်ဘူး။ ဂရုမစိုက်ဘူး။ လူပေါ်တွေ၊ လူ့ဗာလတွေ ချီးကျူးတာ၊ ချီးမြှောက်တာလည်း မမှုဘူး။ ဘယ်တော့မှလည်း မိုးခါးရေမသောက်ဘူး။ ဘယ်တော့မှလည်း ယောယိမ်းလိုက်၊ ဘသားယိမ်းလိုက် မလုပ်ဘူး"

♥ *သောင်းထိုက်၊ **အမှန်တရားမြတ်နိုးခြင်း**၊ ရေတမာစာပေ၊ မတ်၊ ၁၉၉၄။*

## အယူအဆတွေပြောင်းလဲလာတယ်
### အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း

"လူငယ်တွေဆိုတာကတော့ လမ်းမှန်ပေါ်ကို သွားနိုင်ဖို့ရာ လမ်းဖွင့်ပေးလိုက်ဖို့လိုတာပါ။ လမ်းမှန်ကို ဖွင့်ပေးရင်ပေးသလို ကောင်းသွားမှာပဲ။ အပျော်အပါးကြူးတဲ့လူငယ်တွေလည်း ရှိတော့ရှိတာပေါ့။ ဒါပေမယ့် အခုကလေးတွေ တချို့ဆိုရင် လေးငါးခြောက်နှစ်အရွယ်ပဲရှိသေးတယ် ကွန်ပျူတာတွေနဲ့ ယဉ်ပါးနေကြတယ်။ ကွန်ပျူတာနဲ့ဂိမ်းတွေဆော့နေကြတယ်။ ကွန်ပျူတာခလုတ်တွေကို ဆော့ရင်းကစားရင်း ကြီးပြင်းလာတာဆိုတော့ နည်းပညာအတတ်ပညာနယ်ပယ်ထဲကို အလိုလိုရောက်ကြမှာပေါ့။ ပြီးတော့ လူငယ်တွေဟာ ပိုပြီး ခရီးသွားတာ လှည့်လည်တာ၊ ကူးလူးဆက်သွယ်တာတွေနဲ့ပိုပြီး ဂလိုဘယ်လိုက်ဇေးရှင်းကို ရောက်လာတာပေါ့။ အမျိုးသမီးတွေဆိုရင်လည်း အိမ်ထောင်

ငယ်ငယ်နဲ့ မပြုတာတို့၊ နည်းပညာအတတ်ပညာတွေကို ဆည်းပူးလေ့လာတာတို့ ဒါမျိုးတွေ များလာပြီ၊ နဂိုကရှိတဲ့ အယူအဆတွေပြောင်းလဲလာတယ်။"

♥ *မိုးခံ။ အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းနှင့်တွေ့ဆုံခြင်း၊ ဖြူတီမဂ္ဂဇင်း၊ဇန်နဝါရီ၊ ၂၀၀၁ခုနှစ်။*

## အရေးကြီးဆုံးနှစ်ခု

**ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅-၁၉၄၇)**

"လူမှာ အရေးကြီးဆုံး နှစ်ခုပဲရှိတယ်။ အဲဒါက ကိုယ်ကျင့်တရားရယ်၊ အမှန်တရားကို မြတ်နိုးမှု (Love of True) ရယ် ဒါပဲဖြစ်တယ်။ ဘယ်နေရာမဆို အမှန်ကို အမှန်အတိုင်း ပြောရမယ်။ ပြောဝံ့တဲ့သတ္တိရှိရမယ်"

♥ *တက္ကသိုလ်နေဝင်း။*
***အမှတ်တရဗိုလ်ချုပ်အောင်ဆန်း၊***
*နေရီဦးစာအုပ်တိုက်၊ရွှေလိုင်၊ ၁၉၉၅။*

## အဝါရောင်များခေတ်

မောင်သာချို

"မြန်မာစာပေသမိုင်းကို အရောင်တွေနဲ့သာ ခွဲခြားကြစတမ်းဆိုခဲ့ရင်ဖြင့် အင်းဝခေတ်ကို အဝါရောင်များခေတ်လို့တောင် ဆိုရလိမ့်မယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲသည့်ခေတ်မှာပေါ်ထွန်းခဲ့ကြတဲ့ စာရေးဆရာများရော၊ ပြုစုခဲ့ကြတဲ့ စာပေများကပါ ဘာသာရောင်၊ သာသနာရောင်၊ လွှမ်းမိုးခဲ့လို့ဖြစ်ပါတယ်။ ရေးခဲ့ကြတဲ့ကဗျာတွေကိုကြည့်လေ။ ဆုတောင်းခန်းပျို့တဲ့။ ပါရမီတော်ခန်းပျို့တဲ့၊ ဟတ္ထိပါလပျို့တဲ့။ နေမိဘုံခန်းပျို့တဲ့၊ နေမိငရဲခန်းပျို့တဲ့၊ ဂါထာ ၆ဝ ပျို့တဲ့။ ရေးခဲ့ကြတဲ့ကဗျာစာဆိုများကတော့ရော ရှင်မဟာသီလဝံသတဲ့၊ ရှင်မဟာရဋ္ဌသာရတဲ့၊ ရှင်အုန်းညိုတဲ့၊ ရှင်ခေမာတဲ့၊ ရှင်ဥတ္တမကျော်တဲ့၊ ရှင်အဂ္ဂသမာဓိတဲ့၊ ရှင်တေဇောသာရတဲ့၊ တကယ့်ဝါဝါထိန်ထိန်။ ဒါကြောင့်မို့ အဝါရောင်များခေတ်ဆိုတဲ့အမည်ဟာ အင်းဝခေတ်နဲ့တော့ လိုက်ဖက်ဟပ်စပ်နေပါတယ်"

♥ မောင်သာချို။

***ဘုန်းတော်ကြီးသုံးပါးနှင့်***
***မိန်းမသားသုံးဦး၊***

*အိပ်မက်ဖူးမဂ္ဂဇင်း၊ အမှတ် ၄၊ ၁၉၈၉။*

## အဝေးရောက်မင်း

**အဝေးရောက်မင်း ဦးအောင်ကြီး**

"ပြောရတာပလေ။ မန္တလေးက အဝနယ်မှာရှိတဲ့ ရုံးပေါင်း ၅၂ ရုံးက စာတွေအားလုံး ဘိုးဘိုးဆီ ရောက်ရတာပါပဲ။ သည်စာတွေကို အားလုံးဖတ်ပြီး တော့ မင်းတရားကြီးထံ ဆက်သင့်တာကိုဆက်၊ လွှတ်တော်ပို့သင့်တာပို့၊ မပို့သင့်တာကိုတော့ ဘိုးဘိုးကပဲ ဖျက်ပစ်လိုက်တာပဲ။ အဲဒီလိုအဝေးက ရောက်လာသမျှစာတွေကို ကြည့်ရှုနေရာချပေးရ တဲ့အတွက် အဝေးရောက်မင်းလို့ ဆိုတာပါပဲ"

♥ *သိပ္ပံမောင်ဝ။*

***အဝေးရောက်မင်းဦးအောင်ကြီး။***

*မြန်မာစကားပြေလက်ရွေးစင်(ဒုတိယနှစ်)*

*ပင်ရင်းမြန်မာစာ၊ အဝေးသင်တက္ကသိုလ်၊*

*စာအုပ်စာစဉ် (၁၄၁)၊ ၁၉၉၆။*

## အသိဉာဏ်ဝေငှဖို့တာဝန်

မောင်ထင်

"အဲဒါ ဘာလဲဆိုတော့ ကျွန်တော်တို့ ဒီခေတ်ကြီးမှာနော်။ ဒီခေတ်ကြီးမှာ ကျွန်တော် အမြဲတမ်း ယူဆထားတယ်။ ဒီခေတ်ကြီးမဟုတ်ပါဘူး။ ကျွန်တော်ကတော့ ဂျပန်ခေတ်ကတည်းကပါ။ ရေးလည်းရေးဖူးပါတယ်။ ဂျပန်ခေတ်ကတည်းက ကျုပ်တို့လူမျိုးတွေဟာ နေရာတကာတိုင်းမှာ ပြည့်ပြည့်ဝဝ အသိတရားနဲ့ မပြည့်စုံသေးဘူးဆိုတော့ အသိဉာဏ်ဆိုသောပစ္စည်းကို လူငယ်လည်း လူငယ်အလျောက်၊ လူကြီးလည်း လူကြီးအလျောက်၊ လူလတ်လည်း လူလတ်အလျောက်၊ ဝေငှဖို့တာဝန်ရှိပါတယ်။ ဒီတာဝန်တွေ ကျုပ်တို့ဟိုတုန်းက ရှို့တဲ့ခဲ့တဲ့အတွက်ကြောင့် ယနေ့အနိဋ္ဌာရုံလေးတွေ ပေါ်ပေါက်နေတယ်လို့ ဒီလိုပဲ ယူဆတယ်"

♥ *ခင်ဆွေဦး။ **စာပေဆွေးနွေးပွဲ၊***
*ဒေါ်ကြည်ကြည်စာပေ၊ ဒီဇင်ဘာ၊ ၁၉၇၅။*

## အသစ်တွေဖြစ်ထွန်းနေတာ
**ပမိုး**

"ခေတ်တစ်ခေတ်ကို ထိန်းထား၊ ထမ်းထားကြရာမှာ အဟောင်းနဲ့ အသစ်၊ လူကြီးနဲ့လူငယ်ဟာ ဦးကိုင်ပဲ့ကိုင်တွေပါပဲ။ လူကြီးတွေ လဆုတ်ရောင်လို့ မရသလို လူငယ်တွေကလည်း လက်ဝါးကြီးအုပ်ထားလို့မရနိုင်ပါဘူး။ အဖြေက ဂီတနယ်မှာ ပိုပြီးထင်ရှားပါတယ်။ စတီရီယိုခေတ်ပေါ်ဦးစက နာခေါင်းရှုံ့အပုပ်ချခံခဲ့ရပေမယ့် အရှိန်မပျက် အသက်ဆက်ပြီး တစ်နှစ်ထက်တစ်နှစ် အသစ်အသစ်တွေဖြစ်ထွန်းနေတာ၊ အခက်အလက်တွေ ပွားနေတာများ အားကျမိတယ်"

♥ ပမိုး။

***စီးပွားရေးကြီးပွားရေး ကံပေးမှ ရမှာလား၊ ခေတ်သစ်မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၉။***

## အသုံးချအမြင်နဲ့ကြည့်ရမယ်

**ချစ်ဦးညို**

"သမိုင်းထဲမှာ ပါသမျှကို ဘာမှလက်မခံနိုင်ပါဘူး ဆိုတဲ့ အယူအဆတော့ ကျွန်တော့်မှာ မရှိပါဘူး။ စိစစ်ဝေဖန်သောအမြင်နဲ့ ကြည့်ရမယ်ဆိုတဲ့ အယူအဆတော့ရှိပါတယ်။ သို့သော် သမိုင်းပညာရှင်တွေရဲ့ တာဝန်က ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မှတ်တမ်းတင်ဖို့တာဝန်ပဲ။ အဲဒီသမိုင်းကို လေ့လာသော ကျွန်တော်တို့ နောင်းလူများက အဲဒီသမိုင်းတွေကို မျက်စိမှိတ်ပြီး ယုံလို့လည်းမဖြစ်ဘူး။ မျက်စိမှိတ်ပြီး ငြင်းလိုက်ဖို့လည်း မဟုတ်ဘူး။ ကိုယ့်အတွက်၊ ကိုယ့်လူ့အဖွဲ့အစည်းအတွက် နောင်တစ်ချိန်မှာ ဘာအသုံးချလို့ရမလဲဆိုတဲ့ အသုံးချအမြင်နဲ့ ကျွန်တော်တို့သမိုင်းကို ကြည့်ရမယ်။

♥ *ဝင်းငြိမ်း။ချစ်ဦးညိုနှင့်တွေ့ဆုံခြင်း၊*
ဝေဖူးလွှာမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၈၁။

## အာဇာနည်ဆိုတာဘာလဲ

**မဟာဆွေ(၁၉၀၀-၁၉၅၃)**

"အာဇာနည်ဆိုတာ ဘာလဲဟု မေးမြန်းရေးသား လိုရာ၊ ကျွန်ုပ်နားလည်သမျှကား တိုင်းရေးပြည် ရေး ဘာအရေးနှင့်မျှ (အရှင်ဦးဝိစာရမှအပ) တစ်ဦး တစ်ယောက်မှ မထွက်ပေါ်သေးဟုဆိုလို၏။ အာ ဇာနည်လုပ်ငန်းကို မမြင်ရ၊ မြောက်ပင့်တတ်သော သတင်းစာဆရာများကြောင့်၊ စာလုံးကြီးကြီးနှင့် ထည့်သွင်းလာတိုင်း အာဇာနည်မဟုတ်။ ဘယ် သူကား အာဇာနည်တည်း။ ပါဋ္ဌိပါဌ်သားတွေနှင့် ရေးမပြလို။ ဘာမဆို တိုင်းပြည်နှင့် နိုင်ငံ ကောင်း စားမည်ထင်က အသက်သေသည်ကို ပဓာန မထားဘဲ လုပ်ရဲသောစိတ်ဓာတ်မျိုး၊ လုပ်ပြီး နောက် ကြောက်ရွံ့လန့်ဖျပ်သွားသော စိတ်မျိုး မဟုတ် စေရ။ ရဲရဲလုပ်၊ ရဲရဲသေဝံ့သော စိတ်မျိုးကိုမှ 'အာဇာနည်' စိတ်မျိုးဟု ကျွန်ုပ်ဆိုလိုသည်။"

♥ *မဟာဆွေ။* ***နေသူရိန်မကြောက်တရား။***

*ရန်ကုန်ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၃၈။*

## အားကစားသမားစိတ်ဓာတ်

**သန်းတိုးအောင်**

"အားပေးတဲ့သူတွေကလည်း မှုတတဲ့စိတ်ဓာတ် ရှိဖို့လိုတယ်။ မီဒီယာတွေဆိုလည်း ဒီလိုပါပဲ။ ရှုံးသွားရင် ဝိုင်းရှေးကြတယ်။ အမှန်ကတော့ နိုင်လာရင် ဂုဏ်ပြုချီးကျူးတာမျိုးလုပ်သလို၊ ရှုံးရင်လည်း အားပေးသင့်တယ်။ ဘာလို့ရှုံးတာလဲဆိုတာလည်း သုံးသပ်ရမယ်။ နောက်တစ်ခါမရှုံးအောင် ဘယ်လိုပြင်ဆင်ကြ၊ ဘယ်လိုကြိုးစားကြ၊ တို့ကလည်း ဘယ်လိုပံ့ပိုးမယ်ဆိုတာမျိုး ဖြစ်သင့်တာပေါ့။ အဲဒီလိုမဟုတ်ဘဲ ရှုံးတဲ့အခါမှာ အပြစ်ကို ချည်းပဲပုံချတာတွေကတော့ သိပ်မကောင်းဘူးပေါ့။ ဒါ့ကြောင့် အားကစားသမား စိတ်ဓာတ်ဆိုတာ အားကစားသမားတွေရော၊ အားပေးတဲ့သူရော၊ မီဒီယာတွေမှာရော ရှိသင့်တဲ့ကိစ္စပါ။"

♥ *မိုးခံ။ ရင့်ကျက်စိတ်ဓာတ်နဲ့ အမြဲလှေလာနေသူ သန်းတိုးအောင်နှင့် တွေ့ဆုံခြင်း၊ ဗြူတီမဂ္ဂဇင်း၊မေ၊၂၀၀၀ခုနှစ်။*

## အားနာတဲ့စိတ်

### ရွှေကိုင်းသား(ဦးသောဘိတ) [၁၉၁၂-၁၉၈၇]

"အားနာတဲ့စိတ်ကို စိစစ်ကြည့်ရင် မိမိက တစ်ဖက်သားကို တတ်နိုင်သမျှ ကြိုးစားပြီး ကူညီလိုခြင်း၊ မိမိရဲ့အလိုဆန္ဒကိုသာ ရှေ့တန်းတင်ပြီး လုပ်ချင်၊ ကိုင်ချင်၊ ရချင်တဲ့အတ္တကြီးမားမှုကို နည်းပါးအောင် ထိန်းချုပ်ခြင်း၊ မိမိကြောင့် သူတစ်ပါး စိတ်ဆင်းရဲမှုမကြုံရလေအောင် ကိုယ်စိတ်နှလုံး ဆင်ခြင်ခြင်းဆိုတဲ့သဘောတွေပါနေတယ်လေ"

♥ *ရွှေကိုင်းသား(ဦးသောဘိတ)။*

***ရွှေကိုင်းသားရဲ့ မေ့မရတဲ့ကိုယ့်လူ၊***

*လူထုချစ်သမျှ လူထုဦးလှ၊ဒုတိယတွဲ၊*

*လူထုကြီးပွားရေးစာအုပ်တိုက်၊ မန္တလေး၊*

*ဇန်နဝါရီ၊ ၂၀၀၀ ပြည့်နှစ်။*

## အင်္ဂလိပ်စာ ကောင်းကောင်းတတ်ရင်

### လင်းယုန်သစ်လွင် (၁၉၁၇-၁၉၉၃)

"ငါတို့ဟာ အင်္ဂလိပ်စာ ကောင်းကောင်းတတ်ပြီး၊ သူတို့လို ကမ္ဘာအနှံ့ လျှောက်သွားနေရရင် သူတို့လိုပဲ ကမ္ဘာကျော်ဝတ္ထုတွေ ရေးနိုင်မှာပဲ"

♥ *နုတ်နွယ်။ မိမိနှင့်လင်းယုန်သစ်လွင်၊ မိုးဝေစာပေမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၃။*

## အင်တာဗျူးသမား

**ဝင်းငြိမ်း**

"အင်တာဗျူးသမားဆိုတာ စာရေးဆရာမဟုတ်ဘူး ဆိုတဲ့အထိ ဆွေးနွေးကြည့်ရအောင်၊ ကျွန်တော် တို့က မေးနိုင်ဖို့အတွက် စာအုပ်တွေအများကြီး ဖတ်ရတယ်။ လေ့လာမှုတွေ အများကြီးလုပ်ရ တယ်။ ဖြေတဲ့သူနဲ့ပြိုင်ပြီး ငြင်းတန် ငြင်းရတယ်။ ဒါကြောင့် အင်တာဗျူးသမားဟာ 'ရသ'ဖန်တီးသူ မဟုတ်ပေမယ့် 'သုတ'ကို ဖန်တီးသူတော့ ဖြစ်ပါ တယ်။ အင်တာဗျူးအမေးခံရသူဆီက အယူအဆ တွေထွက်လာအောင် ဖန်တီးနိုင်တဲ့စွမ်းရည် ရှိရပါ တယ်။ ဒါကြောင့် သူက အမေးခံရသူ ဖြေသမျှကို လိုက်ကူးတဲ့အဆင့်ထက် သာပါတယ်။ ဆောင်း ပါးရှင်အဆင့်တော့ရှိတယ်လို့ အနိမ့်ဆုံးသတ်မှတ် လိုက်ပါ"

♥ *ဝင်းငြိမ်း။**ကျွန်တော်အင်တာဗျူးသမား**၊ မတ်၊ ၁၉၉၆။*

## အယ်ဒီတာ

**ဆောင်းဝင်းလတ်**

"အယ်ဒီတာဆိုတာ လူထုနဲ့မဂ္ဂဇင်းကို ဆက်သွယ်ပေးရာမှာ ကြားခံမီဒီယာတစ်ခုပါ။ မဂ္ဂဇင်းနဲ့ အနုပညာရှင်တွေကို ဆက်သွယ်ပေးရတဲ့နေရာမှာလည်း ကြားထဲက ကြားခံမီဒီယာတစ်ခုပါပဲ။ ထုတ်ဝေသူ ငွေရှင်ကြေးရှင်တွေနဲ့ လူထုအနုပညာရှင်တွေကြားထဲက ကြားခံမီဒီယာတစ်ခုပါ"

♥ ဆောင်းဝင်းလတ်။

***ကျွန်တော်အယ်ဒီတာတဲ့၊***

*သင့်ဘဝမဂ္ဂဇင်း၊ မတ်၊ ၁၉၉၆။*

# စာပေစကား မှတ်စုများ

စာရေးဆရာအမည်
အက္ခရာစဉ်

၁။ ကိုကို။ အခုထက်တိုင်တည်ရှိနေတဲ့ ပဋိပက္ခ
၂။ ကိုယု၊ မောင်။ သရော်စာ
၃။ ကောင်း၊ ဦး၊ ကင်းဝန်မင်းကြီး၊ ပညာရှိတို့ကဲ့ရဲ့မည်ကို
၄။ ကျော်၊ ဦး၊ ရှမဝ။ အနီထဲကကြယ်ဖြူပွင့်
၅။ ကျော်ငြိမ်း၊ ဦး။ လူထုဟာ စီးပွားရေးအားဖြင့်
လွတ်လပ်ရမည်။
၆။ ကျော်အောမင်း။ သဘာဝ၏တရား
၇။ ကျော်အောင်။ ယဉ်ကျေးမှုနဲ့အသိပညာအဆင့်အတန်း
၈။ ကျန်စစ်သား။ မင်းနှင့်ပြည်သူ
၉။ ကြည်နိုင်။ လူ့တာဝန်
၁၀။ ကာတွန်းမောင်စိန်၊ လူရဲ့စိတ်ကူးဉာဏ်နှင့် ဖန်တီးထားတဲ့
အရာသာ
၁၁။ ခင်ဆွေဦး။ အချစ်
၁၂။ ခင်နှင်းယု။ အတ္ထုပ္ပတ္တိနဲ့ဝတ္ထု
၁၃။ ခင်မာလာကြာဖြူ။ ဘဝတစ်ဆစ်ချိုး ဆန်းစစ်ချက်

၁၄။ ခင်မောင်၊ ဦး၊ ပန်းချီဆရာကြီး၊ (ဘဏ်)။
ဖန်တီးမှုနဲ့ဖွံ့ဖြိုးခြင်း
၁၅။ ခင်မောင်တိုး(မိုးမိတ်)။ ဘဝရဲ့အဓိပ္ပာယ်
၁၆။ ခင်မောင်ရင်၊ဗိသုကာ။ အနုပညာရှင်ဆိုတာ
၁၇။ ခင်မျိုးချစ်။ တစ်ခုခုတော့လိုနေတာပဲ
၁၈။ ခင်မျိုးချစ်။ လောကကြီးဟာ အကျယ်ကြီးပါ
၁၉။ ခင်ဝမ်း။ ခွင့်ပြုချက်ရမှသာ
၂၀။ ခင်ဝမ်း။ ပိုက်ဆံမျက်နှာနောက် မလိုက်ဘဲ
၂၁။ ခင်အုန်းမြ၊ ဒေါ်၊ ဗိုလ်မှူး။
ကိုယ်ကျိုးစွန့် အနစ်နာခံရဲတဲ့စေတနာ
၂၂။ ချောနွယ်၊မောင်။ အနုပညာနှင့်ရိုးသားမှု
၂၃။ ခိုင်၊ဆရာ၊နေလဝိဇ္ဇာ။ ပညတ်
၂၄။ ခိုင်လတ်၊မောင်။ မိမိကိုယ်ကို ကြည်ညိုခြင်း
၂၅။ ချစ်မောင်၊ ဦး၊ ဂျာနယ်ကျော်။ ကလောင်သမား၏တာဝန်
၂၆။ ချစ်ဦးညို။ အသုံးချအမြင်နဲ့ကြည့်ရမယ်
၂၇။ ဂမ္ဘီရ်ဆရာစံ။ လူမျိုးခြားလက်အောက်
၂၈။ ဂိုအင်ကာ၊ ဆရာကြီး။ ဝိပဿနာတရား
၂၉။ ဂျူး။ လူ့မှုပတ်ဝန်းကျင်တစ်ခုကို ပြုပြင်ပြောင်းလဲဖို့
၃၀။ ငြိမ်းကျော်။ စာပေဝေဖန်ရေးအလုပ်ကို ဝိုင်းဝန်းကြပါ
၃၁။ ငွေဥဒေါင်း။ ခေတ်ပြောင်းတော်လှန်ရေးမျိုးစေ့
၃၂။ စိုးအောင်၊ဒေါက်တာ။ ကမ္ဘာငြိမ်းချမ်းရေးအတွက် အဖြေ
၃၃။ စိုင်းခမ်းလိတ်။ အတားအဆီးကို ကျော်ဖြတ်ချင်တဲ့သဘော
၃၄။ စန္ဒာ၊မ။ သည်းခံခြင်းကို နှလုံးသားနဲ့ရင်းထားတဲ့ အမေတွေ
၃၅။ စန်း၊ဒေါ်၊အင်ဒီပင်းဒင့်။ တန်းတူအခွင့်အရေး

၃၆။ စိန်ခင်မောင်ရီ။ ဘာသာပြန်တယ်ဆိုတာ
၃၇။ စိန်မေဒါ၊ရွာစားကြီး။ နှာမည်
၃၈။ စိန်ဝင်း၊မောင်(ပုတီးကုန်း)။ ကဗျာဆရာ
၃၉။ စိန်ဝင်း၊ လူထု။ ကိုယ့်အလှည့်ကျမှ
၄၀။ ဆန္ဒာမိက၊အရှင်။ စိတ်ဓာတ်ဆုတ်နစ်ခြင်း
၄၁။ ဆန်းထွန်း(မန်းတက္ကသိုလ်)။ နို့ဖုန်းစား
၄၂။ ဆောင်းဝင်းလတ်။ အယ်ဒီတာ
၄၃။ ဆန်နီ၊ဦး၊ပဲရှော။ လူငါးမျိုး
၄၄။ ဇနကာဘိဝံသ၊အရှင်။ အဖြူလမ်းမနဲ့အမည်းလမ်းမ
၄၅။ ဇဝန။ သူတို့အရေးအဖွဲ့
၄၆။ ဇေယျ။ သံချို
၄၇။ ဇေယျာမောင်။ ဘီအေ၊ဘီအက်စ်စီတွေဖြစ်ဖို့
သက်သက်မဟုတ်ဘူး
၄၈။ ဇောတိက၊ဦး၊ဆရာတော်။ လူ့အသိုက်အဝန်းကြီး
တစ်ခုလုံး ကောင်းလာဖို့
၄၉။ ဇော်ဂျီ။ ကာရန်မဲ့
၅၀။ ဇော်ဂျီ။ စာရေးကောင်းချင်ရင် စိတ်ကောင်းမွေး
၅၁။ ဇော်ဂျီ။ မဏ္ဍာဓာတ်အားကောင်းလာရင်
၅၂။ ဇော်ဇော်အောင်။ တစောင်းစေးနဲ့မျက်ချေး
၅၃။ ဇော်နောင်။ သဘောထားပြဿနာ အတွေးအခေါ်ပြဿနာ
၅၄။ ဇော်ဝင်းထွဋ်။ သီချင်းတွေက အဓိက
၅၅။ ညီပြာ၊မောင်။ နေ့စဉ်မှတ်တမ်း
၅၆။ ညီမြ၊ ယဉ်ကျေးမှုအသင်း
၅၇။ ညီသစ်။ တကယ့်အနုပညာရှင်ဆိုတာ

၅၉။ ညွှန့်ကြူး။ လူ့စာမေးပွဲရှုံးခြင်း
၆၀။ ညွှန့်ဦး၊မင်းတိုင်ပင်အမတ်။ မြန်မာလူမျိုးတွေအပေါ်
တကယ်စေတနာထားတယ်ဆိုရင်
၆၁။ တာ၊ကို။ မွေးရာပါဂုဏ်သိက္ခာ
၆၂။ တာရာမင်းဝေ။ ဘာသာစကားဆိုတာ သင်္ကေတပါ
၆၃။ တော်ဘုရားလေး(အောင်ဇေ)။
တရားတယ် မတရားဘူးဆိုတာ
၆၄။ တက်တိုး။ မေတ္တာဝါဒီ
၆၅။ တင်ဦး၊ပုဂံဝန်ထောက်မင်း။ မှုတသောအမြင်
၆၆။ တင်ဝင်း၊မ၊ဒေါက်တာ။ အတ္ထုပ္ပတ္တိစာပေ
၆၇။ တင်ဇ(ရှမ်းပြည်)။ မြန်မာပြည်မြောက်ပိုင်း
၆၈။ တင်အောင်၊ ဗန်းမော်။ ပါရမီ
၆၉။ တင်အောင်၊ဗန်းမော်။လူထုအတွက်ရေးတဲ့အခါမှာ
၇၀။ တင့်ဆန်း။ စာပေလောကနဲ့ ပတ်သက်လို့
၇၁။ တိုက်စိုး။ စေတနာကောင်း မပါခဲ့လျှင်
၇၂။ တိုက်စိုး။ မမြင်ဖူး မူး မြစ်ထင်
၇၃။ ထင်၊မောင်။ ခွဲခြမ်းစိတ်ဖြာပြီး ကြည့်တတ်တဲ့အလေ့အကျင့်
၇၄။ တင်၊မောင်။ အသိဉာဏ်ဝေငှဖို့တာဝန်
၇၅။ ထင်လင်း။ ဒီကနေ့မြန်မာဝတ္ထုများနဲ့ပတ်သက်လို့
၇၆။ ထွန်းရင်၊ဗိုအော။ လက်စွဲဆောင်ပုဒ်
၇၇။ ထွန်းသူ၊မောင်။ အနုပညာနဲ့အနုစာပေ
၇၈။ ဒဂုန်တာရာ။ ကာရန်မပါတဲ့ကဗျာ
၇၉။ ဒဂုန်တာရာ။ အကျပ်အတည်း

၈၀။ ဒုတိယကျော်အောင်စံထားဆရာတော်။ လျှံထွက်ခြင်း
သဘောတူသော်လည်း
၈၁။ ဒေါင်းနွယ်ဆွေ၊ စိုက်ချင်တာက စန္ဒကူး
၈၂။ နရသီဟပတေ့မင်း။ ဂူထွတ်နှင့်ပြမ်း
၈၃။ နုနုရည်(အင်းဝ)။ ဘယ်လိုပတ်ဝန်းကျင်လဲ
၈၄။ နုယဉ်။ တစ်မူးတန် ဝတ္ထုခေတ်
၈၅။ နေဝင်း၊ကို။ (မောင့်လပြည့်ဝန်း)၊ မုန်တိုင်းနဲ့လေပြည်
၈၆။ နေဝင်းမြင့်။ ခေတ်လူနဲ့ ခေတ်ပြဿနာ ပဋိပက္ခကွာဟမှု
၈၇။ နေသွေးနီ။ လူဖြူတစ်ယောက်
၈၈။ နော်၊ကို။ ဘယ်အစွဲပဲဖြစ်ဖြစ်
၈၉။ နိုင်ဇော်။ ဂန္ထဝင်စာပေ
၉၀။ နတ်နွယ်။ ဝတ္ထုဆိုတာ
၉၁။ နန္ဒာသိန်းဇံ။ ကြမ္မာအကြောင်း မယိုးကောင်း
၉၂။ ပါရဂူ။ ပရဟိတ ကိုက်တံ
၉၃။ ပီမိုးနင်း။ ကျသွားရင်ပြန်ကောက်ထား
၉၄။ ပီမိုးနင်း။ သူများတွေချမ်းသာဖို့
၉၅။ ပေါ်ဦးသက်။ ဘာကြောင့် ခေတ်ပြိုင်ပန်းချီ
၉၆။ ပိုင်စိုးဝေ။ ကဗျာနဲ့ကဗျာဆရာ
၉၇။ ပုတ်ဦး၊ညောင်ကန်ဆရာတော်။ ဘုရားသားနဲ့
မင်းသား
၉၈။ ပြေ(ဆေး-၂)။ တလွဲအတွေး
၉၉။ ဖေမောင်တင်၊ဦး။ ခေတ်စမ်း
၁၀၀။ ဖေမောင်တင်၊ဦး။ ယောကျ်ားတို့ဖတ်ရိုက်ပြီးအလှပြင်တာလို
၁၀၁။ ဖေမြင့်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား

၀၂။ ဖေသိန်းဦး၊(ကာတွန်း)။ ရှေ့ကကာတွန်းဆရာကြီးတွေက

၀၃။ ဖိုးပါကြီး၊ အကယ်ဒမီ၊ ဝဏ္ဏကျော်ထင်။ လူရွှင်တော်ဘဝ

၀၄။ ဖြူးမောင်၊ဒေါက်တာ။ အမိမဲ့သား ရေနည်းငါးလို

၀၅။ ဗမိုး။ အသစ်တွေဖြစ်ထွန်းနေတာ

၀၆။ ဘဆွေ၊ရန်ကုန်။ အကြိုက်ရင့်လာခြင်း

၀၇။ ဘဉာဏ်ဦး၊ပန်းချီကျော်။ စိတ်မြင်ဉာဏ်မြင်ရေးဆွဲခြင်း

၀၈။ ဘဘော၊ဘကြီး။ လွတ်လပ်ရေး

၀၉။ ဘလွင်ဦး၊မြို့မ။ အမျိုးသားစိတ် မျိုးချစ်စိတ်

၁၀။ ဘသက်ဦး၊ပန်းချီဆရာကြီး။ ဖန်တီးနိုင်တဲ့ဉာဏ်

၁၁။ ဘသောင်း၊သခင်။ တို့ဗမာစာတမ်း

၁၂။ ဘသောင်း၊သခင်။ မိတ်ဆွေကောင်း

၁၃။ ဘဟိန်း၊သခင်။ လှပတဲ့တေးဂီတ

၁၄။ ဘုရင့်နောင်။ စစ်တို့၏သဘော

၁၅။ ဘိုးတော်ဦးဗိုင်း။ ဆင်းရဲသားများ ထမင်းဝဝ စားနိုင်မှ

၁၆။ ဘိုးလှကြီး၊သခင်၊အာဠာဝက။ တပ်ပေါင်းစု

၁၇။ ဘုန်းနိုင်၊တက္ကသိုလ်။ ကဗျာဆန်ခြင်းနှင့် ကဗျာမှုပြုခြင်း

၁၈။ မမလေး၊ဂျာနယ်ကျော်။ စာနာစိတ်ထဲဝင်ပြီးရေးတာ

၁၉။ မဟာဆွေ။ အာဇာနည်ဆိုတာဘာလဲ

၂၀။ မိုးငြိမ်း၊ဓ။ လူအများစုရဲ့ ရင်ခုန်သံ

၂၁။ မိုးမိုး(အင်းလျား)။ အဓိပ္ပာယ်ရှိရှိ အကျိုးရှိရှိရပ်တည်ဖို့

၂၂။ မိုးဝေ။ စုံထောက်စာပေ

၂၃။ မင်းရဲကျော်စွာ။ သူ့ကျွန်

၂၄။ မင်းသုဝဏ်။ ကဗျာနဲ့စိန်

၂၅။ မောင်ဒီ။ ပုဂံ (သို့မဟုတ်) နတ်ပြည်ဟောင်းကြီး

၁၂၆။ မောင်ဝသိပ္ပံ။ မြန်မာစာပေကြီးပွားတိုးတက်ရေး
၁၂၇။ မျိုးမင်းဦး၊ ပါမောက္ခ(နွယ်စိုး)။ မြန်မာ့ယဉ်ကျေးမှု
၁၂၈။ မြသန်းတင့်။ ပွင့်ပွင့်လင်းလင်းပဲပြောမယ်
၁၂၉။ မြသန်းတင့်။ လူသားအားလုံးကို ကိုယ်စားပြုတဲ့ရုပ်တု
၁၃၀။ မြသန်းတင့်။ သုခမြို့တော်ထဲက စိတ်သတ္တိ
၁၃၁။ မြေရှစ်သူ။ ဟင်းလင်းပြင်နှင့် အဆွဲခံဝတ္ထုတို့၏ အညမဉ
၁၃၂။ မြို့မငြိမ်း။ မုန်လာဥစိမ်းကိန်း
၁၃၃။ မြင့်မြင့်ခင်၊ ဒေါက်တာ။ နောင်တ
၁၃၄။ မြင့်မြတ်၊ မောင်။ စာတည်းတစ်ယောက်
၁၃၅။ မှိုင်း၊ သခင်ကိုယ်တော်။ ကမ္ဘာကြီးငြိမ်းချမ်းစေချင်တဲ့ဆ
၁၃၆။ ယမ်ဦး၊ ပိဋကတ်တော်အုပ်မင်း။ ရာထူး ဂုဏ်ထူးထက်ပိုသေ
၁၃၇။ ရာဇင်၊ ဦး၊ ဆရာကြီး။ ကျွန်တော့်ကျောင်းရဲ့ ဆောင်ပုဒ်
အတိုင်း
၁၃၈။ ရိုးကွန့်၊ ကို။ စင်ပေါ်တက် လူလုံးပြနေမှတော့
၁၃၉။ ရွှေကိုင်းသား(ဦးသောဘိတ)။ အားနာတဲ့စိတ်
၁၄၀။ ရွှေဥဒေါင်း။ ယုံကြည်ချက်နဲ့ပတ်သက်နေပြီဆိုရင်
၁၄၁။ ရွှေအောင်၊ ဦး။ မင်္ဂလိဂေါသာလ၏ဝါဒ
၁၄၂။ လေးဖြူ။ ရှန်းကန်ခဲ့ရတဲ့အပိုင်းနဲ့ပတ်သက်လို့
၁၄၃။ လင်းယုန်သစ်လွင်။ အင်္ဂလိပ်စာကောင်းကောင်းတတ်ရ
၁၄၄။ လယ်တီဆရာတော်။ လူပြိန်းများနားလည်ကြတယ်
၁၄၅။ လှ၊ ဦး၊ လူထု။ ရပ်တည်ချက်
၁၄၆။ လှ၊ ဦး၊ လူထု။ လူထုဂျာနယ်
၁၄၇။ လှသမိန်။ ရသမြောက်ခြင်း
၁၄၈။ လှအောင်၊ အထောက်တော်။ ဘာသာပြန်ရတဲ့အကြောင်

၁၄၉။ ဝိစိတ္တသာရာဘိဝံသဦး၊(မင်းကွန်းတိပိဋက ဆရာတော်ကြီး)
ဂါရဝေါစ နိဝါတောစ

၁၅၀။ ဝင်းငြိမ်း။ အင်တာဗျူးသမား

၁၅၁။ ဝဏ္ဏ၊မောင်၊ဒါရိုက်တာ။ ခေတ်ပေါ်ဝတ္ထု

၁၅၂။ ဝတ္ထုဖတ်ပရိသတ်တစ်ဦး။ သိုင်းဝတ္ထု

၁၅၃။ ဝင်းထွဋ်ဇော်။ သွေးချောင်းစီးတိုက်ပွဲများဆီသို့

၁၅၄။ ဝင်းဖေမြင့်။ အနုပညာစစ်နဲ့ အနုပညာသစ်

၁၅၅။ ဝန်ဇင်းမင်းရာဇာ။ လက်ရုံးနှင့်ပညာ

၁၅၆။ ဝန်ဇင်းမင်းရာဇာ၊စည်းတပစ်(စန္ဒပဇ္ဇောတ)။
မြစ်ရေအညာအထက်မဆန်ရသလို

၁၅၇။ သာချို၊မောင်။ အဝါရောင်များခေတ်

၁၅၈။ သာခု။ လွတ်လွတ်လပ်လပ်လုပ်စေချင်တဲ့ဆန္ဒ

၁၅၉။ သာနိုး၊မောင်။ ဝါဒတရားကိုယ်ကိုက မမှန်ဘူး

၁၆၀။ သုခ။ အမေစားရသော ထမင်းတစ်နပ်

၁၆၁။ သုတ၊မောင်။ မွေးစားစကားလုံးများ

၁၆၂။ သုမောင်။ တစ်ကမ္ဘာလုံးအကြောင်း ရေးတာပဲ

၁၆၃။ သော်ကောင်း၊ဦး။ စာကြည့်တိုက်လုပ်ငန်း

၁၆၄။ သော်တာဆွေ။ ရှက်တယ်ဆိုတာ

၁၆၅။ သံမှို၊ဦး၊အကြီးတော်မင်း။ ထမင်းဆိုတာ ခွေးတောင်မငတ်ဘူး

၁၆၆။ သက်ထွန်း၊ဦး၊အငြိမ်းစားသံအမတ်ကြီး။ အယူအဆတွေ
ပြောင်းလဲလာတယ်

၁၆၇။ သင်းနိုင်၊မောင်။ ခေတ်ပေါ်ကဗျာ

၁၆၈။ သောင်းထိုက်။ အမှန်တရားမြတ်နိုးသူ

၁၆၉။ သစ်၊မောင်။ ပင်တိုင်ဆောင်းပါးရှင်ဘဝ

၁၇၀။ သစ်ဆင်း၊မောင်။ ကြောက်စိတ်
၁၇၁။ သန်းတိုးအောင်။ အားကစားသမားစိတ်ဓာတ်
၁၇၂။ သန်းထွန်း၊ဒေါက်တာ။ ကုန်ကြမ်းညံ့ရင်ကုန်ချောညံ့မယ်
၁၇၃။ သန်းထွန်း၊ဒေါက်တာ။ သုတေသနရဲ့ လုပ်ထုံးလုပ်နည်း
၁၇၄။ သန်းမောင်ဦး၊သူရိယ။ လက်ဝဲအစွန်းမှ လက်ယာအစွန်းသို့
၁၇၅။ သိန်း၊ဆရာ၊မော်ဘီ။ ရာဇဝင်လေးချိုး
၁၇၆။ သိန်းဆိုင်၊မောင်။ အနုအရင့်
၁၇၇။ သိန်းဖေမြင့်။ ပညာဖြင့်တန်ခိုးဩဇာကြီးသူ
၁၇၈။ သိန်းဖေမြင့်။ စာပေသစ်ရာမှာလဲ
၁၇၉။ သိန်းဖေမြင့်။ သဘာဝမှန်ကန်တဲ့လုပ်ငန်း
၁၈၀။ သိန်းနိုင်၊မောင်။ လူထုပုံစံပီသတဲ့ စကားပြေတွေနဲ့
၁၈၁။ အမာ၊ဒေါ်၊လူထု။ အမျိုးသားသဘင်ရဲ့အဆင့်အတန်း
၁၈၂။ အိုနီးတိုးရှ၊ပါမောက္ခ(ဂျပန်ပြည်)။ လူမျိုးရဲ့သမိုင်း
၁၈၃။ အောင်ကြီး၊သခင်၊(ပေါင်းတည်)။ ကျွန်ခေတ်နဲ့ မျိုးချစ်စိတ်
၁၈၄။ အောင်ကြီးဦး၊အဝေးရောက်မင်း။ အဝေးရောက်မင်း
၁၈၅။ အောင်ချိမ့်။ ခေတ်ပေါ်ကဗျာနဲ့ ခေတ်ပေါ်ကဗျာဆရာ
၁၈၆။ အောင်စိုး၊ဗဂျီ။ ရှေးအစဉ်အလာကို မပျောက်ဘဲ
ခေတ်နဲ့လျော်အောင် ကြံဖန်ဖို့
၁၈၇။ အောင်ဆန်း၊ဗိုလ်ချုပ်။ မကြောက်ဘူး
၁၈၈။ အောင်ဆန်း၊ဗိုလ်ချုပ်။ အနုပညာ
၁၈၉။ အောင်ဆန်း၊ဗိုလ်ချုပ်။ အရေးကြီးဆုံးနှစ်ခု
၁၉၀။ ဦးဖုန်ကြားရှင်၊ ကြက်ဥစားဖို့ ကြက်မငှားရပါတယ်
၁၉၁။ အောင်သင်း။ စိန်ခေါ်တာကို လက်ခံနိုင်တဲ့သတ္တိ
၁၉၂။ ဥတ္တမဦး၊ဆရာတော်။ လူ့စိတ်

၁၉၃။ ဥက္ကာမသာရဦး။ စိတ်ရင်းစေတနာ
၁၉၄။ အုန်းမေ၊အမ်အေ။ အမျိုးသားရေးတာဝန်
၁၉၅။ လူထုဒေါ်အမာ၊ အပြောကိုရေးတဲ့စာ
၁၉၆။ အုန်းလွင်၊ဦး၊ပန်းချီ။ ဝတ္ထုသရုပ်ဖော်တဲ့သဘော
၁၉၇။ အုန်းမောင်၊ဦး၊လေထီး။ ဝင်အောင်စားကြည့်
၁၉၈။ အုန်းမောင်၊ဦး၊လန်ဒန်အတ်။ မြန်မာ့အစွမ်းပြချင်လို့